


# မိုးကျော်သူ

## ကျောက်စိမ်းခွဲပြား

စာမူ ကြိုတင် ပုံနှိပ်ခွင့် အမှတ် ၅၆၇/၉၂(၉)
မျက်နှာဖုံးကြိုတင်ပုံနှိပ်ခွင့်အမှတ် ၆၇၁/၉၂(၁၀)

ပထမအကြိမ်
၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ
အုပ်ရေ [၄၀၀]
တန်ဖိုး ၄၅/-

ထုတ်ဝေသူ ဦးကျော်ကျော်စိုး(မြ ၀၁၄၃၈)
စိမ်းစိမ်းရည်နွယ်စာပေ
၅၇၊ ခြံ ၅၊ ရွှေနံ့သာရပ်ကွက်
ဗဟန်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ဒေါ်စမ်းစမ်းကြည်(မြ ၀၃၇၇၇)
ဂျစ်တူးမပုံနှိပ်တိုက်
၂၀၈၊ ဦးဝိစာရလမ်း၊
ဗဟန်း၊ ရန်ကုန်။

မျက်နှာဖုံးရိုက် ဦးကျော်မိုးစိန်(မြ၀၃၁၃၇)
အောင်သာပုံနှိပ်တိုက်
၁၇၂၊ ၃၁ လမ်း၊
ရန်ကုန်။

# မိုးကျော်သူ

# 'ကျောက်စိမ်းဆွဲပြား'

( ပထမပိုင်း )

[illegible]

[illegible]တာဝန် အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး.... (ဒို့အရေး)

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး.... (ဒို့အရေး)

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး.... (ဒို့အရေး)

စည်းကမ်းလိုက်နာ ဘေးကင်းကွာ။
စည်းကမ်းရှိမှ တိုးတက်မည်။
စည်းကမ်းကိုက်ညီ ဘေးကင်းမည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်

လွင်စာပေ
အမှတ် ၁၅/၁၃၈၊ [illegible]
[illegible]
[illegible]

စေတနာ

၁ ည....

မိုးအကုန် ဆောင်းရာသီကူးသော ည...

မှောင်အတိကျနေသည်။

ရှည်လျားလှသော လမ်းကြားထဲ၌ ဆီမီးအိမ်တစ်လုံးထွန်း ရှိသည်။

ဟောင်းနွမ်းသော အဖြူရောင်မီးဆောင်းမှာ မီးခိုးရောင် သမ်းနေ၏။

ထိုဆီမီးအိမ်သည် ကျဉ်းမြောင်းသော တံခါးပေါက်၏ အပေါ်တန်းတွင် ချိတ်ထားသည်။

ဆိမ်းအိမ်အောက်တွင် ဝေလငါးရုပ်တစ်ခု ချိတ်ဆွဲထားလေသည်။

ဝေလငါးရုပ်သည် ရေထဲတွင် ယိမ်းနွဲ့နေ၏။

လေပြည်ကလေးက သက်ပြင်းချနေသကဲ့သို့ ရှိနေ၏။

လောကပေါ်၌ များပြားလှသောလူများ၏ အဘယ့်ကြောင့် ဝေလငါးဗိုက်ထဲသို့ ဝင်သွားကြသည်ကို သက်ပြင်းချနေဟန်ဖြစ်သည်။

ဖန်းရှိဝေသည် စိုထိုင်းပြီး မှောင်မည်းနေသော လမ်းကြားမှ မီးရောင်ထိန်ထိန်လင်းနေသော ဝေလငါး စားသောက်ဆိုင်အိမ်ထဲသို့ ဝင်ရောက်လာသည်။

ငွေရောင်ဝတ်ရုံကို ချွတ်လိုက်သောအခါ သူ၏ အံဖိုးတန်လှပြီး ကိုယ်ခန္ဓာနှင့် အချိုးကျစွာဝတ်ဆင်ထားသော အင်္ကျီမှာ ပေါ်လွင်လာလေသည်။

နေ့စဉ်နေ့တိုင်း ယခုအချိန်သည် သူ၏ စိတ်အပျော်ရွှင်ဆုံးသော အချိန်ဖြစ်သည်။

အထူးသဖြင့် ကနေ့တာ ပိုသည်။

အကြောင်းမှာ လူရှောင်ဖုန်းက သူ့အနားတွင် ရှိနေခြင်းဖြစ်သည်။

လုရှောင်ဖုန်းသည် သူ၏အနှစ်သက်ဆုံး၊ အကြည်ညိုဆုံးသော မိတ်ဆွေတစ်ယောက်ဖြစ်သည်။

လုရှောင်ဖုန်းတလည်း ပျော်ရွှင်နေပါသည်။ အကြောင်းမှာ သူကိုယ်တိုင်က လုရှောင်ဖုန်း ဖြစ်နေသောကြောင့် ဖြစ်သည်။



ထည်ဝါခန့်ညားစွာ မွမ်းမံထားသော ခန်းမတွင် နွေးထွေးမှုနှင့် ပျော်ရွှင်မှုများ ပြည့်လျက်....

အရက်၏ သင်းပျံ့သောအနံ့နှင့် အထက်တန်း ပေါင်ဒါ ရေမွှေးနံ့များက လေထဲ၌ လွင့်ပျံ့နေ၏။

ငွေခြူးများ အချင်းချင်း ထိခတ်၍ ထွက်ပေါ်လာသော နားပျော်ဖွယ်ရာအသံများသည် လောကပေါ်၌ မည်သည့်ဂီတသံမှ လိုက်၍မမီပါ။

သူ့အလည်း ထိုအသံကို နှစ်သက်သည်။

ဝေလငါး လောင်းကစားအိမ်သည် လူများအပေါ် ဗိုလ်ခံစေသော နေရာတစ်ခုဖြစ်သည်။

လောင်းကစားအိမ်တွင် ပုံစံအမျိုးမျိုး၊ နည်းအမျိုးမျိုးဖြင့် ဗိုလ်ခံနိုင်သည်။

အထူးသဖြင့် လောင်းကစားဖြစ်သည်။

ဤနေရာသို့ ရောက်ရှိလာသော လူတိုင်းမှာ လောင်းကစားကြသည်။

သူတို့သည် မိမိနှစ်သက်ရာ လောင်းကစားပွဲတွင် အာရုံစူးစိုက်ကြလေသည်။

သို့သော် လုရှောင်ဖုန်းနှင့် ဖန်းရှိဝေတို့ ဖြတ်လျှောက်သွားသောအခါ သူတို့က ခေါင်းမော့ကြည့်ကြသည်။

'ကိုယ့်ကိုကိုယ် အထင်ကြီးနေပုံရတဲ့ လူငယ်နှစ်ယောက်က ဘယ်သူလဲ'

လူအုပ်ထဲမှ အချင်းချင်းမေးမြန်းသောအသံများ ထွက်ပေါ်လာသည်။

'ပိုးပွဲအဝတ်အစားဝတ်ထားတဲ့လူငယ်က ဝေလေါ်မဆောင်း အစားအိမ်ပိုင်ရှင်ရဲ့ ယောက္ခမပေါ့'

စကားပြောသူမှာ ပိန်ပိန်ပါးပါး လူရွယ်တစ်ယောက် ဖြစ်လေသည်။

'သူက မုတ်ဆိတ်ပြာမိန်းမရဲ့ မောင်လို့ ပြောနေတာလား'

'ဟုတ်တယ်၊ မောင်ဝမ်းကွဲ'။

'သူက ငွေ့ရှောင်ရှိဖန်းဝေ ဟုတ်လား'

'ဟုတ်တယ်'

'သူက ငွေကို ရေလိုဖြုန်းတဲ့ သူဌေးသားလို့ ကြားတယ်၊ အရက်သောက်တယ်၊ မိန်းမလိုက်စားတယ်၊ လောင်းကစားတယ်၊ နောက်ပြီး ကိုယ်ဖော့ပညာ သိပ်တော်တယ်ဆိုပဲ'

'ဟုတ်တယ်၊ ဒါကြောင့် တချို့က မိန်းမခိုးတဲ့သူခိုးလို့ ခေါ်ကြတယ်'

'အမှန်ပြောရမယ်ဆိုရင် သူက လိုချင်တဲ့မိန်းမကို လက်သန်းအလေးနဲ့ချိတ်လိုက်ရင် ရနိုင်တယ်၊ ခိုးစရာမလိုပါဘူးကွာ'

'ဒါနဲ့ သူ့အစ်မ ဖန်းရှိရှမ်းဆိုတာလဲ အလှမယ်တစ်ယောက်လို့ ပြောသံကြားတယ်'

'ဖန်းရှိရှမ်းကို လှပါတယ်ဆိုတဲ့ တင်စားတာနဲ့ မလုံလောက်သေးပါဘူး'

'ငါထင်တာ မမှားဘူးဆိုရင် အဲဒီလူငယ်ဟာ လုရှောင်ဖုန်း ဖြစ်ရမယ်'



'လုရှောင်ဖုန်း'

တစ်ယောက်က လွတ်ခနဲ ပြောလိုက်သည်နှင့် ကျန်ရှိသော လူများ၏ မျက်လုံးများသည် လုရှောင်ဖုန်း၏ ကိုယ်ပေါ်သို့ ရောက်ရှိသွားကြလေသည်။

သို့သော် တစ်ယောက်သောသူက လုံးဝမကြည့်ပါ။

ထိုလူမှာ အမျိုးသမီးတစ်ယောက်ဖြစ်သည်။

သူမသည် ပေါ့ပါးသော ပန်းသီးစိမ်းရောင် ပိုးအင်္ကျီနှင့် ခေါက်တစ်ရာ ဂါဝန်ရှည် ဝတ်ဆင်ထားသည်။

ပေါ့ပါးပြီး ပိုးဖြင့် ချုပ်လုပ်ထားသော အင်္ကျီနှင့် ဂါဝန် ဝတ်ဆင်ထားသောကြောင့် သူမ နုဂိုရှိ ခန္ဓာကိုယ်၏အချိုးအဆစ်များကို ရှုမငြီးအောင် ပေါ်လွင်စေလေသည်။

သူမ၏ အသားအရည်မှာ ဖြူဖွေးနုပြီး ချောမွတ်သည်။ ရေခဲတုံးသို့ ကြည်လင်သည်ဟု ထင်ရလေသည်။

သူမ၏ လှပသော မျက်နှာပေါ်တွင် ပေါင်ဒါ မလိမ်းပါ။ သူမ၏ ရှိန်းလက်တောက်ပသော မျက်ဝန်းအစုံသည် မိန်းကလေး တစ်ယောက်၏ အလှပဆုံး မွမ်းမံခြင်း ဖြစ်သည်။

သူမသည် လုရှောင်ဖုန်းအား မျက်လုံးထောင့်ဖြင့်ပင် မကြည့်ပါ။ လုရှောင်ဖုန်းမှာမူ သူမအား အာရုံစူးစိုက်စွာ ကြည့်နေ၏။

ဖန်းရှိဝေက ရယ်မိသည်။

'ဒီဆိုင်ထဲမှာ မိန်းမလှတွေ အနည်းဆုံး ရှစ်ယောက် ရှိတယ်၊ ခင်ဗျားက သူ့တစ်ယောက်တည်းကိုပဲ ဘာကြောင့် စိတ်ဝင်စားတာလဲ'

လူရှောင်ဖုန်းက....

'သူက ငါ့ကို လှည့်မကြည့်လို့'

ဖန်းရှိဝေက ရယ်မောလိုက်သည်။

'ဘာလဲ....မိန်းမ အားလုံးက ခင်ဗျားရှေ့မှာ ဒူးထောက်ပြီး ခင်ဗျားရဲ့ ခြေထောက်ကို နမ်းစေချင်လို့လား'

လူရှောင်ဖုန်းက သက်ပြင်း တစ်ချက် ချလိုက်သည်။

'အနည်းဆုံးကတော့ သူက ငါ့ကို တစ်ချက်တော့ ကြည့်သင့်တာပေါ့၊ ငါလဲ ဒါလောက် အကျည်းမတန်သေးပါဘူး'

ဖန်းရှိဝေ က....

'သူ့ကို ကြည့်ချင်ကြည့်ပါ၊ ဒါပေမယ့် သူနဲ့ ဝေးဝေးနေတာ ကောင်းတယ်'

လူရှောင်ဖုန်းက....

'ဘာဖြစ်လို့လဲ'

ဖန်းရှိဝေက အသံတိုးတိုးဖြင့်....

'ဒီအမျိုးသမီးက ရေခဲတောင်က၊ သွားကပ်မိရင် တစ်ကိုယ်လုံး သွေးခဲသွားနိုင်တယ်'

လူရှောင်ဖုန်းက ရယ်မောမိလေသည်။

သူသည် ရယ်မောရင်း ရေခဲတောင်ရှိရာသို့ လျှောက်သွားလေသည်။

ရေခဲတောင်က အလွန်မွှေးကြိုင်သည်။

ပေါင်ဒါရေမွှေးအနံ့ မဟုတ်ပါ။ အရက်၏ သင်းသင်းပျံ့ပျံ့အနံ့လည်း မဟုတ်ပါ။

အချိုသောမိန်းမတို့သည် ပန်းကလေးနှင့်တူသည်။



လှပရုံမကဘဲ မွှေးကြိုင်သောအနံ့ ရှိတတ်ပေသည်။

ဤရေခဲတောင်နှင့်တူသော အမျိုးသမီးသည် ဖော်ပြပါ မိန်းမမျိုးဖြစ်သည်။

လူရှောင်ဖုန်းမှာ ပျားပိတုန်းတစ်ကောင်နှင့် တူနေ၏။

မွှေးကြိုင်သောအနံ့ကို ရှူရှိုက်မိသည်နှင့် ပန်းကလေးထံသို့ ပျံသွားချင်သည်။

သူသည် သူမ၏နောက်သို့ ရောက်သွားသည်နှင့် ခြေလှမ်းရပ်လိုက်လေသည်။

ရေခဲတောင်က လှည့်မကြည့်ပါ။

သူမ၏လက်ထဲတွင် လောင်းကစားရန် ကူပွန်များ ကိုင်ထားသည်။

မည်သည့်နေရာကို လောင်းရမည်ကို ချင့်ချိန်စဉ်းစားနေ၏။ ဒိုင်က ခွက်ကို လှုပ်ခါနေ၏။

'ထိုင်ကြပါ၊ ဖွင့်တော့မယ်'

ရေခဲတောင်က စဉ်းစားနေတုန်းပင်။

လူရှောင်ဖုန်းက သူမနားသို့ကပ်၍ အသံတိုးတိုးဖြင့်....

'ဒီတစ်ကြိမ် နံပါတ်ငယ်ကို ထိုးသင့်တယ်'

သူမက လက်ထဲမှကူပွန်များကို ချလိုက်လေသည်။

သို့သော် သူမက နံပါတ်ကြီးနေရာတွင် ထိုးလိုက်ခြင်း ဖြစ်လေသည်။

'သွားလိုး လက်ရှောင်

ဗိုလ်က ခွက်ကိုလှုပ်ခါပြီး ချလိုက်သည်။

'ကဲ-ဖွင့်မယ်'

သူက အဖုံးကိုလှန်လိုက်သည်။

နံပါတ်ခုနစ်ဖြစ်သည်။

သူက အော်လိုက်သည်။

'နံပါတ်ခုနစ် အကြီးကိုစား၊ အငယ်တိုးတာကိုလျော်ပါ'

ရေခဲတောင်၏မျက်နှာ ပို၍ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

လုရှောင်ဖုန်းအား လှည့်၍ မခကျေမနပ်ဖြင့် ကြည့်သည်။

ထို့နောက် ချာခနဲလှည့်၍ ထွက်သွားလေသည်။

လုရှောင်ဖုန်းက ခေါ်ပြုံး ပြုံးလိုက်ရလေသည်။

အချို့ အမျိုးသမီး၏ခေါင်းထဲ၌ ဘော်လှန်မသာစိတ်ခတ် ရှိတတ်သည်။

သေထူးသဖြင့် ယောကျ်ားပြောသမျှကို ဆန့်ကျင်တတ်သည်။

ဤအမျိုးသမီးသည် ဤကဲ့သို့ စိတ်ဓာတ် ရှိသည်ဟု လုရှောင်ဖုန်းက မစဉ်းစားမိခဲ့ပါ။

ထိုစဉ် ရေခဲတောင်သည် လူအုပ်ကြားမှဖြတ်၍ အပြင်သို့ လျှောက်သွားသည်။

သူမ၏ လမ်းလျှောက်ပုံမှာလည်း စွဲမက်ဖွယ်ရာ ကောင်းလှ၏။



ဤကဲ့သို့ အရည်အသွေးရှိသော အမျိုးသမီးသည် မိန်းမ တစ်သိန်းထဲမှ တစ်ယောက်ရှား၍ တွေ့မည်ဖြစ်ပေ၏။

အဆယ်၍ အခွင့်အရေးလွတ်သွားလျှင် ကြီးကြီးကျယ်ကျယ် နောင်တရမည် ဖြစ်သည်။

လုရှောင်ဖုန်းက ဤကဲ့သို့ ကိုယ့်ကိုကိုယ် သတိပေးမိသည်။

သူသည် မိမိ၏ တိုက်တွန်းပြောဆိုမှုကို အမြဲတစေ လက်ခံ သော လူတစ်ယောက်ဖြစ်သည်။

သို့ကြောင့် သူက ချက်ချင်းပင် သူမနောက်သို့ လိုက်သွား သည်။

ဖန်းရှိဝေက ဖြည်းဖြည်းလေး လိုက်သွားသည်။

'ခင်ဗျားက ရေခဲတောင်ကို တကယ်တက်မလို့လား'

လုရှောင်ဖုန်းက....

'သွားခဲ့ရင်ခဲ့ပါစေ'

ဖန်းရှိဝေ ကဲ သူ၏ပခုံးအား ပုတ်လိုက်သည်။

'ခင်ဗျား သတိထားပါ၊ ရေခဲတောင်က သိပ်ချောတယ်၊ ပြုတ်ကျလာရင် သက်သာမှာမဟုတ်ဘူး'

လုရှောင်ဖုန်းက....

'မင်း ဘယ်နှစ်ခါပြုတ်ကျဖူးလို့လဲ'

ဖန်းရှိဝေက ပြုံးပြလိုက်သည်။

မချိသောအပြုံး ဖြစ်လေသည်။

လှရွှေခင်ဖုန်းက တံခါးပေါက်မှ လှမ်းထွက်သွားသည်ကို ကြည့်ရင်း သက်ပြင်းတစ်ချက် ချလိုက်လေသည်။

'ရေခဲတောင်အပြုတ်ကျရင် တစကြိမ်တည်းနဲ့ အရိုးအသား ချေလို့ တွေ့မှာ မဟုတ်ဘဲ၊ နောက်ထပ်တစ်ကြိမ် ပြုတ်ကျဖို့ဆိုတာ ဘယ်ရှိနိုင်တော့မှာလဲ'

....o....

မှောင်မည်းသောလမ်းကြားလေးမှာ မှောင်မည်းလျက်....

ညဉ့်နက်လှပြီ ဖြစ်သည်။

မြင်းလှည်းများ၊ မြင်းများသည် လမ်းကြားထိပ်၌သာ ရပ်ထားရသည်။

မည်သူမဆို ဝေလဝါး လောင်းကစားအိမ်သို့ သွားလိုလျှင် ထိုမှောင်မည်းသော ကြားလမ်းကလေးကို လျှောက်ကြရသည် ဖြစ်သည်။



ထို့ကြောင့်လည်း ဝေလဝါး လောင်းကစားအိမ်သည် ပို၍ လျှို့ဝှက်သည်ဟု ထင်ရလေသည်။

လျှို့ဝှက်ခြင်း၊ စိတ်ခြောက်ခြားစေခြင်း စသည်တို့သည် လူသားများအား ဆွဲဆောင်နိုင်သည် မဟုတ်ပါလော။

....၂....

ညဉ့်၏အမှောင်သည် ဝိုးတဝါးဖြစ်စေသည်။

မီးရောင်သည် ပို၍တွေဝေစေလေသည်။

ရေခဲတောင်သည် ရှေ့တွင် လျှောက်နေ၏။

သူမ၏ကိုယ်ပေါ်တွင် အစိမ်းရောင် ဝတ်ရုံတစ်ထည် ပါလာသည်။

"လှရွှေခင်ဖုန်းက နောက်မှလိုက်နေ၏။

အစိမ်းရောင်ဝတ်ရုံသည် ဝါကျင့်ကျင့် မီးရောင်အောက်တွင် ရွှေ့လျားနေ၏။

လုရှောင်ဖုန်းသည် ဘိန်ဘိုကိုဘ်ခုဖ် သူ ပိုးသာ ကားစား ယဉ် တစ်ယောက်နှင့် တူသွားသည်။

မမှောင်သည်းနေသော လမ်းကြားတွင် လူသူ တစ်စုံ တစ်ယောက်မျှ မတွေ့ရပါ။

လမ်းကြားကာလအားလုံး ရှည်လျားလှပေသည်။

ရေခဲတောင်က ရုတ်တရက် နောက်ပြန် လှည့်ကြည့်လိုက် သည်။

လုရှောင်ဖုန်းအား ကြည့်နေသော မျက်ဝန်းအစုံသည် ကြယ် အလားတောက်ပင် အေးစိမ့်နေ၏။

လုရှောင်ဖုန်းက ခြေလှမ်းရပ်လိုက်ရသည်။

သူမအား ကြည့်ရင်း ပြုံးပြလိုက်သည်။

ရေခဲတောင်က ရုတ်တရက် မေးလိုက်သည်။

'ရှင် ကျွန်မနောက်ကို ဘာကိစ္စနဲ့ လိုက်နေရတာလဲ'

လုရှောင်ဖုန်းက....

'ကျုပ်ကြောင့် ခင်ဗျား ငွေရှုံးသွားတာ စိတ်မကောင်းဖြစ် လို့ပါ၊ ဒါကြောင့်....'

ရေခဲတောင်က ကြားဖြတ်လိုက်သည်။

'ဒါကြောင့် ရှင်က လျော်ပေးချင်လို့ ဟုတ်သလား'

လုရှောင်ဖုန်းက ချက်ချင်း ခေါင်းညိတ်လိုက်သည်။

ရေခဲတောင်က....

'ရှင်က ဘယ်လို လျော်ပေးချင်လို့လဲ'



လုရှောင်ဖုန်းက....

'ဗိုလ်မှူးဈေးထဲမှာ ညလုံးပေါက် ဖွင့်ထားတဲ့ စားသောက်ဆိုင် တစ်ဆိုင် ရှိတယ်ဆိုတာ ကျုပ် သိတယ်၊ ဟင်းလက်ရာ တော်တော် ကောင်းတယ်၊ ခင်ဗျားလဲ ဗိုက်ဆာနေရောပေါ့ ဘယ့်နှယ်လဲ'

ရေခဲတောင်က....

'ဘာမှ မပြောနဲ့၊ ကျွန်မမှာ ပိုပြီး ကောင်းတဲ့ အကြံတစ်ခု ရှိပါတယ်'

လုရှောင်ဖုန်းက....

'ပြောပါ'

ရေခဲတောင်က ရယ်မောလိုက်သည်။

'ရှင်လာခဲ့ပါ၊ ကျွန်မ ပြောပြမယ်'

လုရှောင်ဖုန်းက သူမ အနီးသို့ လျှောက်လာခဲ့သည်။

သူသည် ရေခဲတောင် အရည်ပျော်သွားသည်ဟု မမျှော်လင့် ခဲ့ပါ။ ပို၍ မမျှော်လင့်သည့် အကြောင်းမှာ သူ၏ ဘယ်ဘက် ပါးပြင်ပေါ်တွင် သူမ၏ လက်ဝါး ရိုက်လိုက်ခြင်း ခံလိုက်ရ သည်။

ရေခဲတောင်၏ လှုပ်ရှားမှုမှာ လျင်မြန်ရုံမက ပြင်းထန်လှ သည်။ တစ်ဆက်တည်း ညာဘက်ပါးပြင်ကိုလည်း ရိုက်ခံလိုက်ရ ပြန်သည်။

လုရှောင်ဖုန်းက ရှောင်တိမ်းခြင်း မပြုမိပါ။ သူမက ဤကဲ့သို့ ပါးရိုက်လိမ့်မည်ဟု မမျှော်လင့်ပါ။

သူသည် ပါးနှစ်ချက် အရိုက်ခံလိုက်ရသဖြင့် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ရေခဲတောင်က မြူးလျက် မဲ့ပြုံးပြုံးနေခြင်း ဖြစ်သည်။

ရေခဲတောင်ထက်ပင် အေးသော အပြုံး ဖြစ်သည်။

'ရှင်လို ယောကျ်ားမျိုး ကျွန်မ ကြုံခဲ့တာ များပြီ၊ ထင်ဖောင် လိုပဲ ကျွန်မက မုန်းတယ်၊ မြင်တာနဲ့ အန်ချင်တယ် သိလား'

သူမက ပြောပြီးနောက် ပြန်လှည့်၍ ထွက်ခွာသွားရာလုရှောင် ဖုန်းက မလိုက်ဝံ့ပါ။

သူသည် လှုပ်၍ လွင့်မျောနေသော တိမ်တိုက်တစ်ခု ဖြတ်ကျော်သွားသည်ကို ငေး၍ ကြည့်မိနေ၏။

လမ်းကြားက ရှည်လျားလွန်းသည်။

သူမက ခြေလှမ်းမှန်မှန် လျှောက်သွားသည်။

အမှောင်ထုထဲ၌ သန်မာထွားကျိုင်းသောလူလေးယောက်က ရုတ်တရက် ထွက်ပေါ်လာသည်။

လူနှစ်ယောက်က သူမ၏ လက်နှစ်ဘက်ကို ဖမ်းဆွဲထားသည်။ ကျန်နှစ်ယောက်က သူမ၏ ခြေထောက်ကို ဖမ်းရန် ကြိုးစားသည်။

သူမက ထိတ်လန့်စွာ အော်လိုက်သည်။

လုရှောင်ဖုန်းအား ပါးရိုက်လိုက်သည့်နည်းတူ ထိုလူများသည် ပါးကို ရိုက်ရန် ကြိုးစားသည်။

သို့သော် ထိုလူများက အကြမ်းသမားများ ဖြစ်သည်။

သူတို့ လေးယောက်သည် သူမအား ဝင်ရောက် ဖမ်းဆီးလိုက်လေသည်။

လုရှောင်ဖုန်း၏ ပါးပြင်နှစ်ဘက်တွင် ပူစပ်ပူလောင် နာကျင်နေသေး၏။



သူနှင့် မပတ်သက်သည့် ဖြစ်ရပ်ကို သူက ဝင်ရောက်ပတ်သက်စရာ အကြောင်းမရှိပါ။

သို့သော် သူသည် မိမိနှင့် မဆိုင်သော ကိစ္စတွင် ဝင်ရောက်စွက်ဖက်တတ်သော ဗီဇရှိသည်။

လူလေးယောက်က မိန်းကလေးကို ဖမ်းဆီး သွားသည်ကို ဆက်ပိုက်ကြည့်မည် ဆိုလျှင် သူ့အသက် သေရမည် ထက်ပင် ခက်ခဲ၏။

ထိုလူလေးယောက်သည် ရေခဲတောင်အား ဖမ်းချုပ်ခေါ်သွားမည်အပြု လူငယ် တစ်ယောက်က သူတို့ထံ ရောက်ရှိလာသည်ကို တွေ့မြင်လိုက်သည်။

သူ၏ အသံက နေအေးစက်နေ၏။

'သူ့ကို လွှတ်လိုက်'

သူက စကား ဆက်လိုက်သည်။

'လေးဘက်ထောက် ထွက်သွားပါ။ ကျုပ်ပြောတာ နားမထောင်ရင် နှာခေါင်းသွေး ထွက်လိမ့်မယ်'

ထိုထွားကျိုင်းသော လူလေးယောက်က သူများ ပြောသည့် စကားကို နားထောင်တတ်သော လူမျိုးများ မဟုတ်ပါ။

သို့သော် သူတို့ လေးယောက်အနက်နှစ်ယောက်၏နှာခေါင်းမှာ သွေးများ လျှံထွက်လာပြီး မျက်နှာတစ်ခုလုံး ညိုမည်းလာ

သည်ကို တွေ့မြင်လိုက်ရသောအခါ၊ သူ၏ စကားနှုတ်မထွက်နိုင်၍ မဖြစ်တော့ပါ။

သူတို့လေးယောက်သည် လေးဘက်ထောက်၍ လမ်းကြား ထဲမှ ထွက်လာကြသည်။

နှာခေါင်းသွေးလျှံနေသော လူနှစ်ယောက်က လမ်း တစ် လျှောက်လုံးမှာ နှာခေါင်းသွေးများ တစ်စက်ပြီး တစ်စက် ကျနေ၏။

လမ်းကြားထဲမှ ထွက်လာသောအခါ သူတို့၏ အဖော်က သူတို့အား မေးလိုက်သည်။

'မင်းတို့နှာခေါင်းကို သူများက ဘယ်လိုလုပ် ထိုးလွှတ်လိုက်တာလဲ'

သူတို့၏ အဖြေက....

'မသိဘူး'

သူတို့က တကယ်ပင် မသိလိုက်ပါ။

သူတို့သည် လုရှောင်ဖုန်းက မည်ကဲ့သို့ ထိုးလိုက်သည်ကိုပင် မတွေ့မိလိုက်ခြင်း ဖြစ်သည်။

ထိုအချိန် ရေခဲတောင်ကြာ စတင် အရည်ပျော်နေပြီ ဖြစ်သည်။

သူမ၏ တစ်ကိုယ်လုံး ထိတ်လန့်သွားသဖြင့် ပျော့ခွေသွား သည်။



သူမသည် လုရှောင်ဖုန်းအား အကူအညီတောင်းရင်း၏။

'ကျွန်မ ဒီအနီးအနားမှာပဲ နေပါတယ်၊ ကျွန်မကို လိုက်ပို့ ပေးပါလား ရှင်'

....၀....

သူမ၏ နေထိုင်သော အိမ်သည် အနီးမှာ မဟုတ်ပါ။

တော်တော် အလှမ်းဝေးပါသေး၏။

လုရှောင်ဖုန်းက အပြစ်မတင်ပါ။

အမှန်တော့ သူမ၏အိမ်မှာ ပို၍ဝေးလေလေ သဘောကျ လေလေ ဖြစ်သည်။

အကြောင်းမှာ သူမသည် လုရှောင်ဖုန်း၏ ရင်ခွင်ထဲမှာ လဲလျောင်းနေခြင်း ဖြစ်သည်။

သူမက ထိုင်ရမှာမင် အင်အားချိနဲ့နေ၏။ ကံကောင်းသည်မှာ မြင်းလှည်း၏ ပြတင်းပေါက်မှာ ပိတ်ထားခြင်း ဖြစ်သည်။

မြင်းလှည်းသည် နာရီဝက်ခန့် မောင်းနှင်နေရသည်။ သူတို့သည် ခရီးတစ်လျှောက်လုံး စကားစကောက်ဆိုကျနေကြသည်။

'ကျုပ်က ယင်ကောင် မဟုတ်ဘူး၊ ဂျပိုးလဲ မဟုတ်ဘူး၊ လုရှောင်ဖုန်းပါ'

ကိုယ့်ကိုယ်ကို စတင်မိတ်ဆက်သူမှာ လုရှောင်ဖုန်း ဖြစ်သည်။

ရှေခဲဘောဂ်က ရယ်မိသည်။ သူမက တစ်ယောက်ကို ရယ်မောလိုက်ခြင်း ဖြစ်သည်။

'ကျွန်မနာမည်က လိန်ယိုစွမ်း'

လုရှောင်ဖုန်းက ရယ်မောလိုက်လေသည်။

လိန်ယိုစွမ်း ဟူသော အမိပ္ပာယ်မှာ ရေခဲကဲ့သို့ အေးသည်။ ဤနာမည်သည် ထိုမိန်းကလေးနှင့် လိုက်ဖက်ညီလှပေ၏။

'ခုကတွန်းက ဟိုလူလေးယောက်ကို ခင်ဗျား သိသလား'

လိန်ယိုစွမ်းက ခေါင်းခါယမ်းပြသည်။

လုရှောင်ဖုန်းက....

'သူတို့က ဘာဖြစ်လို့ မင်းကို စော်ကားချင်ရတာလဲ'

လိန်ယိုစွမ်းက ပါးစပ်ဟပြီးမှ မျက်နှာတစ်ခုလုံး နီရဲသွားပြီး ခေါင်းငုံ့သွားလေသည်။

လုရှောင်ဖုန်းက ဆက်မမေးပါ။

ယောကျ်ားများက မိန်းမများကို စော်ကားသည့် အခါ အကြောင်းပြရန် မလိုပါ။

အထူးသဖြင့် သူမကဲ့သို့ဆွဲဆောင်မှုအပြည့်ရှိသော မိန်းကလေး တစ်ယောက် အနေဖြင့်....



ယောကျ်ားများက အနိုင်ကျင့်ရန် ကြံစည်သည်မှာ မဆန်းပါ။ မြင်းလှည်းသည် ဖြည်းဖြည်းနှင့်မှန်မှန် မောင်းနှင်နေ၏။

မြင်းလှည်းထဲ၌ ထိုင်ရသည်မှာ ပုခက်တွင် ထိုင်နေရသကဲ့သို့ အလွန် ငြိမ်ရှိနေ၏။

လိန်ယိုစွမ်း၏ ကိုယ်ပေါ်မှ ထွက်ပေါ်လာသည့် မွှေးကြိုင်သော အနံ့အသက်များသည် မည်ကဲ့သို့ ပန်း၏ အနံ့မျိုး ဖြစ်သည်ကို ခွဲခြား၍ မရပါ။

ထိုလမ်းခရီးကို အဆုံးထိ၍ သာ လေးရက်နှင့် သုံးည ကြာမည် ဆိုလျှင်လည်း လုရှောင်ဖုန်းက ညည်းညူမည် မဟုတ်ပါ။

ရုတ်တရက် လိန်ယိုစွမ်းက ခေါင်းမော့၍ ပြောလိုက်လေသည်။

'ကျွန်မအိမ်က ချမ်းသာ လမ်းကြား အယ်တက် ပထမဆုံး အိမ်ပါ'

လုရှောင်ဖုန်းက....

'ချမ်းသာလမ်းကြား ဆိုတာ ဘယ်မှာလဲ'

လိန်ယိုစွမ်းက....

'ကျော်ခဲ့ပါပြီ'

လုရှောင်ဖုန်းက....

'ခင်ဗျားက ဘာဖြစ်လို့ မရပ်ခိုင်းတာလဲ'

လိန်ယုံစွမ်းက...

'ကျွန်မ ဒီည အိမ်မပြန်ချင်လို့ပေါ့'

လုရှောင်ဖုန်းသည် မိမိမှာ ခါတိုင်းထက် သုံးဆ ရင်ခုန်နေသည်ကို ရုတ်တရက် ခံစားလိုက်ရလေသည်။

လိန်ယုံစွမ်းက စကားဆက်လိုက်သည်။

'အနေ့ည ကျွန်မ တစ်ချိန်လုံး ရှုပ်နေတယ်၊ ဒါကြောင့် တခြားနေရာတစ်ခုပြောင်းပြီး အောင်းဦးမလားလို့ စိတ်ကူးမိပါတယ်'

လုရှောင်ဖုန်းက ခုန်နေသော နှလုံးမှာ ပုံမှန်နှုန်းထားသို့ ပြန်လည် ဖြစ်ပေါ်လာသည်။

လိန်ယုံစွမ်းက စကားဆက်လိုက်ပြန်သည်။

'ဒီနေရာမှာ ပွေ့လမင်း လောင်းကစားအိမ်တစ်ခု ရှိတယ်ဆိုတာ ရှင်သိသလား'

လုရှောင်ဖုန်းက မသိပါ။

ဤနာမည်ကို ကြားပင် မကြားဘူးပါ။

လိန်ယုံစွမ်းက...

'ရှင်က ငြိမ်သည်ကိုး၊ ဘယ်သိပါ့မလဲ'

လုရှောင်ဖုန်းက...

'အဲဒီနေရာက တော်တော် လျှို့ဝှက်သလား'၊



လိန်ယုံစွမ်းက သူ့အား ရွှန်းလက်သော မျက်ဝန်းဖြင့်ကြည့်လိုက်သည်။

'တနေ့ည ရှင် တခြားအလုပ် ရှိသေးလား'

'မရှိဘူး'

'ကျွန်မကို ခေါ်ပြီး မသွားချင်ဘူးလား'

'သွားချင်တယ်'

လိန်ယုံစွမ်းက...

'ခက်တာက တခြား သူစိမ်းကို ခေါ်မလာပါဘူးလို့ ပိုင်ရှင်ကို ကျွန်မ ကတိပေးထားတယ်'

လုရှောင်ဖုန်းက ပခုံး တစ်ချက် တွန့်လိုက်သည်။

လိန်ယုံစွမ်းက...

'ရှင်က တကယ်သွားချင်ရင် ကျွန်မပြောတာကို နားထောင်ပါ'

လုရှောင်ဖုန်းက...

'ပြောပါ'

လိန်ယုံစွမ်းက...

'ရှင့်ရဲ့ မျက်လုံးကို ကျွန်မက ပဝါနဲ့ စည်းထားလိုက်မယ်၊ ခိုးလို့မကြည့်ရဘူး'

လုရှောင်ဖုန်းက ခေါင်းညိတ်လိုက်သည်။

'ငါ လက်ခံပါတယ်'

သူသည် သူမ၏ ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသော ဝါးလွှာသော အင်္ကျီကို တစ်ချက် ကြည့်လိုက်သည်။

ငါ့မျက်လုံးကို စည်းတဲ့အခါ အဝတ်ထူထူနဲ့ စည်းပါ၊ နို့မဟုတ်ရင် ငါဟာ ထိုးဖောက်မြင်တတ်ပါတယ်ကွာ'

—၆—

အမှောင်ထု ဟူသော အရာသည် မည်ကဲ့သို့ အရာဟု ခေါ်နိုင်သနည်း။

လူတစ်ယောက်သည် နေ့ညမဟူ နှစ်ရှည်လများ အစအဆုံး မရှိသော အမှောင်ထုထဲတွင် နေထိုင်ခဲ့ရပါမူ....

မည်ကဲ့သို့ ခံစားကြမည်နည်း။

လူ့ရှောင်ဖုန်းသည် မန်းလူကို သတိရလာလေသည်။

သူသည် မန်းလူမှာ အလွန် ကြည်ညို လေးစားထိုက်သော လူတစ်ယောက်ဟု ယူဆမိသည်။



သဘာဝဖန်တီးရှင်သည် သူ့အား ပေါ်လိုက်ရသည်။
အညီး သူက ငြိမ့်ငြင်ခြင်း ခရှိပါ။ ဟု ဆွဲခေါ်လိုက်သည်။

သူသည် လောကတစ်ခုလုံးကို ကြင်နာစွာ ခေါ်လိုက်ဦးမယ်ခြင်း၊ ချစ်ခင်ရင်းနှီးခြင်း စသည့် စိတ်သဘော ... သည်။

ယင်းကဲ့သို့ သဘောထားနိုင်ခြင်းမှာလည်း လွယ်ကူသည့်ကိစ္စ တစ်ရပ် မဟုတ်ပါ။

သူသာ သက်ပြင်း တစ်ချက် ချလိုက်သည်။

သူ၏မျက်လုံးကို အဝတ်ဖြင့်စည်းထားသည်မှာ အချိန်မကြာမီမှာပင် သူက သည်းမခံနိုင်တော့တဲ့ ဖြစ်နေ၏။

မြင်းလှည်းသည် ဆက်လက်မောင်းနှင်သွားသည်။ သူ၏နားထဲတွင် ဆူညံသော ညဈေးတန်းတစ်ခု ဖြတ်ကျော်လာသည်ဟု ခံစားနေရ၏။

မနောက်ထပ် ခဏအကြာတွင် ချောင်းကလေးတစ်ခု ဖြတ်လိုက်သည်ဟု သိလိုက်ရသည်။

ရေစီးသံများ တသွင်သွင်ကြားလိုက်ရသည်။

နောက်ဆုံး မြင်းလှည်းရပ်တန့်သွားပြီး ဖြစ်သည်။ လိန်ယိုစွမ်းအာ သူ၏လက်ကို အသာအယာ ဆုပ်ထားလိုက်၏။

'ကျွန်မ နောက်ကနေ ဖြည်းဖြည်းလျှောက်လာပါ၊ ဒီနေရာကို ရှင်သဘောကျလိမ့်မယ်လို့ ကျွန်မယုံကြည်တယ်'

သူမ၏အသံသည် သေးသွယ်သည်။ ချောမွတ်သည်၊ ပျော့ပြောင်းသည်။

ထိုသည် သူမ၏ ကိုက်လက်လျှောက်နေ၏။
သော အကျီကို တစ်ချုးအောက်သို့နိမ့်ဆင်းသွားသည်ဟု ခံစား
ငါမျက်လုံးကို
နို့မဟုတ်ရင် ငါ့ကာ လေထဲတွင် ပရစ်အော့သံများ ကြားလိုက်ရသဖြင့် ထိုအနီးတဝိုက်မှာ တောအုပ်နှဖွီလွင်ပြင် တစ်ခုခုဖြစ်ရမည်ဟု သူကခန့်မှန်းမိသည်။

ထို့နောက် တံခါးခေါက်သံ တံခါးဖွင့်သံကို ကြားလိုက်သည်။

တံခါးပေါက်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် စင်္ကြံလမ် ဖြစ်သည်ဟု လုရှောင်ဖုန်းက ခန့်မှန်းမိသည်။

ထိုစင်္ကြံလမ်းမှာ မရှည်လှပါ။

လမ်းဆုံးသွားသည်နှင့် အသံဗလံများ ဆူညံစွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ထိုအသံများမှာ အံစာပစ်သံများ၊ ငွေပြားအလေး ပစ်ချသောအသံများ၊ ယောကျ်ားနှင့်မိန်းမတို့၏ ရယ်မောသံများ၊ အားရစွာရယ်မောသောအသံများ ဖြစ်လေသည်။

လိန်ယိုစွမ်း၏အသံ ထွက်ပေါ်လာသည်။

'ရောက်ပြီရှင့်'

လုရှောင်ဖုန်းက လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။

'ကျေးဇူးတင်လိုက်တာ'

ထို့နောက် တံခါးဖွင့်သံ ကြားလိုက်ရသည်။



အသံဗလံများ ပို၍ပိုမြင့်စွာ ကြားလိုက်ရသည်။

လိန်ယုံစွမ်းက သူ့အား အခန်းထဲသို့ ဆွဲခေါ်လိုက်သည်။

'ရှင် ဒီမှာ ခဏရပ်နေ၊ ကျွန်မပိုင်ရှင် သွားခေါ်လိုက်ဦးမယ်'

သူ့မက သူ၏ လက်ကို လွှတ်လိုက်သည်။

မွှေးကြိုင်သော အနံ့ ပျောက်သွားသည်။

'ဂျိမ်း'

ရုတ်တရက် တံခါးကို ပြင်းထန်စွာ ပိတ်လိုက်သောအသံ ကြားလိုက်ရသည်။

သူကြားနေရသော အသံဗလံ အားလုံးတို့သည် ထူးဆန်းစွာ ပျောက်ကွယ်သွားလေသည်။

ဝန်းကျင်းတစ်ခုလုံး တိတ်ဆိတ်သွားသည်။

လုရှောင်ဖုန်းသည် ရုတ်တရက် မြေတွင်းထဲသို့ ကျသွားသည့်အလား ခံစားလိုက်ရသည်။

သူက အလွန် အံ့သြသွားသည်။

'လိန်ယုံစွမ်း....လိန်ယုံစွမ်း'

သူက ခေါ်လိုက်ရာ တုန့်ပြန်ခြင်း မရှိပါ။

ဤမျှ များပြားလှသော လူများအားလုံး အဘယ်ကြောင့် တုန့်ပြန်ခြင်း မပြုကြသနည်း။

လုရှောင်ဖုန်းသည် မျက်လုံးကို စည်းထားသော အဝတ်ကို ဆွဲဖြုတ်လိုက်လေသည်။

သူ့၏ ခန္ဓာကိုယ် တစ်ခုလုံး တောင့်တင်း အေးစိမ့်သွားလေသည်။

အိမ်ခန်းထဲ လူတစ်ယောက်မှ မရှိပါ။

သူကြားရသော လူသံသူသံများသည် မည်သည့်နေရာသို့ ပျောက်ကွယ်သွားပါသနည်း။

သူသာ မည်သို့မှ စဉ်းစား၍ မရပဲ ကြောင်အမ်းအမ်းဖြစ်ပြီး ရပ်နေ၏။

တခဏ ကြာတော့မှ သူသည်သေချာစွာ အကဲခတ် ကြည့်ရှုလိုက်လေသည်။

အိမ်ခန်းက ကျယ်ဝန်းလှခြင်း မရှိပါ။

ကုတင်တစ်လုံးနှင့် စားပွဲ တစ်လုံးရှိသည်။

စားပွဲပေါ်၌ ထမင်းနှင့် ဟင်းလျာများ အသင့် ပြင်ထားသည်။

ထို ထမင်း ဟင်းများကို မည်သူကမှ မစားသေးဘဲ ဤအတိုင်း ရှိနေ၏။

လှရှောင်ဖုန်းက ကျောချမ်းသွားသည်။

ဤအခန်းထဲ၌ ဤမျှလူများများ ရှိနိုင်မည် မဟုတ်ဟု သူစဉ်းစားမိသည်။

အမှန်မှာ ဤအိမ်ခန်းထဲတွင် လူတစ်ယောက်မှ ရှိမည် မဟုတ်ပါ။

သို့သော် လှရှောင်ဖုန်းသည် အလွန်များပြားလှသော လူသံများကို ကြားခဲ့ရ၏အမှန်ပင် ဖြစ်လေသည်။



သူက ကိုယ့်မျက်လုံးကို ယုံကြည်မည်ဆိုလျှင် သူ၏နားကိုယုံ၍ မဖြစ်တော့ပါ။

သို့သော် သူ၏နားသည် အလွန်ပါးသည် မဟုတ်ပါလော....

ဤသို့ဆိုလျှင် သူသည် နားကိုယုံရမည်လော....

မျက်လုံးကိုမြင်ရမည်လော...

သူ၏နားထဲတွင် အသံမျိုးစုံကို ကြားခဲ့ရသည်မှာ အမှန်ပင်....

သို့သော် သူ့မျက်လုံးများ တွေ့မြင်လိုက်ရသည်မှာ တစ်စုံတစ်ယောက်မှ မရှိပါ။

လုံးဝမဖြစ်နိုင်သောကိစ္စဖြစ်သည်။

သို့သော် အမှန်တကယ်သူ ရင်ဆိုင်တွေ့ကြုံနေရသည်။ ဤသို့ဆိုလျှင် ဤအိမ်ကြီးသည် သရဲတစ္ဆေအိမ်လော....

လှရှောင်ဖုန်းက ရယ်လိုက်သည်။

သူရယ်လိုက်ခြင်းမှာ ဤအိမ်ထဲမှအမြန်ဆုံး ထွက်ခွာသွားရန် စိတ်ကူးပေါက်လာခြင်းပင် ဖြစ်သည်။

သို့သော် သူက ဤအိမ်ထဲမှ ထွက်၍မရပါ။ ဤအိမ်ထဲတွင် ပြတင်းပေါက်ဟူ၍ လုံးဝမရှိပါ။

နံရံများသည် ထူထဲလှသော သံပြားဖြင့် တည်ဆောက်ထားခြင်း ဖြစ်သည်။

သူကရယ်မောပြန်လေသည်။

မည်သို့မှ မတတ်နိုင်သောအခါ သူက ဤကဲ့သို့ ရယ်မောတတ်ပါသည်။

ဤကဲ့သို့အကျင့်သည် သူ၏အကျင့်များထဲတွင် အကျင့်တစ်ခု ပါ။

ရယ်မောခြင်းသည် စိတ်လက်ပျော်ရွှင်နိုင်သည်။ အာရုံကို ပေါ့ပါးသွားစေနိုင်သည် မဟုတ်ပါလော—

သို့သော် သူမ ရယ်မောလိုက်သော်လည်း စိတ်ပျော်ရွှင်မှု ဖြစ်မလာပါ။

....၁....

စားပွဲပေါ်၌ ဟင်းလျာလေးပန်းကန်ရှိသည်။ ကြက်သားလုံးကြော်၊ ငါးချိုချဉ်၊ ငါးခေါင်းဟင်းရည်၊ အသားနှပ်တို့ ဖြစ်သည်။

ဤဟင်းလေးမျိုးသည် လူရွှေခင်ဖုန်းအကြိုက်ဆုံး အနှစ်သက်ဆုံးသော ဟင်းများဖြစ်သည်။

'ထောင်ချောက်ဆင်ထားသောလူသည် သူ၏အကျင့်စရိုက်ကို အနီးကပ်ဆုံးသိထားသော လူတစ်ယောက်ဖြစ်ရမည်မှာ သေချာသည်။



ဖယောင်းတိုင်ထွန်းသောခွက်ထဲတွင် စာရွက်အသေးတစ်ရွက် တွေ့ရှိသည်။

သူမ ယူ၍ ဖတ်ကြည့်လိုက်သည်။

'အားရပါးရ သုံးဆောင်ပါ၊ သင့်ကို ဧည့်သည်အဖြစ် ဖိတ်သူမှာ မိတ်ဆွေရင်းချာ ဖြစ်ပါသည်။

လူရွှေခင်ဖုန်းက မျက်မှောင်ကြုတ်သွား၏။

မိမိ၏အကျင့်စရိုက်ကို နားလည်သူမှာ မိတ်ဆွေရင်းချာဖြစ်ရမည်မှာ မှန်သည်။

သို့သော် အဘယ့်ကြောင့် မိမိအား ယခုကဲ့သို့ ပညာပေးဆုံးမနေရပါသနည်း။

ထိုစာရွက်၏အောက်တွင် လှပသောလက်ရေးဖြင့် ရေးသားထားသည့်စာကြောင်းကို ဖတ်လိုက်ပြန်လေသည်။

'မိတ်ဆွေကို သုံးရက်အချိန် ဖိတ်ခေါ်ထားပါတယ်၊ သုံးရက်လောက် အနားယူသွားပါ၊ သုံးရက်နေ့နောက်မှ ကျွန်မလာပါမယ်'

စာရွက်အောက်ပိုင်းတွင် နာမည်ရေးမထားပါ။

လူရွှေခင်ဖုန်းသည် ရေခဲတောင်ကဲ့သို့ အေးစက်နေသည့် လိန်ယိုစွမ်း၏လက်ချက်ဖြစ်မှန်း နားလည်လိုက်လေသည်။

သူမဆင်ထားသော ထောင်ချောက်ထဲသို့ လူရွှေခင်ဖုန်းတို့ ဝင်လိမ့်မည်ဟု အပိုင်တွက်ထားခြင်းဖြစ်သည်။

သူမ၏ ရည်ရွယ်ချက်မှာ လုရှောင်ဖုန်းအား ကြိုနေရာတွင် သုံးရက်ပိတ်လှောင်ထားရန် ဖြစ်သည်။

လိမ်ယိုစွမ်းက မိမိအား ယခုကဲ့သို့ ထောင်ချောက်ဆင်ရခြင်းမှာ သုံးရက်ခန့် လှောင်ထားရုံမျှနှင့် မဖြစ်နိုင်ပါ။

သူမသည် အခြားအခြားသော ရည်ရွယ်ချက်ရှိရမည်ဟု သူက ယုံကြည်သည်။

သို့သော် မည်သည့်ရည်ရွယ်ချက်ရှိသည်ကိုမူ သူက စဉ်းစား၍ မရပါ။

စဉ်းစား၍ မရမည့်အတူတူ သူက မစဉ်းစားတော့ပါ။

စားပွဲအနီးတွင် ထိုင်ချလိုက်သည်။

ထမင်းဟင်းများကို အေးအေးဆေးဆေး စားနေသည်။

ဟူအသုံးပြုသောတူမှာ ငွေဖြင့်ပြုလုပ်ထားခြင်းဖြစ်၏။

ထို့ကြောင့် ဟင်းလျာထဲတွင် အဆိပ် လုံးဝမရှိသည်မှာ ကြေချာသည်။

သည်အရက်အိုးအဖုံးမှ ပိတ်ထားသော မြေကြီးခဲကို လက်ဝါးနှင့် ရိုက်ချလိုက်သည်။

'ဖုတ်....'

မြေကြီးခဲများ အက်ကွဲသွားသည်။

မီးခိုးများ ထောင်းခနဲ အိုးထဲမှ ထိုးပေါက်ထွက်လာသေးသည်။

'ဝုန်း....'



အရက်အိုးသည် ကြမ်းပေါ်သို့ လွင့်စဉ်ကျသွားပြီး အစိပ်စိပ် အပိုင်းပိုင်း ဖြစ်သွားလေသည်။

လုရှောင်ဖုန်းမှာမူ စားပွဲပေါ်သို့မှောက်လျက် သတိမေ့သွားလေတော့သည်။

— ၀ —

မြူနှင်းများ လွင့်ပျောက်သွားပြီဖြစ်သည်။

ကောင်းကင်ပေါ်၌ ကြယ်တာရာများ ပြည့်လျက်နေ၏။

လေထဲ၌ ပရစ်အော်သံနှင့် ပိုးမွှားများ၏အော်သံကို သယ်ဆောင်လာ၏။

မြေကြီးပေါ်၌ နှင်းရည်များ စိုရွှဲ၍နေ၏။

လုရှောင်ဖုန်း၏ အဝတ်အစားများမှာလည်း စိုရွှဲ၍နေ၏။

သူသတိရလာသောအခါ ကောင်းကင်၏အရှေ့ဘက်၌ မျှော်လင့်ချက်ဆောင်သော အရုဏ်ဦး၏ရောင်ခြည် စတင်ထွက်ပေါ်နေသည်ကို တွေ့မြင်ရသည်။

သူသတိရလာသောအခါ ကမ္ဘာမြေကြီးမှာသည်း အိပ်ရာနှိုးလာပြီဖြစ်သည်။

သူ၏ မျက်လုံးဖွင့်လိုက်သောအခါ အဝေးမှတောင်တန်းက မှောင်မည်းနေရာမှ စိမ်းလန်းလာနေ၏။

လေထဲတွင် တောအုပ်နှင့် ပန်းများ၏အနံ့များ ပါရှိလာလေသည်။

ဟိုအဝေး လျှိုမြောင်များကြားမှ မီးခိုးများ တလူလူတက်နေ၏။

သို့သော် လူနေအိမ်ခြေများကို လုံးဝမတွေ့မြင်ရပါ။

ဤနေရာသည် အဘယ်၍ သူ ညတုန်းကရောက်ခဲ့သည့်နေရာမှန်လျှင် သူရောက်ရှိနေသော တစ္ဆေအိမ်က မည်သည့်နေရာသို့ ပျောက်ကွယ်သွားသနည်း။

သူ့အား ခေါင်းချောက်ဆင်လိုက်သောလူများသည် ပင်ပင်ပန်းပန်း ထမ်းပိုးဆင် လိုက်ခြင်းမှာ သူ့အား ယခုကဲ့သို့ လူသူမနီးသော နေရာသို့ တစ်ညတာ အိပ်စက်ရန်သာ ရည်ရွယ်ထားခြင်း ဖြစ်နိုင်ပါ။

သူတို့သည် အလွန် ကြီးကျယ်သောရည်ရွယ်ချက် ရှိရမည်မှာ သေချာသည်။

သို့သော်...

သူက စဉ်းစား၍ မရပါ။



ထို့ကြောင့် စိုထိုင်းသော အင်္ကျီကို ချွတ်၍ ပခုံးပေါ်သို့တင်လျက် ခြေလှမ်းကဲကဲဖြင့် ပြန်လျှောက်သွားလေသည်။

--ဝ....

ပ....

ဉ်။

သို

လူရှောင်ဖုန်းသည် သူ တည်းခိုနေသော 'ဟုတ်စိန်' တည်းခိုခန်းသို့ ပြန်လည် လျှောက်လာနေ၏။

ယခု သူသည် တည်းခိုခန်းသို့ အမြန်ဆုံး ပြန်ပြီး ရေပူနှင့်ရေမိုးချိုး၍ ဗိုက်ဝအောင် စားပြီး အိပ်ရေးဝဝ အိပ်ရန် ဖြစ်သည်။

ဟုတ်စိန် တည်းခိုခန်းမှ ရောင်းချသော ဝက်သား ပေါက်စီသည် အလွန် အရသာ ရှိသည်ကို စားချင်စိတ် ထကြွကာ ပေါ်လာလေသည်။

ခပ်လှမ်းလှမ်း၌ပင် ဟုတ်စိန် တည်းခိုခန်း၏ ရွှေစာလုံး ဆိုင်းဘုတ်ကို တွေ့မြင်လိုက်ရလေပြီ။

သူသည် စိတ်အနှောင့်အယှက်ဖြစ်ဖွယ်ရာ အဖြစ်အပျက်များ အားလုံး မေ့ပစ်လိုက်ပြီး ဖြစ်လေသည်။

သို့သော် စိတ်အနှောင့်အယှက်ဖွယ်ရာများကသူ့အား စောင့်ကြိုနေလေသည်။

သူ့အား စောင့်ကြိုနေသည့်အရာမှာ ဓားနှစ်လက်၊ ဓါး ဓားလက် လှံတံ ခုနစ်လက်နှင့် သံကြိုးတစ်ချောင်း ဖြစ်နေ၏။

လေသာ

တို့အား

နေ၏။

....o....

လုရှောင်ဖုန်းသည် တည်းခိုခန်း၏ တံခါးဝသို့ ရောက်ရှိလိုက်သည်နှင့်....

'သား'

ယင်းအော်သံနှင့်အတူ လူဆယ့်သုံးယောက်သည် သူ့အား ဝိုင်းရံထားလိုက်လေသည်။

'ဖလပ်....ဆပ်....လပ်'



သံကြိုးအစ်ချောင်းသည်မြွေတစ်ကောင်ပမာသူ၏လည်မျိုသို့ လိပ်လာလေသည်။

အလွန် လေးလံပြီး ရှည်လျားသော သံကြိုး ဖြစ်သည်။

တစ်ဘက် သူ၏ လည်ပင်းကို ရစ်ပတ်ရန်မှာလည်း ကျွမ်းကျင် လှပေသည်။

လုရှောင်ဖုန်း၏ လက်ညှိုးနှစ်ချောင်းဖြင့် ညှပ်လိုက်ရာ....

ရှည်လျားသော သံကြိုးနှစ်ချောင်း ပြတ်သွားသည်။

တစ်ပိုင်း အောက်သို့ ကျသွားသည်။

လက်ထဲတွင် သံကြိုးတစ်ပိုင်း ကိုင်ထားသောလူက နောက်သို့ ဆုတ်သွားသည်။

သူ၏ မျက်နှာပေါ်တွင် ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

တုန်နေသော လက်ညှိုးဖြင့် လုရှောင်ဖုန်းအား တစ်ပေါက် ပေါက် ထိုးလိုက်လေသည်။

'မင်းက အာဏာပိုင်ဆန်မလို့ ဟုတ်လား'

လုရှောင်ဖုန်းက အံ့အားသင့်သွားသည်။

'ကျုပ်က အာဏာပိုင်ဆန်တယ် ဟုတ်လား'

ယခု သူသည် ထိုလူများ၏ခေါင်းပေါ်မှာဆောင်းထားသော အာဏာသားများ၏ ဦးထုပ်ကို တွေ့ရ၏။

သူ၏ ထူထဲသော မျက်ခုံးမွေး တွန့်သွား၏။

'မင်းတို့က အာဏာသားတွေ ဟုတ်လား'

ထိုလူက ခေါင်းညိတ်လိုက်သည်။

သူ့အနီးတွင် ရှိနေသော လူက ဖော်လိုက်သည်။

'သူက အာဏာသားများ ခေါင်းဆောင်းယန်း ဖြစ်တယ်။ မင်းက အဖမ်း မခံရင် အားကာဗီဆန့်တာပေါ့'

လုရှောင်ဖုန်းက....

'ခင်ဗျားတို့က ကျုပ်ကို လာဖမ်းတာလား'

'ဟုတ်တယ်'

'ဝါမှာ ဘာအပြစ်ရှိလို့လဲ'

အာဏာစားခေါင်းဆောင်က မဲ့ပြုံး ပြုံးလိုက်သည်။

'မင်းအပြစ် ကျူးလွန်တာ သက်သေ အထောက် အထား အပြည့်အစုံ ရှိတယ်၊ မင်းက ငြင်းချင်သေးလို့လား'

လုရှောင်ဖုန်းက....

'သက်သေအထောက်အထား ဘယ်မှာလဲ'

တည်းခိုခန်း၏ ကောင်တာနောက်တွင် လူနှစ်ယောက်ခန့် ထိုင်နေ၏။

သူတို့၏ကိုယ်ပေါ်တွင် အလွန်အထက်တန်းကျသော အဝတ် အစားများ ဝတ်ဆင်ထားသော်လည်း သူတို့၏မျက်နှာမှာ မှုန် တေတေ ဖြစ်နေ၏။

သူတို့အားလုံးသည် လုရှောင်ဖုန်းအား လက်ညှိုးထိုး၍အပြစ် များ ပြောဆိုနေ၏။



'သူပဲပေါ့'

'မနေ့ညက အဲဒီလူပေါ့၊ ကျုပ်မိန်းမကို အတင်းလာလုတာ'

လုရှောင်ဖုန်းက ကြောင်အမ်းအမ်းဖြစ်သွားသည်။

အာဏာသားခေါင်းဆောင်၏ အသံသည် ဟိန်းထွက်သွား သည်။

'မင်း မနေ့ညက တစ်ညတည်းနဲ့ အမှုရှစ်ခုကျူးလွန်ခဲ့တယ်၊ ယောဒ်ပုဂ္ဂိုလ်တွေက သက်သေရှိတယ်'

အာဏာသားတစ်ယောက်က ကောင်တာပေါ်၌ တင်ထား သော အထုပ်တစ်ထုပ်ကို ညွှန်ပြလိုက်သည်။

'အဲဒါက ပစ္စည်းအထောက်အထားပဲ၊ မင်းနေတဲ့အခန်းက ရှာဖွေတွေ့ရှိတာ'

လုရှောင်ဖုန်းက ရယ်မောလိုက်သည်။

'ကျုပ်က သူများပစ္စည်းတစ်ယ်ခိုးခဲ့ရင် ဘာဖြစ်လို့ စားပွဲ ပေါ်မှာ တင်ထားရမှာလဲ၊ ငါဒီလောက် မအသေးပါဘူးကွာ'

အာဏာသားခေါင်းဆောင်က ပြုံးလိုက်သည်။

'မင်းလေသံက သူများက စွန့်စွန့်စားစား ပစ္စည်းခိုးပြီး မင်း ကို လာပြီး ပေးမှာတဲ့လား'

လုရှောင်ဖုန်းက ပါးစပ်ပိတ်လိုက်သည်။

ရုတ်တရက် လူတစ်ယောက်၏ အသံ အေးတိအေးစက် ထွက် ပေါ်လာသည်။

'လူသတ်တာရယ်၊ ပစ္စည်း ခိုးတာရယ်၊ သူ့မျှားမိန်းမကို လုတာရယ်၊ ဒါတွေအားလုံး အရေးကြီးတဲ့ကိစ္စ မဟုတ်ပါဘူး'

အခန်း၏ ထောင့်ဝယ်တစ်ခုတွင် လေးထောင့်စားပွဲတစ်လုံး ရှိသည်။

စားပွဲပေါ်၌ ရေနွေးကြမ်း တစ်အိုးနှင့် အရက်တစ်အိုး ရှိသည်။

အစိမ်းရောင်ဝတ်ရုံရှည် ဝတ်ဆင်ထားသော လူသုံးယောက်သည် ဝိုင်းဖွဲ့ထိုင်၍ အရက်သောက်နေကြသည်။

စကားပြောလိုက်သော လူမှာ အရက် ငှဲ့သောက်နေသော အဘိုးအိုတစ်ယောက် ဖြစ်သည်။

လုရှောင်ဖုန်းက ပြုံးလိုက်သည်။

'လူသတ်တာ၊ ပစ္စည်းလုတာ၊ သူမျှားမိန်းမကိုလုတာ၊ ဒါတွေဟာ အပြစ်မရှိဘူးဆိုရင် ဘယ်ဟာက အပြစ်ရှိလို့လဲ'

ထိုအဘိုးအိုက လုရှောင်ဖုန်းအား စူးစိုက်စွာ ကြည့်လိုက်သည်။

'မင်းက ဘာပဲလုပ်လုပ် အရေးမကြီးပါဘူး၊ ဒါပေမယ့် ငါ့တို့အပေါ်မှာတော့ ဒုက္ခပေးချင်ပါနဲ့'

လုရှောင်ဖုန်းက....

'ခင်ဗျားက ဘယ်သူလဲ'



အဘိုးအိုက....

'မင်း ငါ့ကိုမသိဘူးလား'

လုရှောင်ဖုန်းက....

'မသိဘူး'

အဘိုးအိုက အရက်ခွက်ကို မြှောက်လိုက်သည်။

သူ၏လက်သည်းမှာ သုံးလက်မခန့် ရှည်နေ၏။

စိမ်းဖန့်ဖန့်အရောင် ဖြစ်သည်။

လုရှောင်ဖုန်းက မမြင်တွေ့လိုက်သည့်အလား မျက်ခုံတောင် ခတ်နေ၏။

အဘိုးအိုက....

'အခုတော့ သိပြီလား'

လုရှောင်ဖုန်းက....

'မသိဘူး'

အဘိုးအိုက ရယ်မောလိုက်လေသည်။

သူက မတ်တပ်ရပ်လိုက်ရာ သူ၏ အင်္ကျီ ရင်ဘတ်နေရာ၌ ပိုးချည်ဖြင့်ထိုးထားသော မျက်နှာတစ်ခုကို အားလုံးက မြင်တွေ့လိုက်သည်။

အလွန်လှပချောမောသော မိန်းကလေးတစ်ယောက်၏မျက်နှာ ဖြစ်သည်။

သူက ရှင်းစော့၍ ရပ်လိုက်သောအခါ သူ၏ အင်္ကျီပေါ်၌ မိန်းမလေးမျက်နှာနှင့် မြွေ၏ ခန္ဓာကိုယ်၊ ငှက်၏ ခြေသည်းလက်သည်းနှင့် ၏တောင်ပံပါရှိသော သတ္တဝါတစ်ကောင် ထိုးထားခြင်း ဖြစ်သည်ကို တွေ့မြင်လိုက်ရလေသည်။

အားလုံးသော လူများသည် ထိုထူးဆန်းသော သတ္တဝါ၏ အကြောင်းကို မသိရသော်အည်း ထိုသတ္တဝါ၏ ရုပ်သွင်ကို မြင်တွေ့လိုက်သည်နှင့် အလိုအလျောက် ကြက်သီးမွေးညင်း ထလာကြမည် ဖြစ်သည်။

လုရှောင်ဖုန်းမှာမူ မမြင်မတွေ့ရလိုက်သည့်အသား ကြောင်၍ ကြည့်နေ၏။

အဘိုးအို၏ မျက်နှာသည် ညိုမည်းလာသည်ဟု ထင်ရသည်။

သူက ရုတ်တရက် ဆက်ဆန့်လိုက်သည်။

ထို့နောက် စားပွဲပေါ်သို့ လက်ချောင်း ငါးချောင်းဖြင့် ထိုးစိုက်လိုက်သည်။

'ဖထောက်'

သူ၏ သိမ်းငှက် ခြေသည်းပမာ လက်ချောင်း ငါးချောင်းသည် စားပွဲပေါ်သို့ စိုက်ဝင်သွားလေသည်။

သူက ပြန်လည် နုတ်ယူလိုက်သောအခါ သုံးလက်မခန့် ထူသော စားပွဲပေါ်၌ အပေါက်လေး ငါးပေါက် ဖြစ်နေ၏။

'ဖလပ်အုပ်'



အာကာသား လက်ထဲမှ ကျန်ရှိသော သံကြိုးတစ်ပိုင်းသည် မြေပေါ်သို့ လွတ်ကျသွားလေသည်။

သူသည် ထိတ်လန့်လွန်း၍ ခြေလက်များ အားအင်မရှိတော့ပါ။ အိမ်ခန်းထဲ၌ ရုတ်တရက် ဆိုးဝါးသော အနံ့အသက်များ လွင့်ပျံ့သွားသည်။

အာကာသား သုံးယောက်သည် အပြေးအလွှား ထွက်ခွာသွားသည်။

သူတို့ ဝတ်ဆင်ထားသော ဘောင်းဘီမှာလည်း စိုရွှဲသွားသည်။

လုရှောင်ဖုန်းက ဟန်ဆောင်၍ မရတော့ပါ။

'သိုင်းပညာရှင် ဖြစ်နေပါလား'

အဘိုးအိုက မဲ့ပြုံး ပြုံးလိုက်သည်။

'မင်းက သိုင်းပညာရှင်ဖြစ်မှန်း သိသားပဲ'

လုရှောင်ဖုန်းက ပြုံး၍ ခေါင်းညိတ်ပြသည်။

အမှန်မှာ သူသည် ထိုအဘိုးအိုသုံးယောက်က မည်သူမည်ဝါ ဖြစ်သည်ကို သိရှိထားပြီး ဖြစ်သည်။

သူ၏ မျက်နှာတွင် ပြုံး၍နေသော်လည်း သူ၏ လက်ဖဝါးမှာ ချွေးများ စီးဆင်းနေ၏။

အဘိုးအိုက မျက်လုံးမှိတ်၍ ခေါင်းကိုမော့ကာ ရွတ်ဆိုလိုက်လေသည်။

လုရှောင်ဖုန်းက သက်ပြင်းချလိုက်သည်။

'ခင်ဗျားတို့ ဘယ်သူလဲဆိုတာ ကျုပ်သိပါပြီဗျာ'

အဘိုးအိုက မဲ့ပြုံးပြုံးလိုက်သည်။

လုရှောင်ဖုန်းက ချိုပြုံးပြုံးပြလိုက်သည်။

'ဒါပေမယ့် ခင်ဗျားတို့ကို ကျုပ်ကဘာတွေ နှောင့်ယှက်မိခဲ့သလဲဆိုတာ မသိရပါဘူးဗျာ'

အဘိုးအိုက သူ့အားစိုက်ကြည့်လိုက်သည်။

ရုတ်တရက်လက်တစ်ချက်ဝှေ့ယမ်းလိုက်လေသည်။ တည်းခိုခန်း၏နောက်ဖက်ခြံဝင်းမှထူးဆန်းသော ပလွေသံများ ထွက်ပေါ်လာလေသည်။

ပလွေသံမှာ ထိတ်လန့်ချောက်ချားဖွယ်ရာ ကောင်းလှ၏။ ထို့နောက်အပေါ်ပိုင်းအကျီမပါဘဲ ရင်ဘတ်၌သံမဏိအပ်များ စိုက်ထားသော လူသန်ကြီးလေးယောက်သည် ကြီးမားသော ပျဉ်ပြားတစ်ချပ်သယ်ဆောင်၍ ဝင်ရောက်လာလေသည်။

ပျဉ်ပြားပေါ်၌ ပန်းများပြည့်လျက်—

ပန်းများသည် အစိမ်းရောင်ဖြစ်သည်။

ထိုလူသန်ကြီးလေးယောက်၏ ရင်ဘတ်ပေါ်၌ အပ်များစိုက်ထားခြင်းခံရသော်လည်း မျက်လုံးကြောင်တောင်တောင်ဖြင့် နာကျင်ခြင်းမရှိပါ။



ထို့ပြင်၊သူတို့၏မျက်နှာပေါ်တွင် အလွန်ကြောက်မက်ဖွယ်ရာ အပြုံးဖြင့်ပြုံးနေကြ၏။

ကျန်ရှိသော အဘိုးအိုနှစ်ယောက်တို့ကလည်း မတ်တတ်ရပ်ကြလေသည်။

သူတို့သည် ပန်းများပြည့်နှက်နေသော ပျဉ်ပြားရှေ့သို့ လျှောက်သွားကြပြီး လက်အုပ်ချီ၍ ပြိုင်တူရွတ်ဖတ်ကြလေသည်။

လုရှောင်ဖုန်းသာ ထ၍လျှောက်သွားသည်။ ပန်းပုံများထဲမှ ပန်းတစ်ပွင့်ကိုနှိုက်ယူလိုက်သည်။

သူ၏လက်နှစ်ဖက်သည် ရုတ်တရက် အေးစိမ့်သွားသည်။ သူသာပန်းပွင့်ကို ကောက်ယူလိုက်သောအခါ....

ပန်းများအောက်တွင် မျက်လုံးတစ်စုံသာ သူ့အားကြောင်စီစီဖြင့် စိုက်ကြည့်နေသည်ကို တွေ့မြင်လိုက်သည်။

ထိုမျက်လုံးအစုံသည် အဖြူရောင်သာများပြီး အနက်ရောင်သာနည်းနေ၏။

မျက်လုံးများ ပြူးထွက်ပြီးလျှင် ဒေါသ အလွန်ဖြစ်သော မျက်လုံးမျိုးဖြစ်သည်။

လုရှောင်ဖုန်းသာ နောက်သို့ဆုတ်သွားသည်။ လေပူတစ်ချက်မှုတ်ထုတ်လိုက်သည်။

'ဒီလူက ဘယ်သူလဲ'

အတိုးအိုတစ်ယောက်က....
'အခုတော့ လူသတ်သမားတစ်ယောက်ပါ'

လူရှောင်ဖုန်းက....
'သူ့အသက်ရှင်တဲ့အခါကော'

အတိုးအိုသည် မျက်လုံးမှိတ်၍ ခေါင်းမော့လိုက်သည်။

ဖြည်းညင်းစွာ ရွတ်ဖတ်လိုက်သည်။

လူရှောင်ဖုန်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

'သူက ခပ်များများတို့ဂိုဏ်းချုပ်ရဲ့သား ဟုတ်လား'

အတိုးအိုက....
'ဟုတ်တယ်'

လူရှောင်ဖုန်းက....
'ကျုပ်လက်ချက်နဲ့ သေရတယ်ဟုတ်လား'

အတိုးအိုက....
'သတ်တဲ့လူ သေရမှာပဲ'

လူရှောင်ဖုန်းက နောက်သို့ခြေနှစ်လှမ်းဆုတ်သွားသည်။

သူက ရယ်မောလိုက်လေသည်။

'ဝါ့ကို အပြစ်ကျူးလွန်ပါတယ်လို့ လာဖမ်းတဲ့လူရှိတယ်၊ အချို့က ငါလူသတ်တယ်ဆိုပြီး ရန်မူတဲ့လူရှိတယ်၊ ဒါပေမယ့် ကျုပ်အတစ်ယောက်တည်း ဘယ်လိုလုပ်ကြမလဲ'



အတိုးအိုက အာဏာသား ခေါင်းဆောင်အား စိုက်ကြည့်လိုက်သည်။

'မင်းက သူ့ကိုမဖမ်းလို့ မဖြစ်ဘူးလား'

အာဏာသားခေါင်းဆောင်က ထစ်ထစ်ငေါ့ငေါ့ဖြင့်....

'ရ....ရပါတယ်'

သူ၏စကားမဆုံးမီ ကြောက်လွန်း၍ မြေပေါ်သို့ ခွေကျသွားလေသည်။

လူရှောင်ဖုန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

'ဒီအတိုင်းဆိုရင် ကျုပ် မှသေလို့ မဖြစ်တော့ဘူးနဲ့ တူတယ်'

အတိုးအိုက....

'မင်း မသေခင် သူသေကိုယ်သေ ယှဉ်လိမ့်မယ်လို့ ငါ သိပါတယ်'

လူရှောင်ဖုန်းက....

'ဟုတ်လိုက်တာဗျာ'

သူ၏ စကားဆုံးသွားသည်နှင့် ဓားတစ်လက်ကို လှမ်းယူလိုက်ပြီး အတိုးအိုအား သိုင်းကွက်သုံးကွက်တိတိ တိုက်ခိုက်လိုက်လေသည်။

သူ၏ တိုက်ကွက်မှာ ထူးဆန်းသည်။ သူ၏ စိတ်ထဲမှာလည်း နှစ်ကိုယ်ခွဲ၍ အသုံးပြုလိုက်သည်။

အတိုးအိုက မဲ့ပြုံးပြုံးလိုက်သည်။

'မင်းရဲ့ပညာ နုပါသေးတယ်'

သူသည် လူရှောင်ဖုန်း၏တိုက်ကွက်ကို နားလည်ထားလိုက်ပြီးဖြစ်သည်။

ထိုအချိန်မှာပင်....

'ချမ်'

လုရှောင်ဖုန်းက ဘယ်ဘက်လက်မှ ခါးမောက်ဖြင့် ညာဘက်လက်က ဓားကို ခုတ်ချလိုက်သည်။

ဓားနှင့် ခါးမောက် ထက်ပိုင်းကျိုးသွားလေသည်။ အဘိုးအိုသည် လုရှောင်ဖုန်း၏ သိုင်းကွက်ကို နားမလည်ဘဲ ကြည့်နေစဉ်....

တပိုင်းစီကျိုးသွားသော ခါးမောက်နှင့် ဓားတို့သည် သူ့ထံသို့ ပစ်လွှင့်လာသည်ကို တွေ့မြင်ရလေသည်။

လုရှောင်ဖုန်းမှာမူ လက်ထဲမှ ဓားကျိုးစနှင့် ခါးမောက်ကျိုးတို့ကို ပစ်လွှင့်လိုက်ပြီးနောက်....

သူ၏ခန္ဓာကိုယ်သည် လေ၏အဟုန်ဖြင့် နောက်သို့ ဆုတ်သွားလေသည်။

လူတစ်ယောက်သည် အသက်ရှင်သန်ရေးအတွက် ဖြစ်ပေါ်လာသော ခွန်အားသည် အံ့ဘွယ်ရာ မဟုတ်ပါလော။

....o....



အပြင်ဘက်၌ လေတိုက်နေ၏။

လုရှောင်ဖုန်းသည် လေထဲ၌ ထပ်မံ ကျွမ်းတပတ် ပစ်လိုက်ရာ သူ့နောက်တွင် ရှိနေသော အိမ်ခေါင်းမိုး ရှိရာသို့ ရောက်ရှိသွားလေသည်။

အဘိုးအိုတို့မှာ သူ့နောက်သို့ လိုက်လာခြင်းမရှိပါ။

အဘိုးအို တစ်ယောက်၏ အသံကို ကြားလိုက်ရသည်။

'မင်းက ငါတို့ဂိုဏ်းချုပ်ရဲ့ သားကို သတ်လိုက်တဲ့ အတွက် မိုးအောက်မြေပြင် ရောက်ရောက် သေကိုသေရမယ်'

....o....

လုရှောင်ဖုန်းသည် မိုးအောက် မြေပြင်သို့ မရောက်ပါ။

သူသည် ဝေလဝါး လောင်းဆာစား အိမ်အနီးရှိ လမ်းကြားထဲသို့ ပြန်လည် ရောက်ရှိသွားသည်။

ထို့နောက် မြင်းလှည်းတစ်စီးကို ငှား၍ သူသတိရလာသော နေရာသို့ ပြန်လည် ရောက်ရှိသွားလေသည်။

ယခု သူသည် အာခြအနေကို အနည်းငယ် သုံးသပ်လိုက်ပြီး ဖြစ်လေသည်။

သူအား ထောင်ချောက်ဆင်၍ လူသူကင်းမဲ့သော နေရာတွင် တည်ဘာ အိပ်ခိုင်းလိုက်ခြင်းမှာ သူ့အား အဖြစ် ပုံချလို၍ ဖြစ်သည်။

ညတုန်းက အဖြစ်အပျက်များကို ပြန်လည်ပြောပြလျှင်လည်း မည်သူကမှ ယုံမည် မဟုတ်ဟု သူနားလည် ထားသည်။

ရေခဲဆောင် မိန်းကလေးသည် သူ့အတွက် သက်သေလိုက် မည်မဟုတ်ပါ။

ယခု သူက ပျောက်ချင်းမလှ ပျောက်နေသည် မဟုတ်ပါ လော...

ယခု သူသည် မိမိ အပြစ်မဲ့ကြောင်း ရှင်းလင်းနိုင်ရန်မှာ သက် သေ အထောက်အထားများ ကိုယ်တိုင်ကိုယ်ကျ ရှာဖွေရမည် သာ ဖြစ်လေသည်။

မြင်းလှည်းသည် အဘန်ကြာ မောင်းနှင်တော့မှ ညာချ တန်း တစ်ခုကို ဖြတ်ခဲ့သည်။

ချောင်းကိုလည်း ဖြတ်ခဲ့ပြီးမှ ကာခနွန်းက် သူ သတိရလာသော နေရာသို့ ရောက်ရှိလာလေသည်။

ဤနေရာသည် လိန်ယုံ စွမ်းက သူ့အား မြင်းလှည်းပေါ်မှ ခေါ်ယူလိုက်သော နေရာ ဖြစ်နေမည်လော။

သို့သော် ဤနေရာသည် လူသူကင်းရှင်းပြီး အိမ်ခြေမဲ့သော နေရာတစ်ခု ဖြစ်သည်။



ချမ်းသာ လောင်းကစား အိမ်ဂေဟာကို အရိပ်အရောင်ကိုပင် တွေ့လိုက်မိပေ။

သူသည် စိတ်ရှုပ်လာသဖြင့် သစ်ပင်တစ်ပင် အောက်တွင် လျောင်းလိုက်သည်။

သစ်ပင်ပေါ်မှ ရွက်ဝါများကိုပါ လေးခုမကြည့်နေသည်။ ဖောတစ်ချက် ကိုက်ခတ်လာသည်။ လေထဲမှ အအေးဓာတ် လာသည်။

မြေကြီးမှာ စိုထိုင်းနေ၏။ ယခု သူသည် သွေးအေးအေးဖြင့် း စားလာလေသည်။

'ဝါအ ဒီလမ်းကြောင်းအတိုင်း လာခဲ့တာပဲ၊ ဒါပေမယ့် မ်းသာ လောင်းကစားအိမ်ကို မတွေ့ပါလား'

'အိမ်ထဲမှာ လူသံတွေကို ကြားရဲ့နဲ့ လူရိပ်တစ်ခုမှ မတွေ့ လား'

'ငါ့ကို သုံးရက်တိတိ ဒီအိမ်မှာထားမယ်ပြောပြီး ဘာကြောင့် ကို ဒီနေရာမှာ လာပြီး ထားခဲ့တာလဲ'

သူသည် စဉ်းစားလေလေ သဘာဝမကျလေလေ တွေးမိ ည်။

လုရှောင်ဖုန်းက သက်ပြင်းတစ်ချက်ချလိုက်၏။

သူက လုံးဝ မပြုံးနိုင်တော့ပါ။

သူ့နောက်တွင် ငှက်ကလေးတစ်ကောင်၏ အော်သံ အဆက် တ် ထွက်ပေါ်လာသည်။

လုရှောင်ဖုန်းက မျက်မှောင်ကြုတ်သွားသည်။

ပင်စည်ကို အားဖြင့် ပုတ်လိုက်၏။

သစ်ကိုင်းများ လှုပ်ခါသွားပြီးလျှင် ရွက်ဝါများ ကြွေကျ
လာလေသည်။

ငှက်ကလေးက ပျံသန်းသွားခြင်းမရှိဘဲ တစ်စာစာ အော်မြ
အော်နေ၏၊

ထိုငှက်ကလေးသည် အလွန် သတ္တိရှိလှပေသည်။

လုရှောင်ဖုန်းက မနေနိုင်တော့ဘဲ သစ်ပင် နောက်ကွယ်သို့
ခေါင်းပြူကြည့်လိုက်လေသည်။

ငှက်ကလေး၏ အော်သံများသည် ခွေးဟောင်သံ အဖြစ်သို
ပြောင်းလဲသွားလေသည်။

သူ အ နားမလည်နိုင်အောင် ဖြစ်လာလေသည်။

ငှက်ကလေး၏အော်သံသည် အဘယ့်ကြောင့် 'ခွေးကလေး၏
ဟောင်သံသို့ ပြောင်းလဲသွားပါသနည်း။

လုရှောင်ဖုန်း အံ့သြနေစဉ် သစ်ပင်နောက်ကွယ်တွင် ကလေး
သူငယ်၏ ဦးခေါင်းတစ်ခု ပြူထွက်လာသည်။

လုရှောင်ဖုန်းအား လျှာထုတ်ပြသည်။

မျက်နှာရှုံ့ပြလိုက်လေသည်။

လုရှောင်ဖုန်းက နားလည်လိုက်သည်။

ငှက်အော်သံနှင့် ခွေးဟောင်သံများမှာ ထိုကလေးက လု
ဆောင်၍ ထွက်ပေါ်လာသော အသံဖြစ်သည်။

အလွန်ဉာဏ်ကောင်းသော ကလေးသူငယ်တစ်ယောက် ဖြ
သည်။



လုရှောင်ဖုန်းက သူ့အား ပြုံးပြလိုက်သည်။

'ခုနက ငှက်အော်သံနဲ့ ခွေးဟောင်သံကို မင်းက အော်လိုက်
တာလား'

ကလေးငယ်က ခေါင်းမော့လိုက်သည်။

'ဟုတ်တယ်'

လုရှောင်ဖုန်းက....

'မင်း သိပ်တော်တာပဲ'

ကလေးငယ်မှာ သဘောကျသွား၏။

'ဒါတင်ဘယ်ကမလဲ၊ ခွေးထီးနဲ့ ခွေးမကိုက်တာကိုလဲ ကျွန်
တော် အသံတု လုပ်ပြတတ်တယ်၊ ကျွန်တော့်ကို မုန့်ဖိုးပေးရင်
ကျွန်တော်လုပ်ပြမယ်'

လုရှောင်ဖုန်း၏မျက်လုံးအစုံသည် ရုတ်တရက် ဝင်းလက်သွား
လေသည်။

ဆတ်ခနဲ တရပ်လိုက်၏။

ကလေးငယ်ကို ပွေ့ချီပြီး သုံးလေးကြိမ် နမ်းရှုံ့လိုက်သည်။

ငွေတုံးတစ်တုံးကိုလည်း ကလေး၏လက်ထဲသို့ ထည့်ပေး
လိုက်၏။

'ကျေးဇူးတင်လိုက်တာ၊ ကျေးဇူးတင်လိုက်တာ'

ကလေးငယ်မှာ ကြောင်အမ်းအမ်းဖြင့်...

'ကျွန်တော့်ကိုလဲ ငွေပေးသေးတယ်၊ ကျေးဇူးတင်တယ်လဲ
ပြောတော့ ဘာဖြစ်လို့လဲ'

လုရှောင်ဖုန်းက...

'မင်းက ငါ့ရဲ့အသက်ကို ကယ်လိုက်လို့'

သူက အားရပါးရ ရယ်မောရင်း ကလေးငယ်ကို ထပ်မံနမ်း လိုက်သည်။

သူသည် ခွေးဟောင်သံသုံးချက် အော်လိုက်ပြီးနောက် ကျွမ်း တစ်ပတ်ထိုး၍ အဝေးသို့ပြေးလွှားသွားလေသည်။

အဖေးငယ်က သူ့အား ထိတ်လန့်စွာ ကြည့်နေမိ၏။

သူသည် လုရှောင်ဖုန်းမှာ အရူးတစ်ယောက်ဟု ထင်မှတ် ရလေသည်။

....၀....

ဝေလေငါး လောင်းကစားအိမ်သည် နေ့ရောညပါ ဖွင့်ထား သော လောင်းကစားအိမ်တစ်ခု မဟုတ်ပါ။

မိုးမချုပ်မချင်း တံခါးမဖွင့်ပါ။

မိုးမလင်းမီ ပိတ်ထားလိုက်ပြီ ဖြစ်လေသည်။



နေ့ဘက်ဆိုလျှင် ငွေရှာသောအချိန်ဖြစ်သည်။

ထို့ကြောင့် ငွေရှာနိုင်ရန် သူက အလုပ်မလုပ်ဘဲ တံခါးပိတ် ထားခြင်း ဖြစ်သည်။

မိုးချုပ်လာသောအခါ ငွေရှား၍ရပြီးဖြစ်သည်။

ထို့ကြောင့် လောင်းကစားအိမ်သည် မိုးချုပ်မှ စတင်ဖွင့် လှစ်၍ လောင်းကစားနေခြင်း ဖြစ်လေသည်။

....၀....

ယခု....

မိုးမချုပ်သေးပါ။

လုရှောင်ဖုန်းသည် တိတ်ဆိတ်ပြီး ရှည်လျားသောလမ်းကြား ထဲသို့ ဖြတ်ကျော်လိုက်၏။

ဝေလေငါး လောင်းကစားအိမ်သို့ ရောက်လာသောအချိန်မှာ လောင်းကစားခြင်း မပြုသေးပါ။

သို့သော် တံခါးမှာ ဖွင့်ထားသည်။

မိုးချုပ်မီ မည်သူကမျှ ဤလောင်းကစားအိမ်ထဲသို့ ဝင်ရောက်လာကြခြင်း မရှိပါ။

ဤသည် အများက သိရှိနားလည်ထားသော စည်းကမ်းချက်ဖြစ်သည်။

လုရှောင်ဖုန်းက တံခါး တွန်းဖွင့်ပြီး လှမ်းဝင်လိုက်သည်။

အသစ် ဝယ်လာသော ဝတ်ရုံနက်ကို ချွတ်ပြီး ဆောင်းထားသော ဦး ထုပ်ကို ချွတ်လိုက်သောအခါ....

လူသန်ကြီး နှစ်ယောက်က သူ့ ရှေ့ သို့ လာရောက်ရပ်နေ၏။

မည်သည့် လောင်းကစားအိမ်မဆို ကြေးတမ်းစား လူမိုက်များ ထားရှိရမည် ဖြစ်သည်။

ဝေလငါး လောင်းကစားအိမ်မှာလဲကြေးစားလူမိုက်မနည်း ရှိပါသည်။

နွားကြီးနှင့် မျက်ကန်းတို့ နှစ်ယောက်သည် ထိုလူမိုက်ထဲမှ ကြောက်မက်ဖွယ်ရာ အကောင်းဆုံးလူ ဖြစ်၏။

မျက်ကန်းဆိုသူမှာ အမှန်တော့ မျက်လုံး မကန်းပါ။ သူက သူ၏ ပြူးကျယ်သော မျက်လုံး အစုံဖြင့်....

လုရှောင်ဖုန်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်နေ၏။

'ဒီနေရာကို မင်း ရောက်ဘူးသလား'

လုရှောင်ဖုန်းက....

'ရောက်ဘူးပါတယ်'

မျက်ကန်းက....

'ရောက်ဘူးရင် ဒီနေရာရဲ့ စည်းကမ်းကိုလဲ နားလည် သင့်တာပေါ့'



လုရှောင်ဖုန်းက....

'လောင်းကစားအိမ်မှာ စည်းကမ်းရှိလို့လား'

မျက်ကန်းက....

'ရှိတာပေါ့၊ နေပြည်တော် ရုံးထက်တောင် စည်းကမ်းကြီးသေးတယ်'

လုရှောင်ဖုန်းက ရယ်မောလိုက်သည်။

နွားကြီးက မျက်လုံးပြူး၍ ကြည့်နေ၏။

'မိုးမချုပ်သေးရင် သကြားမင်း ဆင်းလာတာတောင် ငါတို့က သူ့ ကို ကြွပါလို့ ခေါ်ကြည့်မှာပါပဲ'

လုရှောင်ဖုန်းက....

'ခဏလေး ဝင်ကြည့်ရုံတောင် မရဘူးလား'

နွားကြီးက

'မရဘူး'

လုရှောင်ဖုန်းက ပခုံးတစ်ချက် တွန့်လိုက်သည်။

ဝတ်ရုံကို လက်ပေါ် တင်ထားပြီး ထွက်သွားလေသည်။

သူက ခြေလှမ်း သုံးလှမ်းခန့်လှမ်းလိုက်ပြီးနောက် နောက်ပြန် လှည့်လိုက်သည်။

သူက တံခါး အပြင်ဘက်၌ ကျောက်တုံးသေး လေးခုကို လက်ညှိုးဖြင့် ထိုးပြလိုက်သည်။

'မင်းတို့ဟာ ဒီကျောက်တုံးကို မ မနိုင်ဘူးလို့ ကျုပ်လောင်း ရဲတယ်'

နွားကြီးက....

'မင်း ဘယ်လောက်ကြေး လောင်းမှာလဲ'

လုရှောင်ဖုန်းက....

'ငွေ တစ်ရာ'

နွားကြီးက မဲ့ပြုံး ပြုံးလိုက်ပြီးလက်ထစ်အက်ဖြင့်ကျောက်တွဲးတစ်တုံးကို မပြလိုက်သည်။

သူသည် ခွန်အား အလွန် ကြီးသဖြင့် နွားကြီးဟု တင်စားခေါ်ခံရခြင်း ဖြစ်လေသည်။

လုရှောင်ဖုန်းက အက်ပြင်းတစ်ချက် ချလိုက်သည်။

'ဝါ ရှုံးသွားပါပြီကွာ'

သူသည် တစ်ရာတန် ငွေလွှဲလက်မှတ် တစ်စောင်ကို ထုတ်ပြီး ပေးလိုက်သည်။

ငွေတစ်ရာဆိုသည့် အရည်အတွက်မှာနည်းလှသော ငွေမဟုတ်ပါ။

အနည်းဆုံး ခြောက်လခန့် သုံးနိုင်သော အရည်အတွက်ဖြစ်သည်။

နွားကြီးက မယုံကြည်စွာဖြင့် ကြောင်အမ်းအမ်း ရပ်နေ၏။

မျက်ကန်းက သူ့ အစား လှမ်းယူလိုက်သည်။

သူသည် ငွေလွှဲလက်မှတ်ကို သေချာစွာ ကြည့်လိုက်ရာ သူ၏ မျက်လုံးအစုံ ဝင်းလက် တောက်ပသွား၏။

ငွေလွှဲလက်မှတ်မှာ မှန်ကန်တိကျသော လက်မှတ် ဖြစ်သည်။

မျက်ကန်း၏ မျက်နှာပေါ်တွင် ပြုံးရောင် သန်းလာလေသည်။



သူ၏ လေသံမှာလည်း ပျော့ပြောင်းသွားသည်။

'ခင်ဗျား အပြင်ထက်မှာ တစ်ပတ်လောက် လျှောက်လည်ပါဗျာ၊ ပြန်လာတဲ့ အခါမှာ ကျုပ်က ကောင်းကောင်းမွန်မွန် ပြုစုပေးပါ့မယ်'

လုရှောင်ဖုန်းက

'ငါ ဒီမှာပဲ တစ်ပတ်လောက်လျှောက်ပါ့မယ် ရမလား'

နွားကြီးက....

'မရဘူး'

လုရှောင်ဖုန်းက....

'ဘာဖြစ်လို့လဲ'

နွားကြီးက....

'မိုးမချုပ်သေးတဲ့အတွက် ကောင်းကစားမှု မပြုရဘူး'

လုရှောင်ဖုန်း၏မျက်နှာ ခက်ထန်လာလေသည်။

'ဒါဖြင့် မင်းက ဘာဖြစ်လို့ ငါနဲ့ကောင်းကစားရတာလဲ'

နွားကြီးက ခေါင်းသွင်သွင် ခါယမ်းလိုက်သည်။

'ကျုပ် မလောင်းမိပါလား'

လုရှောင်ဖုန်းက မဲ့ပြုံး ပြုံးလိုက်သည်။

'မင်းနိုင်လို့ ငါတောင် ငွေတစ်ရာပေးလိုက်တယ် မဟုတ်လား'

နွားကြီး၏မျက်နှာတစ်ခုလုံး နီရဲသွားသည်။

သို့သော် ပြန်လှည့်ငြင်းဆိုရန်စကား ရှာမရပါ။

သူသည် လက်သီးကျစ်ကျစ် ဆုပ်လိုက်သည်။

ထိုအချိန် လုရှောင်ဖုန်းအား လက်ညှိုးတစ်ချောင်းဖြင့် သူ့အား မခွဲသော ကျောက်တုံးကြီးပေါ်သို့ ထိုးလိုက်ရာ....

ကျောက်တုံးကြီးမှာ အပေါက်ကလေးတစ်ပေါက် တွေ့ရှိရလေသည်။

နွားကြီး၏မျက်နှာနီရဲနေရာမှ ဖြူဖပ် ဖြူလျော် ဖြစ်သွားသည်။

ကျစ်ကျစ်ပါအောင်ဆုပ်ထားသောလက်သီးသည်း ဖြေလိုက်လေသည်။

မျက်ကန်းက ချောင်းတစ်ချက် ဟန့်လိုက်သည်။

သူသည် တစ်တောင်ဆစ်ဖြင့် နွားကြီးအား မသိမသာ တွက်ဆိုက်သည်။

'မိုးချုပ်နေတာမှာပဲ၊ ဒီအညှော်သည်တွေ ခရီးဝေးက လာရတဲ့အတွက် လက်မခံရင် အားနာစရာကောင်းပါတယ်'

နွားကြီးက မျက်နှာချိုသွေးလိုက်သည်။

'ဒါလဲ ဟုတ်ပါတယ်၊ ကဲပါဗျာ...ခင်ဗျားကို အားနာလို့ပါ၊ ကြိုက်သလိုနေနိုင်ပါတယ်၊ အော်ကြာ လောင်းကစားနေတာမှာပေါ့'

နွားကြီးက ချက်ဆို နားခွက်ကမီးတောက်သည်။

လုရှောင်ဖုန်းက ရယ်မောလိုက်သည်။

သူသည် သူတို့၏ ပခုံးအား ပုတ်လိုက်သည်။

'မင်းတို့ မိတ်ဆွေပီသပါပေတယ်၊ ကိုယ်နိုင်ရင် မင်းတို့ကို ချက်လိုက်တိုက်ပါမယ်'



သူ့အား စကားဆက်လိုက်သည်။

'ပန်းချယ်ရီစားသောက်ဆိုင်မှာ ကျွေးမှာနော်'

နွားကြီးနှင့် မျက်ကန်းတို့သည် ဝမ်းသာ အံ့သြလွန်း၍လားမသိ၊ ပါးစပ်ဟောင်းလောင်း ဖြစ်ကုန်ကြလေသည်။

—....

ပန်းချယ်ရီစားသောက်ဆိုင်....

ပန်းချယ်ရီစားသောက်ဆိုင်သည် ဤမြို့တွင် အလွန်ခန့်ညားသော စားသောက်ဆိုင်တစ်ဆိုင် ဖြစ်သည်။

သို့သော်....

ဤနေရာနှင့်နှိုင်းယှဉ်ပါက လိုက်၍မမီပေ။

အခန်းတစ်ခုလုံး ရွှေရောင်များဖြင့် မွမ်းမံခြယ်သထားသည်။

ဖယောင်းတိုင်စွန်းထားသော ခွက်ကိုပင် ငွေနှင့်ပြုလုပ်ထားသည်။

ထို့ကြောင့် ဤနေရာသို့ ရောက်လာကြသော လူများသည် ငွေကုန်ကြေးကျများသည်ကို ဘယ်သူကမှ ညည်းညူခြင်း မရှိကြပါ။

နံရံ၏ လေးဘက်လေးတန်တွင် ပန်းချီကားချပ်များ စုံလင်စွာ ချိတ်ထားသည်မှာလည်း အလွန်ကျက်သရေရှိသည်။

အကြီးဆုံး သဘာဝရှုခင်းကားချပ်မှာ အခန်း၏ အလည် ဟိုဘက် ချိတ်ဆွဲထားလေသည်။

ပန်းချီဆရာမှာလည်း အလွန်နုသေးပုံရသည်။

ထို့ကြောင့် ပန်းချီကားပေါ်မှ ရေးဆွဲထားသော တောတောင် ရေမြေများကို မင်ရည်များ ဖိတ်စဉ်ထားသည့်အလား ညည်းနက်၍နေ၏။

လုရှောင်ဖုန်းသည် ထိုပန်းချီကားချပ်ကြီးကို အလွန်စိတ်ဝင်စားပုံ ရသည်။

သူသည် ကားချပ်ကြီးရှေ့တွင် နေရာအမျိုးမျိုး ပြောင်း၍ သေသေချာချာ ကြည့်သည်။

သူက မခွဲရက်မခွာနိုင်တဲ့ ကြည့်နေ၏။

နွားကြီးနှင့် မျက်ကန်းတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြသည်။

သူတို့၏ဟန်မူရာမှာ အလွန်ထူးဆန်းနေ၏။

မျက်ကန်းက မျက်လုံးပြူးပြလိုက်သည်။

'ဒီပန်းချီကားဟာ ကျုပ်တို့သူဌေးရဲ့ ယောက်ဖက ရေးဆွဲထားတာဗျ၊ သူ့ရဲ့လက်ရာက ကျုပ်ထက် ညံ့ပါတယ်ဗျာ'

သူက စကားဆက်လိုက်သည်။



'ဟိုဘက်မှာ ချိတ်ထားတဲ့ ပန်းချီကားချပ်ဟာ တကယ့်ပန်းချီဆရာရဲ့ လက်ရာကောင်းပါ'

နွားကြီးက လုရှောင်ဖုန်းအား ပြုံးပြလိုက်သည်။

'ခင်ဗျား ကြည့်ချင်ရင် ကျုပ် လိုက်ပို့ပေးပါမယ်'

လုရှောင်ဖုန်းက....

'ကျုပ်က တကယ် ပန်းချီကားချပ်ကို မကြည့်ချင်ဘူး'

နွားကြီးက...

'ဘာဖြစ်လို့လဲ'

လုရှောင်ဖုန်းက....

'တကယ် ပန်းချီကားကို ကြောင်တောင်ကြည့်လို့ရတယ်၊ အခုလိုဖြစ်သလို ရေးတဲ့ ပန်းချီကားချပ်က ကြည့်ရခဲတယ်'

နွားကြီး၏ မျက်နှာ နီရဲသွားပြန်လေသည်။

သူက အဘယ့်ကြောင့် ယခုကဲ့သို့ မျက်နှာ နီရဲသွားပါသနည်း။

သူတို့သည် အချင်းချင်း မျက်လုံးချင်း ဖလှယ်လိုက်ပြန်လေသည်။

သူတို့သည် တိတ်တဆိတ်ဖြင့် လုရှောင်ဖုန်း၏ နောက်သို့ ရောက်သွားသည်။

ရုတ်တရက် လှုပ်ရှားလိုက်သည်။

သူတို့သည် လုရှောင်ဖုန်းအား ဝဲယာမှနေ၍ ဖမ်းချုပ်ထားလိုက်လေသည်။

လုရှောင်ဖုန်းမှာ လုံးဝ ရုန်းကန်နိုင်ခြင်း မရှိတော့။

မျက်ဆန်းက မဲ့ပြုံး ပြုံးလိုက်သည်။

'အီလူက ခိုးကြောင်ခိုးဝှက်နဲ့ ကောင်းတဲ့အကောင် မဟုတ်ဘူး၊ သူ့ကို ထားလို့မဖြစ်ဘူး'

နွားကြီးက....

'ငါတို့ သူ့ကို အပြင်ထုတ်လိုက်မယ်၊ သူ့လက်နှစ်ဘက်ကို အရင်ဆုံး ဖျက်ဆီးလိုက်မယ်'

သူတို့နှစ်ယောက်သည် လုရှောင်ဖုန်းအား အမိအရ ဖမ်းမိထားနိုင်သဖြင့် ဘဝင်မြင့်ကာနေလေသည်။

သူတို့သည် ကျားတစ်ကောင်က သိုးတစ်ကောင်အား ဖမ်းဆီးထားသည့်အလား ပျော်ကြွားနေ၏။

ကံဆိုးသည်မှာ သူတို့ ဖမ်းမိထားသည်မှာ တကယ့် သိုးတစ်ကောင်မဟုတ်ဘဲ သိုးသားရေ ခြုံထားသော ကျားတစ်ကောင် ဖြစ်နေ၏။

နွားကြီးနှင့် မျက်ဆန်းတို့သည် လုရှောင်ဖုန်းအား အပြင်သို့ ပစ်ပေါက်ရန် ဟန်ပြင်လိုက်သည်။

ရုတ်တရက် လုရှောင်ဖုန်း၏ ခန္ဓာကိုယ်သည် အလွန်လေးလံသွားသည်ဟု ခံစားလိုက်ရလေသည်။

ထိုတိုက အံ့သြနေစဉ် သူတို့နှစ်ယောက်၏ ခန္ဓာကိုယ်သည် ရုတ်တရက် ပေါ့ပါးလာပြီး အပေါ်သို့ မြောက်သွားလေသည်။

လုရှောင်ဖုန်းက သူတို့နှစ်ယောက်အား လက်တစ်ဘက်စီဖြင့် မ,ယူလိုက်ပြီးနောက် သူတို့၏ ဦးခေါင်း အချင်းချင်း တိုက်မိသွားရာ....



'ဝုန်း....'

သူတို့နှစ်ယောက်သည် မြေပေါ်သို့ လဲကျသွားကာ လေးစားကြီးကို ခေတ္တ မေ့လျော့သွားလေသည်။

....ဝ....

လုရှောင်ဖုန်းသည် ခေါင်းမော့၍ ပန်းချီကားချပ်အား ကြည့်နေပြန်သည်။

'ဟုတ်တယ်ဟ၊ ဒီပန်းချီကားက တကယ် ညံ့လွန်းပါတယ်၊ ဒါနဲ့ ဒီလူတို့က ဘာဖြစ်လို့ အခန်းရဲ့အလယ်တည့်တည့်မှာ ချိတ်ထားရတာလဲ'

သူက ထင်းသို့ တစ်ကိုယ်တည်းပြောပြီး ပန်းချီကားချပ်အား ဆွဲဖြုတ်လိုက်လေသည်။

ပန်းချီကားချပ် စုတ်ပြဲလိုက်သည်နှင့် နောက်တွယ် နံရံမှာ သို့ဝှက်တံခါးတစ်ချပ် ရှိနေသည်ကို တွေ့ရလေသည်။

လုရှောင်ဖုန်း၏ မျက်လုံးအစုံသည် ဝင်းလက်သွားသည်။ ထို့နောက် ပြုံးလိုက်လေသည်။

'ပန်းချီဆရာချုပ်အေ လက်ရာ ညံ့မယ်မဲ့ မဟုတ်သော်လည်း လျှို့ဝှက်တံခါး လုပ်ထားပုံက အလွန်တော်နေပါလား'

....o....

လောင်းကစား လုပ်ငန်းသည် သာမာအာဇီဝ လုပ်ငန်းတစ်ခု မဟုတ်ပါ။

ယင်းလုပ်ငန်းကို လုပ်ကိုင်နေကြသော လူများသည် သူတို့၏ နေထိုင်စားသောက်ရာတွင် သာမန်လူနှင့် မတူပါ။

ထမင်းစားခြင်း အနားယူအိပ်စက်ခြင်းသည်း တစ်မျိုးစီ ဖြစ်နေ၏။

ယခုအချိန်သည် သူတို့၏ ထမင်းစားသောက် နေကြသော အချိန်ဖြစ်သည်။



ထို့ကြောင့် မျက်အာန်းနှင့်နွားကြီးတို့ နှစ်ယောက်တည်းသာ အစောင့်ချထားခြင်း ဖြစ်လေသည်။

ယခု နွားကြီးနှင့်မျက်အာန်းတို့ နှစ်ယောက်သည် မြေပေါ်၌ အတိမေ့လဲလျောင်းနေပြီး ဖြစ်သည်။

လုရှောင်ဖုန်းသည် လက်နှစ်ဘက်ကို တစ်ခါကြာပွတ်လိုက်သည်။

ထို့နောက် မျက်လုံးမှိတ်၍ လက်ညှိုးတစ်ချောင်းဖြင့် လျှို့ဝှက်တံခါးကြားအလေးသို့ ထိုး၍အထက်အောက်သို့ ရွှေ့လျားလိုက်လေသည်။

အတန်ကြာပြုလုပ်ပြီးနောက်....

'ဖွင့်'

ဟု အော်လိုက်ရာ....

'ချက်'

ဟူသောအသံနှင့်အတူ လျှို့ဝှက်တံခါးသည် ဖူးဆန်းစွာ ပွင့်သွားလေသည်။

တံခါးပေါက်၏နောက်ကွယ်တွင်ကျောက်လှေကားထစ်များ ရှိသည်။

ကျောက်လှေကားထစ် ဆယ်ဆစ်သို့ ဆင်းသွားမိသည်နှင့် မြေအောက်လမ်းတစ်ခုသို့ ရောက်ရှိမိလေသည်။

မြေအောက်လမ်းတွင် မီးအိမ်ရှိသည်။ မီးအိမ်အောက်တွင် တံခါးပေါက်တစ်ပေါက် ရှိပြန်လေသည်။

တံခါးပေါက်၏ ဝဲယာတစ်ဖက်တစ်ချက်တွင် လူနှစ်ယောက် ဓားကိုယ်စီဖြင့်ရပ်နေကြသည်။

ထိုလူနှစ်ယောက်သည် ကျောက်ရုပ်ပမာရပ်နေရာ လုရှောင်ဖုန်းရောက်လာသည်ကိုပင် မတွေ့မြင်လိုက်သည့်အလား ငေးငိုင်ယှက်ရပ်လျက်....

လုရှောင်ဖုန်းက ချောင်းတစ်ချက်ဟန့်လိုက်သည်။

'အဟမ်း'

ထိုလူနှစ်ယောက်က မကြားလိုက်သည့်ဟန်ကဲ့သို့ရှိ၏။

'ဂျိန်း'

လျှို့ဝှက်တံခါးပေါက်သည် မြန်လည် ပိတ်သွားလေသည်။

လုရှောင်ဖုန်းက ဆက်လက်လျှောက်သွားသည်။

တံခါးပေါက်မှ လူနှစ်ယောက်က ဟန့်တားခြင်းပြု အသံလည်းမထွက်ပါ။

လုရှောင်ဖုန်းက တံခါးအားတွန်းလိုက်ရာ တံခါးပွင့်သွားလေသည်။

အခန်းထဲ၌ မီးရောင်များထိန်ထိန်လင်းနေ၏။ လူသုံးယောက်က ထိုင်နေ၏။



ငင်းသုံးယောက်အနက် နှစ်ယောက်ကို လုရှောင်ဖုန်းက သိသားသူများ ဖြစ်လေသည်။

တစ်ယောက်အမိန်းမချောလေးဖြစ်သည်။ သူမသည် ဓမ္မစေ့ကိုဓလောက်၍ထိုင်နေ၏။

သူမသည် လုရှောင်ဖုန်းအားတွေ့မြင်လိုက်ရသောအခါ အေးတိ အေးစက်သောအသံဖြင့်....

'ရှင်က ဘယ်နှယ်အခုမှ ရောက်လာရတာလဲ'

ဟု မေးလိုက်လေသည်။

.....ဆက်

## လျှို့ဝှက်ခန်း

ထိုမိန်းမလေးမှာ ရေခဲဆောင်လိန်ယိုစွမ်းဖြစ်သည်။

သူမသည် ဖန်းရှိဝေ၏မျက်နှာချင်းဆိုင်တွင် ထိုင်နေ၏။

'ရေခဲဆောင် တော်တော်ချောတယ်နော်၊ တော်ကြာ လိမ့်ကျလာမှဖြင့်....'

ဖန်းရှိဝေက ပြုံး၍အရက်ခွက်ကိုမြှောက်၍ ပြောလိုက်သည်။ လူရှောင်ဖုန်းကလည်း ရယ်မောလိုက်သည်။ အားရပါးရ ရယ်မောလိုက်သည်။



ဖန်းရှိဝေက....

'မင်းစိတ်ဆိုးတဲ့အခါမှာ ရယ်တတ်တယ်လို့ ပြောသံကြားတယ်၊ ဟုတ်ရဲ့လား'

လူရှောင်ဖုန်းက ဆက်ဆက်ရယ်မောနေ၏။

ဖန်းရှိဝေက ရယ်မောရာမှ ချိုပြုံးပြုံးဆိုလေသည်။

'ငါ့ကို မင်းစိတ်ဆိုးနေတယ်ဆိုတာ သိပါတယ်၊ ဒါပေမယ့် ငါက ကြိုတင်တားပါသေးတယ်'

လူရှောင်ဖုန်းက....

'ငါ့သူငယ်ချင်းတစ်ယောက်က ငါ့ကိုရေခဲတောဖမ်မတက်ဖို့ တားခဲ့တယ်ဆိုတာ မှတ်မိပါတယ်၊ သူကတော့ ဖန်းရှိဝေပါပဲ'

ဖန်းယုဝေက ကျေနပ်သွားသည်။

'မင်း မှတ်မိလိမ့်မယ်လို့ ငါထင်မိသားပဲ'

လူရှောင်ဖုန်းက....

'မင်းက ဖန်းယုဝေ ဆိုတာ ဟုတ်လို့လား'

ဖန်းယုဝေက သက်ပြင်းချလိုက်သည်။

'ပထမတုန်းကတော့ တခြားလူအဖြစ် ရုပ်ဖျက်မလို့ပါပဲ၊ ဒါပေမယ့် မတူမှာကိုကြောက်လို့'

လူရှောင်ဖုန်းက....

'မင်းက လူရှောင်ဖုန်းလို့ ရုပ်ဖျက်လိုက်ရင်လဲ တူပါတယ်လေ'

ဖန်းယုဝေက မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။
လူရှောင်ဖုန်းက တစ်ဘက်သို့ လှည့်လိုက်သည်။

'ခင်ဗျားကော လိန်ယုစွမ်း အစစ်လား'

ဖန်းရှိဝေက ကြားဖြတ်လိုက်သည်။

'မဟုတ်ဘူး'

လူရှောင်ဖုန်းက...
'ဒါဖြင့် သူက ဘယ်သူလဲဆိုတာ မင်းသိလား'

ဖန်းရှိဝေက...
'သူ့အကြောင်း ငါ့ထက် ဘယ်သူကမှ ပိုမသိနိုင်ဘူး'

လူရှောင်ဖုန်းက...

'ဘာဖြစ်လို့'

ဖန်းရှိဝေက...

'သူမွေးဖွားတဲ့ အချိန်မှာ ငါ သူ့အနားမှာရှိတယ်'

လူရှောင်ဖုန်းက...

'သူက မင်းရဲ့ညီမပေါ့'
ဖန်းရှိဝေက...



'မှတ်တယ်၊ သူ့နာမည်က ဖန်းရှိရှမ်းပါ'
လူရှောင်ဖုန်းက ရယ်မောလိုက်ပြန်လေသည်။

သူတို့ခေါင်းနှင့်ကြားမှ ထိုင်နေသော လူမှာ တန်ဖိုးကြီးသော အဝတ်အစားများ ဝတ်ဆင်လျက် အဉ်ကျေးသိမ်မွေ့သည်။

သူ၏ အသက်မှာ လေးဆယ်ခန့် ရှိသော်လည်း အသားအရည် နူးညံ့ဖြူဖွေးပြီး မိန်းမလေး တစ်ယောက်နဲ့တူလှပေသည်။
လူရှောင်ဖုန်းက သူ့အား ကြည့်လိုက်သည်။
'သူက ဖန်းရှိဝေဖြစ်ရင် ခင်ဗျားက မုတ်ဆိတ်ဖြူ ဖြစ်ရမယ်'
ထိုလူက ပြုံးလိုက်သည်။
'ငါ နဂိုက မုတ်ဆိတ်ပြောင ပါပဲလေ'

လူရှောင်ဖုန်းက...
'ဒါပေမယ့် ခင်ဗျားမှာ မုတ်ဆိတ်မွေးမှ မရှိပဲ၊ အဖြူ-အနီ-အပြာ မုတ်ဆိတ်လဲ ရှိမှာလား'

ထိုလူက ပြုံးလိုက်သည်။

'ခင်ဗျားကော ဆေး ရှိလို့လား'

(ဖုန်း၏ ဆစ်မွှာယ်မှာ ဆေးဖြစ်သည်။)

လူရှောင်ဖုန်းက...

'မရှိဘူး'

မုတ်ဆိတ်ဖြူက...

'လုရွှောင်ဖုန်းမှာ လေစုမ ရှိရင် မုတ်ဆိတ်ပြာမှာလဲ ဘာမုတ်ဆိတ်မှ မရှိလို့ သာဖြစ်သလဲ'

လုရွှောင်ဖုန်းက သူ့ အစားအစာန်ကြာ ကြည့်လိုက်သည်။

'ခင်ဗျား ပြောတာ မှန်ပါတယ်၊ ဒါပေမယ့် ခင်ဗျားကို ဘာကြောင့် မုတ်ဆိတ်ပြာလို့ ခေါ်ကြတယ်ဆိုတာ စဉ်းစားမရလို့ပါ'

မုတ်ဆိတ်ပြာက....

'လောင်းကစား အိမ်ဖွင့်တယ်ဆိုတာ လွယ်တဲ့ အလုပ်တစ်ခု မဟုတ်ပါဘူး၊ ခင်ဗျားက သူများကို မပိုင်ရင် သူများက ခင်ဗျားကို အပိုင်လုပ်သွားမှာ၊ ကျုပ်လိုလူမျိုးအနေနဲ့ ဒီလုပ်ငန်းကို လုံးဝ မလုပ်သင့်ပါဘူး'

လုရွှောင်ဖုန်းက....

'ခင်ဗျားဟာ ရိုးရိုးသားသားနဲ့နဲ့ နွှောင်းနွှောင်းကိုမြင်ရတော့ ခင်ဗျားကို အနိုင်ကျင့်ဖို့ ဖြစ်လာတာပေါ့ ဟုတ်လား'

မုတ်ဆိတ်ပြာက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ဒါကြောင့် ကျုပ်က နည်းလမ်းတစ်ခု ရှာဖွေတယ်လေ'

လုရွှောင်ဖုန်းက...

'ဘာနည်းလမ်းလဲ'

မုတ်ဆိတ်ပြာက သူ၏ စကားကို မပြောပါ။



သူသည် တစ်ဘက်သို့ လှည့်လိုက်ပြီး အင်္ကျီလက်ပွဖြင့် မျက်နှာကို ကွယ်ထားလိုက်သည်။

သူသည် ပြန်လှည့်လိုက်သောအခါ သူ၏ မျက်နှာတစ်ခုလုံးမှာ မူလ မဟုတ်တော့ပဲ....

အလွန် ကြမ်းတမ်းပြီး ကြောက်မက်ဖွယ်ရာ ကောင်းသော မျက်နှာတစ်ခု ပြောင်းလဲသွားသည်။

သူ၏ မုတ်ဆိတ်မွေးများမှာလည်း နီအပြာရောင် ဖြစ်နေလေသည်။

လုရွှောင်ဖုန်းက ကြောင်အမ်းအမ်း ဖြစ်သွားသည်။

တစ်ခဏ ကြာတော့မှ အားရပါးရ ရယ်မောလိုက်လေသည်။

'ကျုပ် နားလည်ပါပြီ၊ မုတ်ဆိတ်ပြာက ဉာဏ်နီဉာဏ်နက်တော်တော် ကြွယ်ဝတာကိုး၊ ကျုပ်တော့ သဘောကျပြီဗျ'

မုတ်ဆိတ်ပြာက....

'လုရွှောင်ဖုန်းကိုလဲ ကျုပ်က သဘောကျသွားပါပြီ'

လုရွှောင်ဖုန်းက....

'ဟုတ်လား'

မုတ်ဆိတ်ပြာက....

'ခင်ဗျား ဒီကို တွေ့အောင် ရှာလာလိမ့်မယ်လို့ ကျုပ်တို့ကြိုတင် ခန့်မှန်းပြီးသားပါဗျာ'

လုဲရှောင်ဖုန်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

'ငါ့ကိုယ်ငါ ဒီနေရာရောက်အောင် လာနိုင်လိမ့်မယ်လို့ မစဉ်းစားမိပါဘူးဗျာ'

မုတ်ဆိတ်ပြာက....

'အခုတော့ ခင်ဗျား ရောက်လာပြီ မဟုတ်လား'

လုဲရှောင်ဖုန်းက....

'ဒါအခုတော့ ကျုပ် ကံကောင်းတယ်လို့ သိရမှာပဲ၊ ကျုပ်က ခွေးလို ဟောင်တတ်တဲ့ ဘူယောင်လေး တစ်ယောက်နဲ့ တွေ့ခဲ့လို့'

မုတ်ဆိတ်ပြာက....

'ခွေးလိုဟောင်တတ်တဲ့ ကြက်ကလေးတွေ တော်တော် များပါတယ်'

လုဲရှောင်ဖုန်းက....

'အချို့လူတွေက ခွေးဟောင်သံလုပ်တတ်တဲ့အပြင် ပါးစပ်က အသံမျိုးစုံကို လုပ်တတ်တဲ့ ပညာရှိတယ်ဗျာ'

မုတ်ဆိတ်ပြာက...

'အသံအမျိုးမျိုး လုပ်တတ်တဲ့ လူတစ်ယောက်ကို ကျုပ်သိတယ်ဗျာ'

သူက စကားဆက်လိုက်သည်။



'အဲဒီလူက ချောင်းရေစီးနေတဲ့အသံကို တကယ့်တူအောင် အသံတုလုပ်တတ်တယ်ဗျ'

လုဲရှောင်ဖုန်းက....

'ဒီလူကြည့်ရတာ အသံတုတွေ တတ်တဲ့အပြင် ဗိုက်နဲ့စကားပြောတဲ့ပညာလဲ တတ်မယ်ထင်တယ်'

မုတ်ဆိတ်ပြာက....

'မှင်းလဲ ဒီအကြောင်း ကျွမ်းသားပဲ'

လုဲရှောင်ဖုန်းက....

'ပညာအမျိုးတစ်ရာထဲမှာ ကျုပ်က အမျိုးရှစ်ဆယ်လောက် ကျွမ်းကျင်တယ်ဗျာ၊ အမှန်တော့ ကျုပ်ချမ်းသာဖို့ကောင်းတယ်၊ ဒါပေမယ့် ကျုပ်မှာ ချွတ်ယွင်းချက်အဖေးကြီးတစ်ချက် ရှိနေလို့'

မုတ်ဆိတ်ပြာက....

'ဘာချွတ်ယွင်းချက်များပါလိမ့်'

လုဲရှောင်ဖုန်းက....

'ကျုပ်က မိန်းမကိုချစ်တတ်တယ်၊ အထူးသဖြင့် ချောအပ်တဲ့ မိန်းမကိုမှ ချစ်တတ်လို့ပါ'

သူက သက်ပြင်းတစ်ချက် ချလိုက်၏။

'ဒါကြောင့် ကျုပ်က ဉာဏ်ကောင်းတယ်၊ အရည်အချင်းရှိတယ်၊ ဒါပေမယ့် ခဏခဏ အလိမ်ခံရတယ်ဗျ'

မုတ်ဆိတ်ပြာက....

'မန်းမအလှိမ် မခံဖူးတဲ့ယောကျ်ားဟာ တကယ့်ယောကျ်ား မဖြစ်နိုင်ပါဘူး'

လုရှောင်ဖုန်းက....

'ကျုပ်က တကယ့်ယောကျ်ားမို့ ခင်ဗျားမိန်းမဆင်ထား ထောင်ချောက်ထဲကို တိုးဝင်မိတာပေါ့ဗျာ'

မုတ်ဆိတ်ပြာက....

'အဲဒီအချိန်မှာ သူက ခင်ဗျားကို ဒီနေရာပြန်ခေါ်လာတာ မသိလိုက်ဘူး မဟုတ်လား'

လုရှောင်ဖုန်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ခွေးလိုဟောင်တတ်တဲ့ သူငယ်လေးကို တွေ့ တော့မှ ကျုပ်ကြားခဲ့တဲ့ ချောင်းရေစီးသံ၊ လူအများစုရဲ့ ဆူညံ အသံဟာ အသံတုပညာရှင်တစ်ယောက်ရဲ့ ပါးစပ်က ထွက် မှန်း နားလည်တော့တယ်'

မုတ်ဆိတ်ပြာက ရယ်မောလိုက်သည်။

'ဒီလူက အသံတုပညာကို ကျွမ်းကျင်တဲ့အပြင် မြင်းလှည်း မောင်းတတ်တယ်'

လုရှောင်ဖုန်းက....

'လူမနေတဲ့အိမ်မှာ ထွက်နေတဲ့အသံတွေဟာ သူ့ရဲ့ မဟုတ်လား'



မုတ်ဆိတ်ပြာက....

'မဟုတ်ဘူး'

လုရှောင်ဖုန်းက ကြောင်အမ်းအမ်းဖြစ်သွားသည်။

'ဒါဖြင့် အသံက ဘယ်ကထွက်လာတာလဲ'

'ခင်ဗျားရောက်နေတဲ့ အိမ်ခန်းဟာ လောင်းကစားအိမ်ရဲ့ မြေအောက်မှာ ရှိတယ်လေ၊ ထွက်ပေါက်ကို ဖွင့်လိုက်တာနဲ့ အပေါ်ကအသံအားလုံး ကြားလိုက်ရတာ ဖြစ်ပါတယ်'

လုရှောင်ဖုန်းက မချိပြုံး ပြုံးလိုက်သည်။

'ဒါကြောင့် ငါက အိမ်ခန်းထဲက ဘယ်လိုလုပ်ထွက်လာတယ် ဆိုတာ စဉ်းစားလို့ မရအောင် ဖြစ်သွားတာပေါ့'

မုတ်ဆိတ်ပြာက....

'ကျုပ်တို့ ဘာကြောင့် ဒီလို လုပ်တယ်ဆိုတာ ခင်ဗျား သဘောပေါက်ပြီပေါ့'

လုရှောင်ဖုန်းက....

'ခင်ဗျားတို့က ကျုပ်ကို နဝေတိမ်တောင်ဖြစ်အောင် အိမ်ထဲမှာ လှောင်ထားပြီး ကျုပ်ကို ရုပ်ဖျက်ပြီးတော့ ပြစ်မှုတွေ ကျူးလွန်ခဲ့တယ်၊ ဒါကြောင့် ခင်ဗျားတို့ကျူးလွန်ခဲ့တဲ့ အပြစ်တွေကို ကျုပ်က ကျူးလွန်တယ်လို့ အားလုံးက စွပ်စွဲခဲ့ကြတာပေါ့ ဟုတ်လား'

မုတ်ဆိတ်ပြာက....

'မဟုတ်ဘူး'

လူရှောင်ဖုန်းက....

'ဘာဖြစ်လို့ မဟုတ်တာလဲ'

မုတ်ဆိတ်ပြာက....

'ကျုပ်တို့ရဲ့ ရည်ရွယ်ချက်က ခင်ဗျားအပေါ် အပြစ်ပုံဖို့ မဟုတ်ဘူး'

လူရှောင်ဖုန်းက....

'ဒါဖြင့်....'

မုတ်ဆိတ်ပြာက ...

'ကျုပ်တို့ရည်ရွယ်ချက်က ကျုပ်တို့အတွက် အလုပ်တစ်ခု လုပ်ပေးစေချင်လို့ပါ'

ဖန်းရှိဝေက ကြားဖြတ်လိုက်သည်။

'ဒီကိစ္စသာ အောင်မြင်မယ်ဆိုရင် ခင်ဗျားအပေါ် စွပ်စွဲထားတဲ့ အမှုကို ဖြေရှင်းပေးမယ့်အပြင် ခင်ဗျား လိုချင်တာကိုလဲ ပေးပါမယ်'

လူရှောင်ဖုန်းက မဲ့ပြုံးပြုံးလိုက်လေသည်။

'မင်းကို ငါက ယောက်ဖတော်ချင်တယ် ရမလား'



မုတ်ဆိတ်ပြာက ရယ်မောလိုက်သည်။

'ရတာပေါ့'

ထို့နောက် ပြုံး၍ စကားဆက်လိုက်သည်။

'သူငယ်ချင်းဆိုတာ ခြေလက်များနဲ့ တူတယ်၊ မိန်းမဆိုတာ အဝတ်အစားနဲ့ တူတယ်၊ အဝတ်အစားဟာ မကြာခဏ လဲလို့ရတယ် မဟုတ်လား'

လူရှောင်ဖုန်းက....

'ခင်ဗျား ဘယ်နှစ်ခါ လဲပြီးပြီလဲ'

မုတ်ဆိတ်ပြာက....

'တစ်ခါပဲ လဲဖူးပါသေးတယ်၊ ဈေးယောက်နဲ့ တစ်ယောက် လဲတာပါ'

လူရှောင်ဖုန်းက ရယ်မောလိုက်သည်။

'ခင်ဗျားလို လူမျိုးက အရှုံးခံပြီး လဲတယ်ဆိုတာ အံ့သြစရာ ကောင်းပါတယ်'

မုတ်ဆိတ်ပြာသည် ပန်းချီကားလိပ်များထဲမှ ပန်းချီကား တစ်လိပ်ကို ဆွဲထုတ်ပြီး လူရှောင်ဖုန်းအား ပေးလိုက်လေသည်။

'ဟောဒီပန်းချီကားကို လက်ခံပါ'

လူရှောင်ဖုန်းက....

'ဘယ်သူ့ရဲ့ ပန်းချီကားလဲ'

မုတ်ဆိတ်ပြာက....

'ဧလဇင်းတုပါ'

လုရှောင်ဖုန်းက....

'သူက ဘယ်သူလဲ'

မုတ်ဆိတ်ပြာက....

'ငါ့ရဲ့ အရင်တုန်းက ယောက်ဖပေါ့'

လုရှောင်ဖုန်းသည် ပန်းချီကားကိုလက်ခံလိုက်ပြီးမှ ချက်ချင်း ပြန်ပေးလိုက်လေသည်။

'တခြားလူရဲ့ ပန်းချီကားဆိုရင် ကျုပ် စိတ်ဝင်စားပါသေးတယ်၊ ဒီလိုပုဂ္ဂိုလ်ရဲ့ ပန်းချီကားကိုတော့ ကျုပ် လက်မခံဝံ့ပါဘူးဗျာ'

မုတ်ဆိတ်ပြာက ရယ်မောလိုက်သည်။

'ပြန့်ကြည့်ပါဦးလေ၊ ဘယ်လောက်ကြောက်စရာကောင်းတဲ့ ပန်းချီကားပဲဖြစ်စေ ကြာကြာကြည့်ရင် မကြောက်နိုင်တော့ပါဘူး'

လုရှောင်ဖုန်းက....

'ကျုပ်က ကြောက်လို့မဟုတ်ဘူး၊ ဒီပန်းချီကားကို ကြည့်မိရင် ခေါင်းထွက်ပြီး သေသွားမှာ စိုးလို့ပါ'

သူက ပန်းချီကားကို ပြန့်ကြည့်လိုက်လေသည်။

ပန်းချီကားပေါ်တွင် အမျိုးသမီးလေးယောက်ပုံ ရေးဆွဲထားသည်။

ယဉ်ရှယ်သော အမျိုးသမီးလေးယောက်က ပန်းခူးသူ ခူးပြီး လိပ်ပြာဖမ်းသူက ဖမ်းနေ၏။



အသက်အနည်းငယ်ကြီးသော အမျိုးသမီးတစ်ယောက်က ပန်းခင်းအောက်တွင် ရပ်၍....

အမျိုးသမီးသုံးယောက်ကို စောင့်ကြည့်နေပုံရှိသည်။

လုရှောင်ဖုန်းက....

'အဲဒီအမျိုးသမီးလေးယောက်က ဘယ်သူလဲ'

မုတ်ဆိတ်ပြာက....

ဒီအမျိုးသမီးလေးယောက်စလုံး နဂိုက ငါ့ရဲ့မိန်းမ ဖြစ်ပါတယ်'

လုရှောင်ဖုန်းက ဖန်းရှိရှမ်းအား လှည့်ကြည့်လိုက်သည်။

'ခင်ဗျား ဒီတစ်ခါ အလဲအလှယ်လုပ်လိုက်တာ အရှုံးမရှိပါဘူးဗျာ'

မုတ်ဆိတ်ပြာက....

'ကျုပ်ရဲ့ယောက်ဖဆိုးဟာ ဘယ်သူ့ကိုမှ မကြောက်ဘူး၊ ဒါပေမယ့် သူ့အစ်မကိုတော့ သိပ်ကြောက်တယ်'

သူက စကားဆက်လိုက်သည်။

'သူ ဒီပန်းချီရေးဆွဲတဲ့အခါမှာ သူ့အစ်မရဲ့ပုံကို လှလှဆွဲပြီး တစ်ခြား အမျိုးသမီးရဲ့ပုံကိုတော့ အကျည်းတန်အောင် ဆွဲပါတယ်၊ ဒီပန်းချီကားကိုကြည့်ပြီး သူတို့ကို လိုက်ရှာမယ်ဆိုရင် ရှာတွေ့မှာမဟုတ်ပါဘူး'

လုရှောင်ဖုန်းက မျက်လုံးပြူးကြည့်လိုက်သည်။

'ကျုပ်က ဘာဖြစ်လို့ သူတို့ကိုလိုက်ရှာရမှာလဲ'

မုတ်ဆိတ်ပြာအ....

'ကျုပ်အ ခင်ဗျားကို ခိုင်းမယ်ဆိုတဲ့ အလုပ်ဟာ ဒီအမျိုးသမီး လေးယောက်ကို လိုက်ရှာဖို့ပါပဲ'

လူရှောင်ဖုန်းက....

'ခင်ဗျားမလိုချင်တဲ့မိန်းမကို ဘာဖြစ်လို့ ကျုပ်ကို အတင်းပေးချင်ရတာလဲ'

မုတ်ဆိတ်ပြာအ....

'မဟုတ်ပါဘူးဗျာ၊ သူတို့ဆီက ပစ္စည်းတစ်ခု ရအောင် တောင်းပေးဖို့ပါပဲ'

လူရှောင်ဖုန်းက....

'ဘာပစ္စည်းလဲ'

မုတ်ဆိတ်ပြာအ....

'မယ်ဘီလူး ရဲ့ ဆွဲပြားပါပဲ'

လူရှောင်ဖုန်းက မျက်မှောင်ကြုတ်သွားသည်။

သူ၏မျက်နှာ အနည်းငယ် ပြုံးသွားသေးသည်။

သူသည် မယ်ဘီလူးဆွဲပြားကို တစ်ကြိမ်တစ်ခါမျှ မမြင်ခဲ့ဘူးပါ။

သို့သော်....

မယ်ဘီလူးဆွဲပြား၏ အကြောင်းများကို မကြာခဏ ကြားခဲ့ဖူးလေသည်။

မယ်ဘီလူးဆွဲပြားဆိုသည်မှာ အလွန်တန်ဖိုးရှိသော ကျောက်စိမ်းပြား တစ်ပြား ဖြစ်သည်။



ထင်းကျောက်စိမ်းပြားသည် ရှေးဟောင်းပစ္စည်းတစ်ခု ဖြစ်ခဲ့သည်။

ရာဇဝင် ဖော်ပြထားသည်မှာ ဘုရင်တစ်ပါးက နယ်မြေတစ်ရာ့ရှစ်ဆယ်ခုဖြင့် ဤကျောက်စိမ်းပြားသည် အရွယ်ပမာဏ ကြီးလှပါ၏။

ကျောက်စိမ်းပြား၏ ရှေ့တည့်တည့်တွင် ဘီလူးခုနစ်ကောင်၏ပုံ ထွင်းထားပြီး နောက်ဘက်တွင် ကျမ်းစာများ ရေးထွင်းထားသည်။

ထိုကျမ်းစာ၏ စာလုံးပေါင်းမှာ တစ်ထောင့်ကျော်ခန့် ရှိသည်။

အလွန့်အလွန် အနုပညာမြောက်သော ရှေးဟောင်း ပစ္စည်းတစ်ခု ဖြစ်လေသည်။

မုတ်ဆိတ်ပြာအ....

'ဒီကျောက်စိမ်းပြားရဲ့ တန်ဘိုးဟာ အတိုင်း မပြောနိုင်ဘူးဆိုတာ ခင်ဗျားလဲ သိပါတယ်'

သူက စကား ဆက်လိုက်သည်။

'ဒီကျောက်စိမ်းဆွဲပြားရဲ့ ထက်မြက်တဲ့ အချက်တချက်ပါသေးတယ်၊ အဲဒါဘာလဲဆိုရင် ဒီကျောက်စိမ်းဆွဲပြားဟာ အနောက်ပိုင်း မှော်ဂိုဏ်းရဲ့ ဂိုဏ်းသား အာလုံးတို့အ

ဒီကျောက်စိမ်းဆွဲပြားကို မြင်းလိုက်တာနဲ့ သူ့တို့ ဂိုဏ်းချုပ်ကိုမြင် တွေ့လိုက်တာပဲလို့....'

လူရှောင်ဖုန်းက....

'ဒါကို ကျုပ်သိတယ်'

မုတ်ဆိတ်ပြာက...

'ခင်ဗျား သိမယ် ဆိုတာလဲ ကျုပ်သိပါတယ်'

လူရှောဖုန်းက....

'ဒီကျောက်စိမ်းလည်ဆွဲကို ဘယ်လိုလုပ် ခင်ဗျားကောက်ထဲ ရောက်နေတာလဲ'

မုတ်ဆိတ်ပြာက....

'လူတစ်ယောက် ဒီမှာလာပြီး လောင်းကစားရင်း ရှုံးသွားလို့ ဒီကျောက်စိမ်း ဆွဲပြားကို ကျုပ်ဆီမှာ ပေါင်သွားပါတယ်'

လူရှောင်ဖုန်းက ပြုံးလိုက်လေသည်။

'ဒီလူက တော်တော်ကို အရှုံးခံနိုင်သားပဲ'

မုတ်ဆိတ်ပြာက....

'ဆယ့်သုံးနှစ် အတွင်းမှာ အများဆုံး ရှုံးတဲ့လူဆိုလို့ သူတစ်ယောက်ထဲဖြစ်ပါတယ်'

လူရှောင်ဖုန်းက....

'သူက ဘယ်သူလဲဆိုတာ ခင်ဗျား မသိဘူးလား'



မုတ်ဆိတ်ပြာက....

'သူက ယုံထင်းပေါင်လို့ ပြောပါတယ်၊ နောက်မှ နောက်မှသူဟာ မှော်ဂိုဏ်းချုပ်ရဲ့ သားမှန်း သိရတော့တယ်'

လူရှောင်ဖုန်းက ပါးစပ်ပိတ်ထားလိုက်လေသည်။

....၉—

မှော်ဂိုဏ်း ဂိုဏ်းချုပ် မယ်ဘီလူးဆိုသည်မှာ မည်ကဲ့သို့လူမျိုး ဖြစ်သည်ကို မည်သူကမှ မမြင်ဘူးခဲ့ပါ။

သူမသည် ရုပ်ချောသည်လော....

အကျည်းတန်သည်လော....

မည်သူကမှ မသိပါ။

သူမ၏မျက်နှာကို မည်သူကမှ မမြင်မတွေ့ခဲ့ဘူးပါ။ သို့သော်....

သိုင်းလောကသားတိုင်းမှာ သိုင်းလောကတွင် အလျှို့ဝှက်ဆုံး၊ ကြောက်မက်ဖွယ်ရာ အကောင်းဆုံးလူမှာ မယ်ဘီလူး ဖြစ်သည်ကို တညီတညွတ် လက်ခံကြလေသည်။

သူ၏ဘဝသည် လျှို့ဝှက်သည်။

သူမ၏ သိုင်းပညာမှာလည်း လျှို့ဝှက် ဆန်းကြယ်လှသည်၊

သူမသည် အလွန်လျှို့ဝှက်ပြီး အလွန် ကြောက်မက်ဖွယ်ရာကောင်းသော မှော်ဂိုဏ်းတစ်ဂိုဏ်း တည်ထောင်ထားလေသည်၊

လူရှောင်ဖုန်းက....

'ဂိုဏ်းချုပ်ရဲ့သား လာစဉ်တုန်းက တစ်ယောက်တည်းပဲလား'

မုတ်ဆိတ်ပြာက....

'ဟုတ်တယ်၊ နောက်ပြီး သူက ပြည်မကို ပထမဆုံးအကြိမ်ရောက်လာတာဖြစ်ရမယ်'

လူရှောင်ဖုန်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

'သူက ပထမဆုံးအကြိမ် ရောက်လာလို့လဲ အခုလို အကြီးအကျယ် ရှုံးသွားတာဖြစ်မှာပေါ့'

လူရှောင်ဖုန်းက ခေါင်းညိတ်လိုက်သည်။

'ယောင်းကစားဝါသနာပါတဲ့လူတွေဟာ ရှုံးတာ နိုင်တာကို သိပ်အရေးမထားပါဘူး၊ ဒါပေမယ့် လောင်းကစားရင် အရင်းမရှိဘဲ၊ ဘယ်လိုလုပ်လောင်းမလဲ၊ ဒါကြောင့် လောင်းကစားဝါသနာပါတဲ့လူတွေဟာ လောင်းဖို့ငွေလိုချင်တာနဲ့ ကိုယ့်မိန်းမကိုတောင် ပေါင်နိုင်ရင် ပေါင်ပစ်ချင်တာ'



မုတ်ဆိတ်ပြာက....

'မိန်းမပေါင်လိုက်ရင် မရွေးဘဲနေလို့ရပေမယ့် ကျောက်စိမ်းဆွဲကိုတော့ မရွေးဘဲနေမှာမဟုတ်ဘူး'

သူက စကားဆက်လိုက်သည်။

'ဒါကြောင့် ကျုပ်က ကျောက်စိမ်းဆွဲပြားကို လက်ခံလိုက်တာနဲ့ လုံခြုံတဲ့နေရာ သိမ်းထားရမယ်ဆိုတာ အလိုလို နားလည်ပါတယ်'

လူရှောင်ဖုန်းက....

'ခင်ဗျား ဘယ်မှာ သိမ်းထားတာလဲ'

မုတ်ဆိတ်ပြာက....

'ကျောက်စိမ်းဆွဲပြားကို လက်ခံရရချင်း ငါးခုတင်အောက်က လျှို့ဝှက်တဲ့ အခန်းထဲမှာ ထည့်ထားပါတယ်'

လူရှောင်ဖုန်းက....

'အခုကော'

မုတ်ဆိတ်ပြာက သက်ပြင်း တစ်ချက် ချလိုက်သည်။

လူရှောင်ဖုန်းက....

'ဘယ်သူ ခိုးသွားတယ်ဆိုတာ သိသလား'

မုတ်ဆိတ်ပြာက....

'အဲဒီ လျှို့ဝှက်အခန်းမှာ သံတံခါး သုံးထပ် ရှိတယ်၊ ဒီသံတံခါးကို နှစ်ယောက်တည်းသာ ဖွင့်လို့ရတယ်'

လူရှောင်ဖုန်းက....

'ခင်ဗျားအလွဲသို့ ကျန်တဲ့တစ်ယောက်က ဘယ်သူလဲ'

မုတ်ဆိတ်ပြာက....

'လိုရှား'

လုရှောင်ဖုန်းက ပန်းချီကားကို ကြည့်လိုက်သည်။

'ပန်းစင်အောက်မှာ ရပ်နေတဲ့ အမျိုးသမီးလား'

မုတ်ဆိတ်ပြာက မဲ့ပြုံး ပြုံးလိုက်သည်။

'သူ ငါ့ကို ယူခဲ့တာ ဆယ်နှစ်ကျော်ပြီ၊ ဒီနှစ်များထဲမှာ သူ စာအုပ်တစ်အုပ်ကို ကိုင်ဖူးတာကို မြင်တွေ့ရဘူး'

လုရှောင်ဖုန်းက....

'သူက ခင်ဗျားကို ဆယ်နှစ်ကျော်ကျော်လောက် ယူပြီးမှ သူ့ကို ဘာကြောင့် ကွာလိုက်ရတာလဲ'

မုတ်ဆိတ်ပြာက....

'ကျုပ်က သူတို့ကို တစ်ယောက်ငါးသောင်းပေးပြီး ကွာလိုက်ပါတယ်'

လုရှောင်ဖုန်းက မဲ့ပြုံးပြုံးလိုက်လေသည်။

'ငွေငါးသောင်းနဲ့ မိန်းမတစ်ယောက်ရဲ့ဆယ်နှစ်ကျော်ကျော် နုပျိုတဲ့အချိန်ကိုဝယ်လိုက်တာ ဘယ်ဆိုးလို့တုန်း'

မုတ်ဆိတ်ပြာက သက်ပြင်းတစ်ချက် ချလိုက်သည်။

'သူတို့က ငါ့အပေါ် မကျေနပ်ဖြစ်မှန်း သိပါတယ်၊ ဒါကြောင့်....'

လုရှောင်ဖုန်းက....

'ဒါကြောင့် ကျောက်စိမ်းဆွဲပြားကို ခိုးယူသွားတာပေါ့'

မုတ်ဆိတ်ပြာက မချိပြုံးပြုံးလိုက်လေသည်။

'သူတို့အခုလိုလုပ်တာ လွန်လွန်းပါတယ်ဗျာ'



သူက စကားဆက်လိုက်သည်။

'တကယ်လို့ မှော်ဂိုဏ်းက လာရွေးတဲ့အခါမှာ ငါမပေးနိုင်ရင် သူတို့က ငါ့ကို ချမ်းသာပေးပါ့မလား'

လုရှောင်ဖုန်းက....

'အချစ်ကြီးလေလေ အမျက်ကြီးလေလေဆိုစကား ခင်ဗျား ကြားဖူးဘူးလား'

သူက စကားဆက်လိုက်သည်။

'သူတို့အခုလိုလုပ်တာ ခင်ဗျားရဲ့အသက် သေစေချင်လို့ဗျ'

မုတ်ဆိတ်ပြာက....

'ကျုပ်က သူတို့ရဲ့အသက်လဲ မလိုချင်ပါဘူး၊ ကျောက်စိမ်းဆည်ဆွဲပြန်ရရင် တော်ပါပြီ'

လုရှောင်ဖုန်းက...

'သူဘယ်မှာရှိတယ်ဆိုတာ ခင်ဗျားသိသလား'

မုတ်ဆိတ်ပြာက....

'သူက နယ်စပ်ကိုရောက်သွားပါပြီ၊ မြောက်ဘက်ကိုဆက်ပြီး လျှောက်သွားဖို့အခြေအနေရှိတယ်၊ ဒါပေမယ့် အခုတော့ လဟာစော မြို့အနီးမှာ နေလိုက်တယ်လို့ ကြားသိရတယ်၊ အဲဒီမှာ ဆောင်းရာသီကျော်တဲ့အထိ နေထိုင်မယ်လို့ သိရပါတယ်'

လုရှောင်ဖုန်းက....

'အခု ဆောင်းရာသီဝင်လာပြီ ဒီလောက်အေးတဲ့ရာသီမှာ ဒါလိုက်သွားရင် နှာခေါင်းတစ်ခုလုံး ပြုတ်ကျသွားမတတ် အေးစိမ့်မယ်ဆိုတာ ခင်ဗျားမသိဘူးလား'

မုတ်ဆိတ်ပြာက....

'ဒီအတွက်လွယ်ပါတယ်၊ နွားခေါင်းကိုဆိတ်သားရေ တစ်ချပ်နဲ့ ဖုံးထားရင် ပြီးတာပဲ'

လူရှောင်ဖုန်းက ဝါးစပ်ပိတ်ဆေးလိုက်သည်၊

မုတ်ဆိတ်ပြာက....

'ခင်ဗျား ဘယ်လိုသဘောရှိတယ်ဆိုတာ ပြောပြပါ၊ တိုင်ပင်ဆွေးနွေးကြတာပေါ့'

လူရှောင်ဖုန်းက....

'ကျုပ်စကားတစ်ခွန်းပဲ ပြောစရာရှိတယ်'

မုတ်ဆိတ်ပြာက ...

'စကားတစ်ခွန်းပဲလား'

လူရှောင်ဖုန်းက....

'ဟုတ်တယ်၊ စကားလေးလုံးပဲရှိတယ်'

မုတ်ဆိတ်ပြာက....

'စကားလေးလုံးထဲရှိတယ် ဟုတ်လား'

လူရှောင်ဖုန်းက....

'ဟုတ်တယ်'

မုတ်ဆိတ်ပြာက....

'ပြောပါ'

လူရှောင်ဖုန်းက....

'ကျုပ်သွားတော့မယ်'

စကားဆုံးသွားသည်နှင့် သူ့အထရပ်လိုက်ပြီး လျှောက်သွားသည်။



မုတ်ဆိတ်ပြာက သူ့အားမတားပါ။

'ခင်ဗျား ထွက်သွားတော့မယ်နော်၊ ကျုပ်မပို့တော့ပါဘူးလေ'

လူရှောင်ဖုန်းသည် ပျံ့တစ်ကောင်ကဲ့သို့ လျင်မြန်ခြင်းဖြင့် အခန်းထဲမှ ပြေးထွက်သွားလေသည်။

တံခါး၏အပြင်ဘက်၌ လူသန်ကြီးနှစ်ယောက်က ကျောက်ရုပ်ပမာဖြင့် ရပ်နေ၏။

အိမ်ထဲမှ ဖန်းရှိဝေ၏အသံကို ကြားလိုက်ရသည်။

'ဟင်းတွေ အရက်တွေ မစားဘဲထွက်သွားတာ နှမြောပါတယ်ဗျာ'

ဟွာဒသာအသံ ကြားလိုက်ရ၏။

ဖန်းရှိဝေက....

'လူအချို့ကတော့ ကောင်းကောင်းမွန်မွန် ကျွေးမွေးရင် မစားချင်ဘူး၊ နောက်မှ တိတ်တိတ်ကလေး ခိုးစားတတ်တယ်'

လူရှောင်ဖုန်းက မကြားချင်ဟန် ဆောင်လိုက်သည်။

ဤရက်များအတွင်း သူ တွေ့ကြုံ ရင်ဆိုင်ခဲ့ရသော အမှုမှာ မနည်းတော့ပါ။ သူသည် အေးအေးဆေးဆေး အနားယူရန် ဆုံးဖြတ်ထားသည်။

ဘယ်သူ၏ ကိစ္စထဲတွင်မှ ဝင်ရောက်စွပ်ဖက်လိုသော ဆန္ဒမရှိတော့ပါ။ ထို့ပြင် အိုယန်ချင်းက နေပြည်တော်က သူ့အား စောင့်မျှော်နေမည် မဟုတ်ပါလော....

သူက ဆောင်းရာသီ ရောက်လာလျှင် နေပြည်တော်သို့ပြန်ပြီး ဆိုတီသားချက်စားကြမည်ဟု သူမအား ကတိပေးခဲ့သည် မဟုတ်ပါလော....

အိုယန်ချင်းကို သတိရလာသည်။

သူမ၏ သံလိုက်စေတ်ပါသော မျက်ဝန်းအစုံကို မြင်ယောင်လာသည်။

သူသည် မနက်ဖြန် နံနက်မှာ နေပြည်တော်သို့ အမြန်ဆုံး ပြန်သွားရန် ဆုံးဖြတ်လိုက်သည်။

....ဝ....

လှေကားထစ် အဆယ့်ရှစ်ထစ်ကို သူကခြေလှမ်း သုံးလေးလှမ်း လှမ်း၍ တက်သွားသည်။

တံခါးပေါက်က ပိတ်ထားသည်ကို သူ သိသည်။

ဖွင့်နိုင်မည်ကိုလည်း သူက ယုံကြည်သည်။

[illegible] လောင်းကစားအိမ်....



မရေခဲတောင် အလှမယ်....

သံနံ့ရှိဖြင့် ပြုလုပ်ထားသော အိမ်ခန်း....

နယ်ခြား မှော်ဂိုဏ်းက မယ်ဘီလူး စသည် စသည်များကို သူက မေ့ပစ်ရန် ဆုံးဖြတ်လိုက်သည်။

ထိုအရာအားလုံးကို အိပ်မက်ဆိုး တစ်ခုပမာ သဘောထားသည်။

သူသည် တံခါးကို အနည်းငယ် တွန်းလိုက်သည်နှင့် အပြင်ဘက်မှာ လူသံများ ကြားလိုက်ရလေသည်။

'ဆာဘာ အရက်သောက်မလား လောင်းကစားချင်လား၊ ငွေစိုက်ပေးပါမယ်'

အခြားသော အသံ အေးစက်သော အသံ ဖြစ်သည်။

'မင်းက ဘာကောင်မို့ လဲ'

လုရှောင်ဖုန်းက သက်ပြင်း ချလိုက်လေသည်။

သူက မကြည့်ဘဲ ထိုသူ စည်ဘူမည်ဝါ ဖြစ်သည်ကို သူက သိလိုက်ပြီး ဖြစ်သည်။

သို့သော်....

သူက သေသေချာချာ ကြည့်ချင်သေးသည်။

လက်ညှိုးဖြင့် တံခါးကို အနည်းငယ် တွန်းဟ လိုက်လေသည်။

မိန်းမလှမျက်နှာနှင့် မြွေခန္ဓာကိုယ်သိုးထားသော အကျီဝတ်ဆင်ထားသော အဘိုးအိုသည် လက်နှစ်ဘက်နောက်ပစ်၍ တံခါးပေါက်တွင် ရပ်နေ၏။

သူ၏မျက်လုံးအစုံသည် အိမ်ထဲသို့ ရှာဖွေကြည့်ရှုနေ၏။

ထူ့အား စကားပြောသူမှာ အာဏာသားခေါင်းဆောင်ဖြစ်သည်။

ထို့ပြင် အစိမ်းရောင်အင်္ကျီရှည်ဝတ်ဆင်ထားသော အဘိုးအိုနှစ်ယောက်လည်း လိုက်ပါလာ၏။

သူတို့၏မျက်နှာများမှာ အေးစက်သည်။

ခက်ထန်သည်။

သူတို့၏ မျက်လုံးအစုံမှာ စူးရှသည်။

သူတို့၏ နားထင်နှစ်ဘက်မှာ ဘုကလေးကဲ့သို့ ဖောင်းသည်။

သိုင်းပညာ နားလည်သော လူတစ်ယောက်သည် သူတို့၏အသွင်ကို ကြည့်လိုက်ရုံနှင့် ထိုအဘိုးအိုများသည် သိုင်းပညာအဆင့် မည်မျှမြင့်နေမည်ကို ခန့်မှန်းနိုင်ပေသည်။

လုရှောင်ဖုန်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

အခန်းတံခါးကို အသာအစေး ဆွဲပိတ်လိုက်လေသည်။

သူသည် လှေကားထစ်များကို ကျော်ခွ၍ ဆင်းလာလေသည်။

....ပ....



တံခါး၏ ဝဲယာ တစ်ဘက် တစ်ချက်တွင် လူသန်ကြီးနှစ်ယောက် ရပ်နေ၏။

သူတို့က ဟန့်တားခြင်း မပြုသော်လည်း မျက်လုံးအစုံတွင် မြူးယောင်သန်းလာ၏။

ဤတစ်ကြိမ် လုရှောင်ဖုန်းက သူတို့အား ကြည့်တော့ပါ။ ရင်ကော့၍ ဝင်သွားသည်။

'အရက်ကို မြင်ထား၊ ကောင်းကောင်း မှန်မှန် ကျေးတာစားတဲ့ တိတ်တိတ်ကလေး ခိုးစားတတ်တဲ့လူ ပြန်လာပြီဗျို့'

....ဝ....

လုရှောင်ဖုန်းသည် အရက် ဆယ်ခွက်တိတိ သောက်လိုက်လေသည်။

ဖန်းရိုဝေတို့ မောင်နှမနှစ်ဦး မှတ်ဆိတ်ပြာသော လူသောက်နေသည်ကို ကြည့်နေကြသည်။

'ခင်း ပြန်လာလိမ့်မယ်လို့ ငါတို့သိပြီးသားပါ'

ဤစကားကို သူတို့ကိုမပြောပါ။

ပြောရန်လည်း မလိုပါ။

လုရှောင်ဖုန်းက နောက်ထပ်သုံးခွက် သောက်လိုက်ပြီးမှ ရပ်သွားသည်။

'ဒါလောက်ဆို တော်လောက်ပြီထင်တယ်'

မုတ်ဆိတ်ပြာက ပြုံးလိုက်သည်။

'သောက်လို့ ကောင်းလား'

လုရှောင်ဖုန်းက ...

'ငွေကုန်ခံ သောက်ရတဲ့ အရက်ဟာ အကောင်းဆုံးပါပဲ'

မုတ်ဆိတ်ပြာက ရယ်မောလိုက်သည်။

'ဒါဖြင့် ကျုပ်က နောက်ထပ်ဆယ်ခွက် တိုက်ပါမယ်ဗျ'

လုရှောင်ဖုန်းက....

'ကောင်းတယ်'

သူသည် နောက်ထပ် အရက်ဆယ်ခွက် သောက်ပြီးနောက် ခပ်အန့်အန့် ထိုင်လိုက်သည်။

သူ၏မျက်လုံးအစုံသည် မုတ်ဆိတ်ပြာ၏ မျက်နှာအား မျက်တောင်မခတ် စိုက်ကြည့်နေ၏။

'ခင်ဗျားက မယ်တီလူးကို တကယ်ကြောက်လို့လား'

မုတ်ဆိတ်ပြာက....

'တကယ်ပါ'

လုရှောင်ဖုန်းက....

'ဒါဖြင့် ယိုသင်းပေါင်ကိုသတ်ဖို့ အတွက်ရှိနေပါလား'



မုတ်ဆိတ်ပြာက....

'ကျုပ်က ဒါလောက်သတ္တိမရှိပါဘူး၊ သူ့ကို ကျုပ် သတ်တာ မဟုတ်ဘူး'

လုရှောင်ဖုန်းက....

'ဟုတ်လား'

မုတ်ဆိတ်ပြာက....

'လူသတ်တရားခံဟာ ဘယ်သူလဲဆိုတာတော့ ကျုပ် သိပါတယ်'

သူက စကားဆက်လိုက်သည်။

'ခင်ဗျားက ဘီလူးဆွဲပြားကို ပြန်ယူပေးနိုင်ရင် ကျုပ်က လူသတ်တရားခံကို ခင်ဗျားလက်ထဲ ပေးပါမယ်၊ ခင်ဗျားက သူ့ကို နန္ဒမိုးဆောင်း သုံးဖော်ရဲ့လက်ထဲ အပ်ပေးပါမယ်'

လုရှောင်ဖုန်းက....

'နန္ဒမိုးဆောင်း သုံးဖော်ဆိုတာ နဂါးတောင်က လူထူးလူဆန်း သုံးယောက် ဟုတ်လား'

မုတ်ဆိတ်ပြာက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ သူတို့အကြောင်းကို ခင်ဗျားလဲ သိတယ် ဟုတ်လား'

လုရှောင်ဖုန်းက သက်ပြင်းချလိုက်သည်။

'သူတို့က မသေသေးဘဲကိုး'

မုတ်ဆိတ်ပြာက....

'အခု သူတို့က မယ်တီးလူးရဲ့ လက်ဝဲရံ လက်ျာရံ ဖြစ်နေပြီ ဆိုတာ မသိသေးဘဲကိုး'

လုရှောင်ဖုန်းက....

'မယ်ဘီလူးကဲ ဒီ လူထူးလူဆန်း သုံးယောက်ကို သိမ်းသွင်းနိုင်တာကို ချီးကျူးရပါပြီ'

မုတ်ဆိတ်ပြာက....

'သူတို့ကိုရင်ဆိုင်တဲ့နည်း ကျုပ်မှာရှိပါတယ်'

လုရှောင်ဖုန်းက....

'ဘာနည်းလဲ၊ ပြောစမ်းပါ'

မုတ်ဆိတ်ပြာက....

'ပထမလုပ်ရမှာက ကျောက်စိမ်းလည်ဆွဲကို သူတို့လက် ပေးလိုက်၊ နောက် လူသတ်တရားခံကို အပ်လိုက်၊ နောက် သူတို့ပေးနိုင်သလောက် ငွေ ဝေးဝေးနေဖို့ပါပဲ'

လုရှောင်ဖုန်းက မချိပြုံး ပြုံးလိုက်သည်။

'ဒီနည်းလမ်းကလွဲလို့ တစ်ခြားနည်းလမ်းလဲ မရှိတော့ပါဘူးလေ'

မုတ်ဆိတ်ပြာက....

'ဒါကြောင့် အကောင်းဆုံးကတော့ ရာသီဥတု မအေးခင် ဆပ်ဘော ဓာတာကို အမြန်ဆုံးသွားပါ'

လုရှောင်ဖုန်းက....

'လီရှား ဟိုမှာရှိတယ်ဆိုတာ ခင်ဗျား သေချာရဲ့လား'

မုတ်ဆိတ်ပြာက....

'သေချာပါတယ်'

လုရှောင်ဖုန်းက...

'ခင်ဗျား ဘယ်လိုလုပ်သိသလဲ'



မုတ်ဆိတ်ပြာက....

'ကျုပ်မှာ သိတဲ့နည်း ရှိတာပေါ့'

လုရှောင်ဖုန်းက....

'ကျုပ် ဟိုကိုရောက်ရင် သူ့ကို သေချာတွေ့ပါ့မလား'

မုတ်ဆိတ်ပြာက....

'ခင်ဗျား ဟိုကိုရောက်လို့ သူ့ကိုမတွေ့ရင် ခင်ဗျားကို လိုက်ပို့မယ့်လူ ပေါ်လာပါလိမ့်မယ်'

လုရှောင်ဖုန်းက ...

'သူက ဘယ်သူလဲ'

မုတ်ဆိတ်ပြာက....

'ခင်ဗျား ဟိုရောက်ရင် လာဆက်သွယ်မယ့်လူ တွေ့ရပါလိမ့်မယ်'

လုရှောင်ဖုန်းက....

'ဟယ်သူလဲဆိုတာ ကျုပ် သိချင်တယ်'

မုတ်ဆိတ်ပြာက....

'ခင်ဗျားရောက်သွားရင် သိလာမှာပါ'

လုရှောင်ဖုန်းက ...

'အခု အတိုးကြီးသုံးယောက်က တံခါးပေါက်မှာ ပိတ်ထားတယ်၊ ကျုပ် ဘယ်လိုလုပ်ထွက်ရမှာလဲ'

မုတ်ဆိတ်ပြာက ပြုံးလိုက်သည်။

'ကျုပ်တို့ နေရာမှာ ထွက်ပေါက် တစ်ခုတည်း ရှိတာမှ မဟုတ်ဘဲ'

ရုတ်တစ်ဖက်သို့လှည့်လိုက်ပြီး နံရံပေါ်ရှိ လေဝင်ထစ်ခုတ် နှိပ်လိုက်ရာ လျှို့ဝှက် တံခါးပေါက်တစ်ခု ပေါ်လာပြန်လေသည်။

လုရှောင်ဖုန်းက စကားတစ်ခွန်းမှမပြောဘဲ ထရပ်လိုက်ပြီး လျှောက်သွားလေသည်။

မုတ်ဆိတ်ပြာက....

'ရှုတ်လိုက်စားမှုကို မကြောက်ပါနဲ့၊ ခင်ဗျားက ကျောက်စိမ်းဆွဲပြားလိုက်ယူမှာကိုသိသွားရင် မှဲ့တစ်ပေါက်မစွန်းရအောင် သူတို့ကာကွယ်ပေးပါမယ်'

လုရှောင်ဖုန်းက လျှို့ဝှက်တံခါးရှိရာသို့ လျှောက်သွားသည်။ တံခါးပေါက်အဝ၌ ခြေလှမ်းရပ်တန့်ပြီး နောက်လှည့်ကြည့်လိုက်သည်။

'ကျုပ်မေးစရာတစ်ခွန်း ကျန်ပါသေးတယ်'

မုတ်ဆိတ်ပြာက နားထောင်နေ၏။

လုရှောင်ဖုန်းက....

'ယိုထင်းပေါင်ဟာ မော်ဂိုကျားချုပ်ရဲ့သားမှန်ခဲ့ရင် ဒီလောက် အလိမ်ခံမယ်လို့ မထင်ဘူးဗျ'

မုတ်ဆိတ်ပြာက ငြိမ်ခံလိုက်သည်။



လုရှောင်ဖုန်းက....

'ဒါဖြင့် သူဒီလောက်ရှုံးအောင် ဘယ်သူနဲ့ကစားတာလဲ'

ဖန်ရှိုးဝေက....

'ကျွန်မနဲ့ပါ'

လုရှောင်ဖုန်းက ရယ်မောလိုက်လေသည်။

ဖန်ရှိုးဝေက....

'ခက်တာက ငွေလွယ်လွယ်ရရင် လွယ်လွယ်ကုန်တတ်တယ်၊ သူနိုင်လို့ နှစ်ရက်မကြာသေးဘူး၊ အားလုံးပြန်ရှုံးသွားတယ်လေ'

လုရှောင်ဖုန်းက....

'သူက ဘယ်သူ့ကို ရှုံးသွားလို့လဲ'

မုတ်ဆိတ်ပြာက....

'ကျုပ်ကို'

လုရှောင်ဖုန်းက ရယ်မောလိုက်လေသည်။

'ဒါကြောင့် ဖဲသမားက ဖဲသမားလိုပဲ ရတာကိုး'

သူက ရယ်မောရင်း လျှို့ဝှက်တံခါးပေါက်မှ ထွက်သွားလေသည်။

အပြင်ဘက်၌ တံခါးတစ်ချပ်ရှိသေး၏။ သူကလက်ဖြင့် ခေါက်ကြည့်လိုက်ရာ တချွမ်းချွမ်းမြည်နေ၏။

သူသည် လှေကားထစ်အတိုင်း အပေါ်သို့ တက်သွားသည်။

ကောင်းကင်တစ်ခုလုံးမှာ ကြယ်ကလေးများ ပြည့်နှက်နေသည်ကို တွေ့မြင်ရလေသည်။

ညဉ့်နက်စာပြီဖြစ်လေသည်။
လေတစ်ချက် တိုက်ခတ်လာသည်။
အလွန်အေးစိမ့်သွားသည်။

သူသည် ဝေးလံသောနယ်ခြားဒေသ....
လဟာခေတ်သို့ သွားရောက်ရမည်ကို သတိရလာသောအခါ၊ သူ၏ခန္ဓာကိုယ်တစ်ခုလုံး အေးစိမ့်သွားသည်ဟု ခံစားလိုက်ရလေသည်။

....o....

စန်းပွင့်ချိန်

လူရှောင်ဖုန်းသည် လေလွင့်နေသော လူငယ်တစ်ယောက်ဖြစ်မှန်းမသိ ဖြစ်နေသည်။ လေလွင့်ခြင်းသည် ရောဂါတစ်မျိုးဖြစ်သည်။

အင်ဆာရောဂါနှင့် တူလှပေသည်။ သူ့အား ကုသဖို့ရန်မှာ မလွယ်ကူပါ။

သို့သော် အင်ဆာရောဂါဖြစ်ဖို့လည်းမလွယ်ပါ။ ထို့ကြောင့် မည်သူမဆို လေလွင့်ခြင်းကိုရှောင်ရှားကြရလေသည်။

အကယ်၍ မည်သူတစ်ဦးမဆို ရုတ်တရက် လေလွင့်ဘဝသို့ ရောက်ရှိသွားပါလျှင် ထူးခြားသော အကြောင်းရှိရမည်သာ ဖြစ်လေသည်။

တစ်ဆင့်စကားတစ်ဆင့်ကြားရသည့်အရ လုရှောင်ဖုန်းသည် အသက်ဆယ့်ခုနစ်နှစ်ပြည့်သောအချိန်မှာ ကိုယ့်ကိုယ်ကို ရေထဲဆင်းပြီး သေရန်ပင် ကြံစည်ခဲ့ဖူးလေသည်။

သို့သော် သူ၏အကြံအစည်မှာ မအောင်မြင်ပါ။ သို့သော် သူက ရေထဲဆင်းမသေဖြစ်ပါ။

ထို့ကြောင့် သူသည် လေလွင့်သော လူငယ်တစ်ယောက် ဖြစ်လာခဲ့လေသည်။

လေလွင့်သော လူငယ်တစ်ယောက်သည် ရေထဲခုန်ဆင်းပြီး ကိုယ့်ကိုယ်ကိုသေကြောင်းမကြံကြပါ။

လေလွင့်သောလူငယ်များသည် ကိုယ့်ကိုယ်ကို ညှဉ်းဆဲကြပါ။ လုရှောင်ဖုန်းသည် ကိုယ့်ကိုယ်ကို ကောင်းကောင်းမွန်မွန် စောင့်ရှောက်ထားသည်။

မြင်းလှည်းစီးနိုင်သောအခါ သူက လမ်းလုံးဝမလျှောက်ပါ။ သူက တည်းခိုခန်း တည်းခိုသောအခါ....

ငွေတစ်ကျပ်နှစ်ကျပ်သာ အကုန်အကျခံပြီး တည်းသည့် ငွေကြေးအခ အလွန်များသော တည်းခိုခန်းကို ဘယ်တော့မှ မတည်းပါ။



ဟုတ်စိန်တည်းခိုခန်း၏ သီးသန့်အခန်းသည် တစ်ညလျှင် အခန်းခသုံးကျပ်ဖြစ်သည်။

ဟုတ်စိန်တည်းခိုခန်းသို့ သွားရောက်တည်းခိုဖူးသောလူများသည် တစ်ညသုံးကျပ်ပေးရသော အခန်းခကို နှမြောကြခြင်း မရှိပါ။

အခန်းမှာ သန့်ရှင်းသည်။

ခုတင်က ကျယ်ဝန်းသည်။

အိပ်ရာနှင့်ခေါင်းအုံး ပျော့ပျောင်းပြီး ရေပူရေအေး ကြိုက်နှစ်သက်ရာ ချိုးနိုင်လေသည်။

လုရှောင်ဖုန်းသည် ရေပူဖြင့်ရေချိုးပြီးနောက် ညစာထမင်း စားပြီးလျှင် အကောင်းဆုံး သစ်ရွက်စီးကရက်ကို သောက်ပြီး ခုတင်ပေါ်၌ လဲလျောင်းနေ၏။

မည်သူမဆို ဤအခြေအနေမျိုးရှိနေခဲ့လျှင် လုပ်သင့်သည့် အလုပ်က မျက်လုံးမှိတ်၍ အိပ်ရမည်ဖြစ်လေသည်။

သူသည် မျက်လုံးမှိတ်ထားပြီး အိပ်စက်ရန် ကြိုးစားသည်။ သို့သော် သူမှာ အိပ်၍မရပါ။

စဉ်းစားဖွယ်ရာအကြောင်းများစွာ စဉ်းစားမိလေသည်။

ယခု သူရင်ဆိုင်ခဲ့ရသောအကြောင်းများကို သေသေချာချာ ပြန်၍လည်းစဉ်းစားလိုက်သောအခါ—

တတာဝမကျသော ချွတ်ယွင်းချက်များ ရှိနေသည်ဟု ထင်မိလေသည်။

သို့သော် မည်သည့်ချွတ်ယွင်းချက်ရှိနေသည်ကိုမူ စဉ်းစား၍ မရသဲ ဖြစ်နေ၏။

သူကမျက်လုံးမှိတ်လိုက်သောအခါ မိန်းကလေးနှစ်ယောက်ကို မြင်ယောင်လာလေသည်။

မိန်းကလေးတစ်ယောက်က ပေါ့ပါးပြီး အစိမ်းရောင်အင်္ကျီများ ဝတ်ဆင်ထားသည်။

လှပသောမျက်နှာအပေါ်တွင် ခြယ်သမှုသုံးဝမရှိပါ။ သူမ၏ တန်မူရာမှာ အေးတိအေးစက်ဖြစ်ပြီး ရေခဲတောင်နှင့် တူလှပေသည်။

အခြားမိန်းကလေးတစ်ယောက်မှာမူ နံနက်ခင်း၏နေရောင်ခြည်နှင့်တူသည်။

နေရောင်ခြည်အောက်မှ စမ်းရေနှင့်တူသည်။

ပျော့ပျောင်းသည်။

လှပသည်။

ယောကျ်ားများကို ဆွဲဆောင်မှုအပြည့်ရှိသည်။

အထူးသဖြင့် သူမ၏မျက်လုံးအစုံမှာ သင့်အားကြည့်လိုက်သောအခါ....

သင်၏ဝိညာဉ်ကို ဖမ်းဆွဲလိုက်သကဲ့သို့ ခံစားရမည်သာ ဖြစ်သည်။

သူမသည် လုရှောင်ဖုန်းအား တစ်ချက်မှ လှည့်မကြည့်သော ကြောင့် လုရှောင်ဖုန်း၏ဝိညာဉ် ပါမသွားသေးပါ။

သို့သော် လုရှောင်ဖုန်းမှာမူ သူ့အား အမြဲစိုက်ကြည့်နေ၏။ ဤဘစ်ရက် နှစ်ရက်အတွင်းမှာ အချိန်ရှိတိုင်း သူမကို မြင်တွေ့နေရသည်။



အကြောင်းမှာ သူမသည် လုရှောင်ဖုန်း၏ နောက်တွင် အမြဲ တမ်း လိုက်နေသောကြောင့် ဖြစ်သည်။

လုရှောင်ဖုန်းသည် သူမျာ းကို ခြေရာခံဖူးသည်။

သူများ ခြေရာခံလိုက်နေခြင်းကိုလည်း ခံဖူးခဲ့သည်။

သို့သော်...

တစ်ချိန်တည်း တစ်ခါတည်း လူလေးစုက သူ့အား ခြေရာခံ လိုက်နေသည်မှာ ဤအကြိမ်သည် ပထမဆုံးအကြိမ် ဖြစ်လေ သည်။

လူစုလေးစုဆိုသည်မှာ လူလေးယောက်မဟုတ်ပါ။

ထိုမိန်းကလေးသည် ထိုလူစုသုံးစုတွင် ပထမလူစုဖြစ်သည်။

ဒုတိယလူစုမှာ ငါးယောက်ဖြစ်လေသည်။

အရပ်ရှည်သောလူ၊ အရပ်ပုသောလူ၊ အသက်ကြီးသောလူ၊ အသက်ငယ်သောလူ စသည်တို့ ပါရှိလေသည်။

သူတို့သည် ထွားကျိုင်းသောမြင်းကို စီးသည်။

လက်နက်မျိုးစုံ ကိုင်ဆောင်ထားသည်။

လုရှောင်ဖုန်းက မသိချင်ဟန်ဆောင်နေရသည်။

ထိုလူငါးယောက်က မည်သူဖြစ်သနည်း။

အဘယ့်ကြောင့် သူ့နောက်သို့ လိုက်လာနေရပါသနည်း။

သူ လုံးဝမသိပါ။

တတိယလူစုမှာ လူသုံးယောက်ဖြစ်သည်။

လူထူးလူဆန်းအဘိုးအို သုံးယောက် ဖြစ်လေသည်။

တစ်နည်းဆိုရလျှင် နွေမိုးဆောင်းသုံးဖော် ဖြစ်ခဲ့လေသည်။

ထိုအဘိုးအို သုံးယောက်သည် လုရှောင်ဖုန်း နောက်တွင် အေးအေးဆေးဆေး လိုက်နေ၏။

ထိုအဘိုးအိုသုံးယောက်ကို မုတ်ဆိတ်ပြာက ဤသို့အကြောင်း ကြားခဲ့သည်။

'လောကပေါ်မှာ ခင်ဗျားတို့အတွက် ကျောက်စိမ်းဆွဲပြား ကို ပြန်ယူပေးနိုင်တဲ့လူဟာ လုရှောင်ဖုန်း တစ်ယောက်ပဲ ရှိတယ်'

ထို့ကြောင့် ထိုအဘိုးအို သုံးယောက်သည် လုရှောင်ဖုန်း၏ နောက်တွင် အေးအေးဆေးဆေး လိုက်နေခြင်း ဖြစ်သည်။

—၀—

လုရှောင်ဖုန်းသည် တည်းခိုခန်းသို့ ဝင်ရောက် တည်းခိုလိုက် ရာ ထိုလူစု သုံးစုသည် သူ တည်းခိုနေသော တည်းခိုခန်းသို့ ဝင် ရောက် တည်းခိုခြင်း ရှိ၊ မရှိ သူမသိပါ။



ထိုလူများသည် မိမိအပေါ် မည်ကဲ့သို့ ပြုမူသည်ကိုလည်း သူမသိပါ။

လုရှောင်ဖုန်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

သူသည် အန္တရာယ်နှင့် ရင်ဆိုင်ရခြင်းကို မကြောက်ပါ။

သို့သော် ရောက်လာမည့်အန္တရာယ်ကိုစောင့်ရသည်မှာ အခံရ ခက်သည်။

သူက စိတ်ပျက်စွာ သက်ပြင်းတစ်ချက် ချလိုက်သောအခါ....

'ဒေါက်....ဒေါက်....ဒေါက်'

အခန်းတံခါး ခေါက်သံ ကြားလိုက်လေသည်။

အန္တရာယ်များ ရောက်လာပြီ ဖြစ်သည်။

ယခုလာသောလူသည် မည်သည့် လူစုကလူများ ဖြစ်ပါသ နည်း။

လုရှောင်ဖုန်းက ခုတင်ပေါ်မှ အသံ ကျယ်လောင်စွာဖြင့် အော်ဟစ်လိုက်သည်။

'ဝင်ခဲ့ပါ'

တံခါးပွင့်သွားသည်။

ဝင်လာသူမှာ ရေနွေးကရားကို လာပို့သော ဆိုင်လုလင် တစ်ယောက် ဖြစ်သည်။

လုရှောင်ဖုန်းက စိတ်သက်သာရာ ရသော်လည်း စိတ်ပျက် သွားရလေသည်။

ဆိုင်လုလင်သည် ရေနွေးကရားချပေးရင်း....

'အစ်ကိုလေး မချမ်းဘူးလား'

လုရှောင်ဖုန်းသည် ဆိုင်လုလင်ဆက်ပြောမည့် စကားကို နား ထောင်နေ၏။

ဆိုင်လုလင်က စကားဆက်လိုက်သည်။

'ဒီလောက်ချမ်းတဲ့ရာသီမှာ တစ်ယောက်တည်း အိပ်ရတာ အိပ်လို့ ပျော်ပါ့မလား'

လုရှောင်ဖုန်းက....

'မင်းက ငါ့အတွက် မိန်းမတစ်ယောက် ခေါ်ပေးမလို့လား'

ဆိုင်လုလင်က ရယ်မောလိုက်သည်။

'အစ်ကိုလေးကကော မလိုချင်ဘူးလား'

လုရှောင်ဖုန်းက....

'လိုချင်တော့ လိုချင်တာပေါ့၊ ဘယ်လို မိန်းမမျိုးလဲဆိုတာ ရှိသေးတယ်လေ'

ဆိုင်လုလင်က....

'ကျွန်တော် ခေါ်ပေးမယ့်မိန်းမက အစ်ကိုလေးကျေနပ်လိမ့် မယ်လို့ ယုံကြည်ပါတယ်'

လုရှောင်ဖုန်းက....

'ဘာဖြစ်လို့လဲ'

ဆိုင်လုလင်က ပြုံးလိုက်သည်။

'ဒီမိန်းကလေးဟာ ဒီအလုပ်လုပ်စားတဲ့မိန်းမ မဟုတ်ဘူး၊ အစ်ကိုလေးနဲ့နီးစပ်ဖို့ သူကလာပြောတာ'

လုရှောင်ဖုန်းက မျက်မှောင်ကြုတ်သွားသည်။

'ဒါဖြင့် သူကခိုင်းလိုက်လို့ ဆိုပါတော့'



ဆိုင်လုလင်က ခေါင်းညိတ်ပြလိုက်လေသည်။

လုရှောင်ဖုန်းသည် မိမိနောက်မှ ခြေရာခံလိုက်လာသော မိန်း ကလေးကို မြင်ယောင်လာလေသည်။

စူထင်မြင်ယူဆသည့်အတိုင်း ဆိုင်လုလင် ခေါ်ဆောင်လာ သော မိန်းကလေးမှာ ထိုမိန်းကလေးပင်ဖြစ်သည်။

ဆိုင်လုလင်သည် မိန်းကလေးအားထားခဲ့ပြီးနောက် အခန်းထဲ မှ တိတ်တဆိတ်ထွက်သွားလေသည်။

....၀....

မိန်းကလေး၏နာမည်မှာ တိန်ရှမ်းရိဖြစ်သည်။

မီးရောင်အောက်တွင် သူမ၏ရုပ်သွင်မှာ ပိုမို၍ လှပနေသည်။

လုရှောင်ဖုန်းသည် သူမအား အတန်ကြာ ကြည့်ပြီးနောက် ဆက်ပြင်းတစ်ချက်ချလိုက်လေသည်။

'မင်းက ကြေးတန်းစားမယ်တစ်ယောက် မဟုတ်ဘူးဆိုတာ ငါသိသားလည်တယ်'

တိန်ရှမ်းရီက ဝန်ခံလိုက်သည်။

'ဟုတ်တယ်'

လုရှောင်ဖုန်းက...

'ဒါဖြင့် မင်းဝါဆီကိုလာခဲ့တာ ငွေလိုချင်လို့ မဟုတ်ဘူး ဆိုတာလဲ ထင်ရှားနေတယ်'

တိန်ရှမ်းရီက ခေါင်းညိတ်လိုက်ပြန်သည်။

'ဟုတ်တယ်'

လုရှောင်ဖုန်းက...

'ဒါဖြင့်...'

သူ၏စကားမဆုံးမီ မိန်းမလေးက သူ၏ရင်ခွင်ထဲသို့ တိုးဝင်လာသည်။

သူတို့နှစ်ယောက်စလုံး ခုတင်ပေါ်သို့ လဲလျောင်းကျသွားလေသည်။

ထိုအချိန်မှာပင် ခေါင်းသုံးလက်သည် ပြတင်းပေါက်မှ ထိုးဖောက်လာပြီး လုရှောင်ဖုန်းထံသို့ ပစ်လွှင့်လာသည်။

သို့သော် ခေါင်းသုံးလက်မှာ လုရှောင်ဖုန်းထံမရောက်မီ အလင်းရောင်တန်းသုံးခုက ထိုခေါင်းသုံးလက်ကိုစီး၍ရိုက်ချလိုက်လေသည်။

'ချွမ်း... ချွမ်း... ချွမ်း'

ခေါင်းသုံးလက်သည် မြောက်ပိုင်းပြတ်သွားလေသည်။

တိန်ရှမ်းရီ၏မျက်နှာ ကွက်ခနဲပျက်သွား၏။

ထိုအချိန်တွင်....

'ဝုန်း'

တံခါးပွင့်သွားသည်။



လူတစ်ယောက်သည် ရဲတင်းနှစ်လက်ကိုင်၍ လုရှောင်ဖုန်းထံသို့ တိုက်ခိုက်ရန် ပြေးဝင်လာသည်။

သို့သော် သူ၏ခြေလှမ်းသည် အခန်းထဲသို့ လှမ်းဝင်လိုက်သည်နှင့် တစ်စုံတစ်ယောက်က သူ၏ဆံပင်ကိုဆွဲ၍ နောက်သို့ ဆွဲခေါ်သွားသည့်အလား

ဒလိမ့်ကောက်ကွေး ထွက်သွားလေသည်။

'ဝုန်း'

ပြတင်းပေါက်၏တံခါးကို လူတစ်ယောက်က ခန္ဓာကိုယ်ဖြင့် ဖြစ်ဆောင့်၍ဝင်ရောက်လာသည်။

သူ၏လက်ထဲတွင် ဓားနှစ်လက်ကိုင်လျက် လုရှောင်ဖုန်းအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

သို့သော် သူကတိုက်ခိုက်မည်အပြုတွင်းမှာပင် သူ၏ခန္ဓာကိုယ်ကို မမြင်ရသောအရာတစ်ခုက ဝင်ဆောင့်လိုက်သည့်အလား—

ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ ပြန်လည်လွင့်စဉ်သွားလေသည်။

ဤသို့ဖြင့် အခန်းထဲသို့တိုက်ခိုက်ရန် ပြေးဝင်လာသော လူများ လက်နက်ပုန်းဖြင့် လုရှောင်ဖုန်းအား ပစ်လွှင့်သော လက်နက်ပုန်းတို့သည် အစဉ်အလျားဖြစ်ပေါ် ကွယ်ပျောက်သွားလေသည်။

လုရှောင်ဖုန်းက ခုတင်ပေါ်၌ လဲလျောင်းလျက် မိမိ၏ရန်သူများကို တစ်စုံတစ်ယောက်က တိုက်ခိုက်ရှင်းလင်းပစ်နေသည်ကို နားလည်လိုက်လေသည်။

တိန်ရှမ်းရီက သူ့အားကြည့်လိုက်သည်။

'ဘယ်လိုဖြစ်ကုန်ကြတာလဲ'

လုရှောင်ဖုန်းက ပခုံးတစ်ချက်တွန့်လိုက်သည်။

'မင်းမြင်တွေ့ရတဲ့ အတိုင်းပါပဲ'

တိန်ရှမ်းရီက ရယ်မောလိုက်လေသည်။

'ဒီလောက် အန္တရာယ်တွေထဲမှာ ရှင့်မှာစိတ်ဝင်စားမှု ရှိသေးလား'

လုရှောင်ဖုန်းက ပြုံးလိုက်လေသည်။

'မင်းကော'

တိန်ရှမ်းရီက ပြုံးလိုက်သည်။

ထို့နောက် မီးအိမ်ကိုမီးငြိမ်းလိုက်လေသည်။

....၀

လုရှောင်ဖုန်းသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေ၏။ အချိန်အတော်ကြာ ယခုကဲ့သို့ အိပ်ပျော်ခဲ့ခြင်းမရှိခဲ့ဖူးပါ။ သူသည် အိပ်ရာနိုးလာသောအခါ....



သူမကို မတွေ့ရတော့ပါ။

လုရှောင်ဖုန်းအာ မျက်နှာကျက်ကို ငေးငိုင်စွာ ကြည့်လိုက်သည်။

'သူတစ်သမ်းလုံး ငါ့ကိုခြေရာခံလိုက်ခနတာ'

သူက ဆက်၍မစဉ်းစားဝံ့တော့ပါ။

နေရောင်ခြည်သည် ထွေးထွေးနွေးနွေးဖြစ်၍ အခန်းထဲသို့ ထိုးကျနေ၏။

ယခုကဲ့သို့ နံနက်ခင်းအချိန်မှာ ထွေးနွေးသော နေရောင်ခြည်ကို တွေ့မြင်ရသဖြင့်....

အလွန်ပင် စိတ်ရှင်လန်းဖွယ်ရာ ကောင်းသည်လော....

သူသည် ကျိုးပဲ့နေသော ပြတင်းပေါက်အနီး လျှောက်သွားပြီး အပြင်သို့ လှမ်းကြည့်လိုက်သောအခါ စိတ်မကောင်းဖွယ်ရာ ဖြစ်ရပ်ကို မြင်တွေ့လိုက်ရလေသည်။

ပြတင်းပေါက်၏အပြင်ဘက်မှ တည်းခိုခန်း၏ မြေကွက်လပ်ဖြစ်သည်။

ထိုမြေကွက်လပ်ပေါ်၌ ခေါင်းငါးလုံး တန်းစီ၍ထားသည်။

သူကြည့်နေစဉ်မှာပင် အထမ်းသမား ဆယ်ယောက်သည် ခေါင်းငါးလုံးထမ်း၍ ထွက်သွားလေသည်။

ထိုခေါင်းငါးလုံးထဲတွင် လဲလျောင်းနေသော အလောင်းများမှာ သူ့နောက်ဘွင် ခြေရာခံလိုက်နေသော လူငါးယောက် ဖြစ်ရမည်မှာ သေချာသည်။

ထိုလူ ငါးယောက်ကို သူအား မသိလိုက်ပေမယ့် ထို
ငါးယောက်ကိုသတ်သောလူမှာ အတိုးအိုသုံးယောက် ဖြစ်သည်
ကို သူက တတ်ဖယ်သိလိုက်လေသည်။

ထိုအတိုးအိုသုံးယောက်သည် သူ၏အသက်ကို တာကွယ်
သည့်မဟုတ်ပါ။

သူတို့အလိုရှိနေသော ကျောက်စိမ်းဆွဲပြားကို အလားအကွယ်
ပေးနေခြင်းဖြစ်သည်ကို လုရှောင်ဖုန်းက နားလိုက်သည်။

သူသည် အခန်းတံခါးဖွင့်၍ စားသောက်ခန်းသို့ရောက်ရှိ
သောအခါ အတိုးအိုသုံးယောက်ကထိုင်၍ နံနက်စာ စားသော
နေသည်ကို တွေ့ရသည်။

သူတို့သည် လုရှောင်ဖုန်းအား အေးစိမ့်သောအကြည့်
ကြည့်နေကြသည်။

လုရှောင်ဖုန်းက အခန်းထဲသို့ ပြန်လှည့်လာသည်။

အခန်းထဲ၌ ညတုန်းက လက်နက်ပုန်းများ လုံးဝ မတွေ့
တော့ပါ။

ထိုအချိန် တိန်ရှမ်းရီက အခန်းထဲသို့ ဝင်လာပြန်လေသည်
သူမ၏လက်ထဲတွင် အငွေ့ တထောင်းထောင်း နွားနို့
သယ်ဆောင်လာခြင်းဖြစ်သည်။

'ရှင် အိပ်ရာနိုးရင်သောက်ရအောင် ကျွန်မ နွားနို့ သွား
ပေးတာ'

လုရှောင်ဖုန်းက စကားတစ်ခွန်းမှ ပြန်မပြောပါ။
တိန်ရှမ်းရီက သူ့အား ကြည့်၍ ပြုံးလိုက်သည်။
'ကျွန်မထွက်သွားပြီလို့ ရှင်ထင်နေတယ် မဟုတ်လား'



လုရှောင်ဖုန်းက စကားမပြောဘဲ ငွေစက္ကူကို ထုတ်ပေးလိုက်
သည်။

တိန်ရှမ်းရီက ငွေလက်မှတ်ကို တစ်ချက်ကြည့်လိုက်ပြီး....
'ကျွန်မကို ပေးတာလား'
လုရှောင်ဖုန်းက ခေါင်းညိတ်လိုက်သည်။
တိန်ရှမ်းရီက ရယ်မောလိုက်သည်။
လုရှောင်ဖုန်းက....
'နည်းလို့လားဗျာ'

သူသည် နောက်ဆုံးကျန်သော ငွေလက်မှတ် တစ်စောင်ကို
ထုတ်ပေးလိုက်ပြန်သည်။

'ကျုပ်ရှိတာ ဒါအကုန်ပဲ'
တိန်ရှမ်းရီက ရယ်မောလိုက်သည်။

သူမက အိပ်ထဲသို့နှိုက်၍ ငွေလက်မှတ်တစ်ထပ်ကို ထုတ်ယူ
လိုက်လေသည်။

ထိုငွေလက်မှတ်များမှာ တစ်ထောင်တန်များ ဖြစ်နေ၏။
အနည်းဆုံး ဆယ်ရွက်မက ရှိသည်။

သူမက ငွေလက်မှတ်ကို လုရှောင်ဖုန်း၏လက်ထဲသို့ ထည့်ပေး
လိုက်သည်။

လုရှောင်ဖုန်းက အံ့အားသင့်သွားသည်။
'ငါ့ကိုပေးတာလား'
တိန်ရှမ်းရီက....
'ဟုတ်တယ်၊ အားလုံးပေးလိုက်တာ'
လုရှောင်ဖုန်းက ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

သူ၏စိတ်ထဲတွင် အစော်အား ခံလိုက်ရသည်ထက် ခံစားမှုများ ခံစားလိုက်ရလေသည်။

တိန်ရှမ်းရီက သူ့အားမေးလိုက်သည်။

'ထမင်းပျော့စားတယ်ဆိုတဲ့ အဓိပ္ပာယ်ကို ရှင်နားလည်လား'

'ဒီလိုနည်းနဲ့ငွေရှာတဲ့ ယောကျ်ားကို ထမင်းပျော့စားတယ်လို့ ခေါ်တယ် ဟုတ်သား'

တိန်ရှမ်းရီက ပြုံးလိုက်သည်။

'ရှင် ဉာဏ်ကောင်းပါတယ်၊ နည်းနည်းပါးပါး ထောက်ပြတာနဲ့ သဘောပေါက်ပါတယ်'

လုရှောင်ဖုန်း၏ မျက်နှာတစ်ခုလုံး နီရဲသွားသည်။

တိန်ရှမ်းရီက တခစ်ခစ် ရယ်မောလိုက်သည်။

'ကျွန်မက မလှပေမယ့် ဒီလိုငွေပြန်ပေးတဲ့ အလုပ် တစ်ခါမှ မလုပ်ခဲ့ပါဘူး'

လုရှောင်ဖုန်း၏မျက်နှာ ပို၍ နီရဲသွားသည်။

တိန်ရှမ်းရီက....

'ရှင်က ကျွန်မကို ကြေးတမ်းစားမယ်လို့ ယူဆထားပေမယ့် ရှင်က ဒီလိုလူစားမျိုးမဟုတ်ဘူးဆိုတာကို ကျွန်မ နားလည်ပါတယ်'

လုရှောင်ဖုန်းက စိတ်သက်သာရာ ရသွားလေသည်။

တိန်ရှမ်းရီက....

'ဒီငွေတွေကို ကျွန်မပေးတာမှမဟုတ်ဘဲ'

လုရှောင်ဖုန်းက....

'ဒါဖြင့် ဘယ်သူ ပေးတာလဲ'



တိန်ရှမ်းရီက....

'ကျွန်မ့အစ်မ တစ်ဝမ်းကွဲ'

လုရှောင်ဖုန်းက....

'မင်းအစ်မ တစ်ဝမ်းကွဲက ဘယ်သူလဲ'

တိန်ရှမ်းရီက....

'သူက မုဘီဆိတ်ပြာရဲ့မိန်းမ'

'စန်းယို့ ရှမ်း'

လုရှောင်ဖုန်းက အသံ လွှတ်ခနဲထွက်သွားသည်။

တိန်ရှမ်းရီက....

'သူ့မှာ တစ်ခြားနာမည်တစ်ခု ရှိသေးတယ်'

လုရှောင်ဖုန်းက....

'ဘယ်လိုခေါ်သလဲ'

တိန်ရှမ်းရီက....

'ရှမ်းရှမ်း'

လုရှောင်ဖုန်းက ကြောင်အမ်းအမ်း ဖြစ်သွားပြန်လေသည်။

တိန်ရှမ်းရီက....

'သူက ရှင် လမ်းခရီးမှာ သုံးစရာမရှိမှာကို စိုးရိမ်လို့ ငွေပေးခိုင်းလိုက်တယ်၊ ညအိပ်မပျော်မှာစိုးလို့'

သူမက အသံတိုးတိုးဖြင့်....

'ကျွန်မကို လွှတ်လိုက်တာရှင့်'

လုရှောင်ဖုန်းက....

'ငါ့ကိုစောင့်ကြပ်ဖို့ လွှတ်လိုက်တာ မဟုတ်လား'

တိန်ရှမ်းရီက သက်ပြင်းချလိုက်သည်။

'ရှင်က သူ့ကို အထင်လွဲမယ်ဆိုတာ ကျွန်မသိတယ်၊ သူက မျက်နှာထား အေးစက်နေပေမယ့် စိတ်ကောင်းရှိပါတယ်၊ အထူးသဖြင့် ရှင့်အပေါ်....

လုရှောင်ဖုန်းက....

'ကျုပ်အပေါ် ဘယ်လိုလဲ'

တိန်ရှမ်းရီက လျှို့ဝှက်စွာ ပြုံးလိုက်သည်။

'ရှင်တို့နှစ်ယောက်တည်း ရထားလုံးထဲမှာနေခဲ့တာ၊ သူက ရှင့်အပေါ် ဘယ်လိုသဘောထားတယ်ဆိုတာ မသိဘူးလား၊ ကျွန်မကိုမေးဖို့ လိုသေးလား'

လုရှောင်ဖုန်းက မဲ့ပြုံး ပြုံးလိုက်သည်။

မျက်နှာထား တင်းလိုက်သည်။

သို့သော် သူ၏ရင်ထဲ၌ ထွေးနွေး ချိုလွင်သည့်အရသာ ခံစားနေရ၏။

ယခုကဲ့သို့ ချိုလွင်ထွေးနွေးသောအရသာသည် ယောကျ်ားတစ်ယောက်အား ကြိုးကွင်းထဲသို့ လည်ပင်းစွပ်ရသည်ပင် ကျေနပ်စေ၏။

—၈—



လုရှောင်ဖုန်းသည် တည်းခိုခန်းမှထွက်လာသောအခါ သူ၏ အင်္ကျီအိတ်ထဲတွင် ငွေလက်မှတ် အစောင်ငါးဆယ် ပိုလာချေသည်။

သူ့နောက်တွင် ခြေရာခံလိုက်သော လူများမှာ ခြောက်ယောက် လျော့နည်းသွားသည်။

ငါးယောက်အား ခေါင်းထဲရောက်သွားသည်။

တစ်ယောက်က သူ၏ရင်ခွင်ထဲ ရောက်နေ၏။

....၉....

သင်တို့အား လူကိုးယောက်က ခြေရာခံလိုက်နေသည်ကို ကြုံတွေ့ခဲ့ဖူးပါသလော။

အကယ်၍ ကြုံတွေ့ခဲ့ဖူးလျှင် ထိုလူကိုးယောက်မှ သုံးယောက်တည်းသာ ကျန်တော့သည်ကို တွေ့ရသောအခါ စိတ်အလွန် ပေါ့ရွှင်လာမည် ဖြစ်သည်မှာ သေချာသည်။

သို့သော် ယင်းကဲ့သို့ ပျော်ရွှင်သောခံစားမှုကို လူရှောင်ဖုန်းသည် ကြာကြာ မခံစားနိုင်ခဲ့ပါ။

နောက်တစ်နေ့တွင် သူ့နောက်မှ ခြေရာခံလိုက်နေသော လူများသည် သုံးယောက်မှသည် ဆယ်ယောက်အဖြစ်သို့ တိုးတက်များပြားလာပြန်လေသည်။

သူသည် ညအိပ်၍ မပျော်မည်ကို စိုးရိမ်သဖြင့် နောက်သို့ လှည့်မကြည့်ပါ။

တိန်ရှမ်းရီမှာမူ ရထားလုံး၏ နောက်ဘက် ပြတင်းပေါက်ငယ်မှ မကြာခဏ ချောင်းကြည့်နေ၏။

သူမက မနေနိုင်တော့ပါ။

'နောက်ကလိုက်လာနေတဲ့လူတွေဟာ ရှင့်နောက်ကိုလိုက်နေတာလား'

လူရှောင်ဖုန်းက ခေါင်းညိတ်ပြသည်။

တိန်ရှမ်းရီက....

'ဒါဖြင့် မနေ့ညနေကစပြီး သူတို့လိုက်နေတာ ဖြစ်မယ်'

လူရှောင်ဖုန်းက....

'ဟုတ်မယ်ထင်တယ်'

တိန်ရှမ်းရီက....

'သူတို့က ဘယ်သူတွေလဲဆိုတာ သိလား'

လူရှောင်ဖုန်းက....

'မသိဘူး'

သူက အမှန်တကယ် မသိပါ။

တိန်ရှမ်းရီက ပြတင်းပေါက်ငယ်အား ပိတ်လိုက်သည်။



လူရှောင်ဖုန်း၏ ရင်ခွင်ထဲသို့ တိုးဝင်သွားသည်။

'ကျွန်မကြောက်တယ်'

လူရှောင်ဖုန်းက....

'ဘာကို ကြောက်နေတာလဲ'

တိန်ရှမ်းရီက....

'အဲဒီလူ ခုနစ်ယောက်ထဲမှာ တစ်ခြား ကျန်တဲ့လူကိုကြောက်တယ်'

လူရှောင်ဖုန်းက....

'တစ်ခြမ်း ကျန်တယ်ဆိုတာ ဘာကိုဆိုလိုတာလဲ'

တိန်ရှမ်းရီက....

'တစ်ခြမ်းကျန်တဲ့လူဆိုတာ ဘယ်ဘက်မျက်လုံး၊ ဘယ်ဘက်နားရွက်၊ ဘယ်ဘက်လက်ဟာသံချိတ်၊ ဘယ်ဘက်ခြေထောက်ဟာ သစ်သားဖြစ်နေတာကို ပြောနေတာ'

သူမက စကားဆက်လိုက်သည်။

'ကျန်ရှိတဲ့အခြမ်းမှာလဲ သိပ်ကြောက်စရာကောင်းတယ်'

လူရှောင်ဖုန်းက....

'ဘာဖြစ်နေလို့လဲ'

တိန်ရှမ်းရီက....

'ညာဘက်မျက်လုံး၊ နှာခေါင်း၊ ပါးစပ်၊ အားလုံးရွဲ့နေတယ်ရှင့်'

သူမက စကားဆက်လိုက်သည်။

'သူ့ကိုကြည့်ရတာ အရုပ်ကလေးတစ်ရုပ်ကို တစ်ခြမ်းဆုတ်ဖြဲလိုက်သလိုပါပဲ'

သူမက လုံရှောင်ဖုန်း၏အက်ကို တင်းကြပ်စွာ ဆွဲအားလိုက်သည်။

'သူက ဘယ်သူလဲဆိုတာ ရှင်သိသလား'

လုံရှောင်ဖုန်းက ခေါင်းခါယမ်းလိုက်သည်။ သူသည်ထိုလူ၏အကြောင်းကို လုံးဝမစဉ်းစားလိုပါ။

မပြောမဖြစ်လိုပါ။

သို့သော် တိန်ရှမ်းရီက မရအားမနေပြန်သည်။

'သူဘယ်သူလဲဆိုတာ ရှင်သိမှာပါ'

မိန်းမတို့သည် သူမသိလိုသောကိစ္စတစ်ခုကိုမသိရခြင်း မနားမနေမေးတတ်သောအကျင့်ရှိသည် မဟုတ်ပါလား။

လုံရှောင်ဖုန်းက မပြောချ်မဖြစ်တော့ပါ။

'သူ့နာမည်က ယင်းယန်းလူယော်လို့ ခေါ်တယ်၊ ကြယ်တံခွန်စောရနဲ့တွေ့တော့မှ ယင်းလူယော်လို့ နာမည်ပြောင်းလိုက်တယ်လေ'

တိန်ရှမ်းရီက မျက်မှောင်ကြုတ်ထားသည်။

'ကျွန်မနားမရှင်းဘူး'

လုံရှောင်ဖုန်းက ရှင်းပြလိုက်သည်။

'ယင်းယန်းလူယော်ရဲ့အဓိပ္ပာယ်က ယောက်ျားတစ်ဝက် မိန်းမတစ်ဝက်လို့ အဓိပ္ပာယ်ရတယ်၊ ထပ်ပြီးရှင်းပြရမယ်ဆိုရင် ဒီလူဟာ တစ်ခြမ်းကယောက်ျား၊ တခြမ်းကမိန်းမ၊ ကြယ်တံခွန်စောရဲ့ယောက်ျားတစ်ခြမ်းကို ဖြတ်ဆီးလိုက်တော့မိန်းမတစ်ခြမ်းပဲကျန်လို့ ယင်းလူယော်လို့ ဖြစ်သွားတာပေါ့'



တိန်ရှမ်းရီက....

'သူ့ကိုဒီလိုထားခဲ့တာ ရက်စက်ရာ ရောက်တာပေါ့၊ သတ်လိုက်တာကပဲ ကောင်းဦးမယ်'

လုံရှောင်ဖုန်းက....

'ကြယ်တံခွန်စောရက လူမသတ်ဘူးဗျ'

တိန်ရှမ်းရီက....

'ကျွန်မသိပြီ၊ ကြယ်တံခွန်စောရအာ ဒီလူရဲ့မိန်းမတစ်ခြမ်းမှာ အပြစ်ရှိလို့ ထားခဲ့တာနဲ့တူတယ်'

လုံရှောင်ဖုန်းက....

'ဟုတ်တယ်'

တိန်ရှမ်းရီက....

'ဒီလိုလူမျိုးကို ကျွန်မကြည့်ချင်လိုက်တာ'

လုံရှောင်ဖုန်းက....

'ကျုပ်ကအစ်ခုကို မစဉ်းစားတတ်အောင် ဖြစ်နေတယ်'

တိန်ရှမ်းရီက ...

'ဘာများလဲ'

လုံရှောင်ဖုန်းက....

'မင်းရဲ့မျက်နှာ ဘာကြောင့်ရဲခနဲမဖြစ်သွားတာလဲ'

....၁....

ယခု တိန်ရှမ်းရိ၏မျက်နှာသည် နီရဲ၍နေ၏။

သူမအား ရှက်၍နီရဲခြင်းမဟုတ်ပါ။

ရေနွေးပူဖြင့် ရေချိုးလိုက်ခြင်းကြောင့် ဖြစ်သည်။

ယခု သူတို့တည်းခိုခန်းမှာ မင်္ဂလာ တည်းခိုခန်းဖြစ်သည်၊ အခန်းခတစ်ညလျှင် သုံးကျပ်ဖြစ်သည်။

နေ့ရောညပါ ရေနွေးကိုအခမဲ့ပေး၏။ သူမသည် ရေမိုးချိုးပြီးနောက် ဆံကေသာများကို လက်တစ်ဘက်ဖြင့် ဆုပ်ကိုင်ထားပြီး အခန်းထဲသို့ပြန်လာလေသည်။

သူမအား ပြုံး၍ပြောလိုက်သည်။

'တည်းခိုခန်းရဲ့အခန်းခအာ ဈေးကြီးလို့နဲ့တူတယ်၊ တည်းခိုထဲလူက နည်းလိုက်တာ'

လုရှောင်ဖုန်းက သူမ၏စကားကို မကြားလိုက်ပါ။

သူသည် ယွမ်းထည်သေတ္တာတစ်လုံးကို အာရုံစူးစိုက်စွာဖြင့် ကြည့်နေခြင်းဖြစ်သည်။

ထိုယွမ်းထည်သေတ္တာသည် အခန်း၏စားပွဲပေါ်၌ တင်ထားသည်။

ယွမ်းထည်တစ်ခုလုံးမှာ ဇာနုတ်ပန်းများဖြင့် ထွင်းဖော်ထားသည်။

ငွင်းဇာန်ဖိုးရှိလှသော ယွမ်းထည်သေတ္တာသည် ချမ်းသာကြွယ်ဝသောသူများအား ကျောက်သံပတ္တမြားများကို ထည့်ထားသော သေတ္တာဖြစ်လေသည်။

တိန်ရှမ်းရှိက သေတ္တာကိုတွေ့မြင်သွားသည်။

'ဒီသေတ္တာ ဘယ်ကရောက်လာတာလဲ'



လုရှောင်ဖုန်းက....

'ဆိုင်လုလင်က ပို့လိုက်တာ'

တိန်ရှမ်းရိက....

'ဘယ်သူက ပို့ခိုင်းလိုက်တာလဲ'

လုရှောင်ဖုန်းက....

'မသိဘူး'

တိန်ရှမ်းရိက....

'သေတ္တာထဲမှာ ဘာတွေရှိသလဲ'

လုရှောင်ဖုန်းက....

'မသိဘူး'

တိန်ရှမ်းရိက သေတ္တာအနီးသို့ လျှောက်သွား၏။

'ရှင်က ဘာဖြစ်လို့ ဖွင့်မကြည့်တာလဲ၊ မြွေနှစ်ကောင်ထွက်လာမှာကို ကြောက်လို့လား'

လုရှောင်ဖုန်းက....

'တော်ကြာ သေတ္တာထဲမှာ မှင်းလို မိန်းမလေးမျိုးတစ်ယောက်ထွက်လာရင် ဘယ်နှယ်လုပ်မလဲ'

တိန်ရှမ်းရိက ပြုံးလိုက်ရာ၌။

'တော်ကြာ မိန်းကလေးမဟုတ်ဘဲ ရှင့်လိုယောကျ်ားလေးတစ်ယောက်ထွက်လာရင် ဘယ်နှယ်လုပ်မလဲ'

သူမသည်သေတ္တာ၏အဖုံးကိုဖွင့်လိုက်ရာ ပြုံးယောင်သန်းနေသောသူမ၏မျက်နှာမှာ ရုတ်တရက် ကြောက်ရွံ့သောအသွင် ပြောင်းလဲသွားလေသည်။

ယွန်းထည်သေတ္တာထဲ၌ အမည်းရောင် ပိုးခါးပတ်ငါးခုနှင့် ဖြူဖွေးသောသွားများ အမြောက်အများရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

အမည်းရောင်ခါးပတ်များမှာသည်း သွေးစွန်းနေ၏။ ထိတ်လန့်လွန်း၍ တိန်ရှမ်းရီ၏တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်သွားလေသည်။

အတန်ကြာ ငေးငိုင်ပြီးမှ....

'ဒါ...ဒါ လူများရဲ့သွားဟုတ်လား'

လုရှောင်ဖုန်းက ခေါင်းညိတ်ပြလိုက်သည်။

သူ၏မျက်နှာ ဖြူဖပ်ဖြူလျော်ဖြစ်နေ၏။

တိန်ရှမ်းရီက....

'အနက်ရောင် ခါးပတ်ငါးခုက ဘာသဘောလဲ'

လုရှောင်ဖုန်းက....

'မသိဘူး'

တိန်ရှမ်းရီက သက်ပြင်းတစ်ချက်ချလိုက်သည်။

'ရှင့်ကိုကြည့်ရတာ တစ်ခုမှမသိရပါလား'

လုရှောင်ဖုန်းက—

'တစ်ခုတော့သိတယ်'

တိန်ရှမ်းရီက....

'ဘာကိုလဲ'

လုရှောင်ဖုန်းက....

'ယောကျ်ားရဲ့အလုပ်ကို အကောင်းဆုံးက မိန်းမက ဝင်စွက်-နဲ့ မမေးနဲ့'



တိန်ရှမ်းရီက ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်သည်။

ပါးစပ်ပိတ်ထားလိုက်လေသည်။ သို့သော် သူမကပါးစပ်ကြာကြာ ပိတ်မထားနိုင်ပါ။

'ဒီနေ့, ရှင့်နောက်ကလိုက်နေတဲ့ လူခုနစ်ယောက်ထဲမှာ အနက်ရောင်ခါးပတ် ပတ်ထားတာကို ကျွန်မတွေ့မိသလိုပဲ'

လုရှောင်ဖုန်းက မျက်နှာထားတင်းတင်း ရှိနေသော်လည်း တိန်ရှမ်းရီ၏ တွေးခေါ်မှုကို ကျိတ်၍ချီးကျူးမိလေသည်။

သူမက စကားဆက်လိုက်သည်။

'ဒီလူခုနစ်ယောက်နဲ့ ပထမညမှာလိုက်နေတဲ့ လူငါးယောက်တို့နဲ့ တစ်စုတည်းလား မသိနိုင်ဘူး'

လုရှောင်ဖုန်းက သူမအား ကြည့်လိုက်သည်။

'မင်းက ငါ့ရဲ့ကိစ္စကို ဝင်ပါချင်လို့လား'

တိန်ရှမ်းရီက....

'ရှင်နဲ့ ကျွန်မနဲ့က တစ်စိမ်းမှမဟုတ်ကြဘဲ'

လုရှောင်ဖုန်းက....

'ဒါဖြင့် ငါ့အတွက် အလုပ်တစ်ခုတော့ လုပ်ပေးသင့်ပါတယ်'

တိန်ရှမ်းရီက....

'ဘာကိုလုပ်ပေးရမှာလဲ'

လုရှောင်ဖုန်းက....

'ဒီသေတ္တာကို ငါ့တို့အခန်းရဲ့ မျက်နှာချင်းဆိုင် အခန်းကို သွားပို့ပေးပါ'

တိန်ရှမ်းရီအ ထခုန်လိုက်သည်။

'ဘယ်လို'

လှရှောင်ဖုန်းက....

'ဒီသေတ္တာကို မျက်နှာချင်းဆိုင်အခန်းကို သွားပို့ပေးပါ'

တိန်ရှမ်းရီက...

'ဘာဖြစ်လို့ ပို့ရမှာလဲ'

လှရှောင်ဖုန်းက....

'လူခါးယောက်ကို သတ်သွားတဲ့ လူသတ်တရားခံက ထို အခန်းမှာ ရှိရမယ်'

တိန်ရှမ်းရီ၏မျက်နှာ ဖြူဖပ်ဖြူလျော် ဖြစ်သွားလေသည်။

လှရှောင်ဖုန်းက....

'မင်းက ငါ့ကိစ္စကို ဝင်ပါချင်မှတော့ ဒီလောက် ကိစ္စလေး ကို လုပ်ပေးသင့်ပါတယ်'

တိန်ရှမ်းရီက အံတင်းတင်းကြိတ်လိုက်သည်။

ခြေထောက်တစ်ချက်ဆောင့်ကာ....

'စုန်း...'

သေတ္တာအဖုံးကို ပိတ်လိုက်သည်။

မျက်လုံးမှိတ်ကာ သေတ္တာကိုဆွဲ၍ အခန်းထဲမှ ထွက်သွ လေသည်။

ထွသည် ယင်းကဲ့သို့ခိုင်းလိုက်ပြီးမှ စိတ်မကောင်း ဖြစ် လေသည်။



မိန်းကလေးတစ်ယောက်အား လူသေ၏သွားများထည့်ထား သော သေတ္တာကို သွေးအေးအေးနှင့် လူသတ်သော လူသတ် သမားတို့၏အခန်းသို့ သွားရောက် ပို့ခိုင်းသည်မှာ ရက်စက် သည်ကို သတိရမိလေသည်။

သို့သော် ထိုအကိုးအိုသုံးယောက်သည် အားနွဲ့သော မိန်းက လေး တစ်ယောက်ကို နှိပ်ထက်စီးနင်း ပြုလုပ်လိမ့်မည် မဟုတ်ဟု ယုံကြည်လေသည်။

သူသည် ထိုလူခုနစ်ယောက်၏ အကြောင်းကို စဉ်းစားလိုက် သည်။

'ဒီလူစုတွေက ဝါနဲ့ ဘယ်လိုရန်ငြိုးရှိပြီး အခုလို ဝါ့ကိုအစော သတ်ချင်နေကြတာလဲ'

သူတို့ရဲကိုယ်ပေါ်၌ အနက်ရောင်ခါးပတ် စည်းထားခြင်းမှာ မည်သည့်အဖွဲ့အစည်းမှလူများ ဖြစ်ပါသနည်း။

သူသည် မိမိခါးပတ်မှာလည်း မည်သည့်အရောင် ရှိသည်ကို ငုံ့ကြည့်လိုက်သည်။

သူ တွေ့မြင်လိုက်သည်မှာ အဖြူရောင်ခြေအိတ် ဖြစ်သည်။

သူသည် ချက်ချင်းပင် အနီရောင်ဖိနပ်နှင့် အစိမ်းရောင်အင်္ကျီ ကို သတိရသွားလေသည်။

ထိုအကြောင်းများသည် အတိတ်မှာ ထားရစ်ခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် သဲထိပ်ရောဖို့ဖွယ်ရာ မရှိတော့ပါ။

ယခုလက်ရှိ ကြောက်မက်ဖွယ်ရာ အကောင်းဆုံးမှာ ဓမ္မည်း ရောင် ခါးပတ် ဖြစ်သည်။

ယင်းလူငယ်ကဲ့သို့ လူမျိုးသည် သူတို့၏လက်အောက်သို့ ဝင်ရောက် သစ္စာခံသည်မှာ ထိုအဖွဲ့အစည်းမှာ အလွန်လျှို့ဝှက်ပြီး အလွန်ကြောက်မက်ဖွယ်ရာ ကောင်းရမည်ဟု သူက နားလည်ထားသည်။

သူသည် ဆက်၍ စဉ်းစားနေစဉ် တိန်ရှမ်းရီက ပြန်လည်ရောက်ရှိလာသည်။

'သေတ္တာကို ကျွန်မပို့လိုက်ပါပြီ'

လူရှောင်ဖုန်းက....

'သူတို့ ဘာပြောသေးသလဲ'

တိန်ရှမ်းရီက....

'ဘာမှမပြောဘူး'

တိန်ရှမ်းရီ၏မျက်နှာ တင်းမာနေ၏။

'အခန်းထဲမှာ သူတို့မှမရှိဘဲ သေတ္တာကို သူတို့ရဲ့သူငယ်ဆေးကို အပ်လိုက်ပါတယ်'

လူရှောင်ဖုန်းက....

'အဲဒီလူငယ်လေးကလဲ သူတို့ဘယ်မှာ ရောက်နေတယ်ဆိုတာ မသိဘူးလား'

တိန်ရှမ်းရီက ခေါင်းခါယမ်းလိုက်သည်။

သူမက မဲ့ပြုံးပြုံးလိုက်သည်။

'ဒီသေတ္တာကို ရှင်ကဘယ်နေရာကိုပဲပို့ပို့ ယင်းလူငယ်ကတော့ ရှင့်ကိုလာရှာပါလိမ့်မယ်'

လူရှောင်ဖုန်းက....

'သူမလာဘူး'



တိန်ရှမ်းရီက....

'ဘာဖြစ်လို့လဲ'

လူရှောင်ဖုန်းက....

'ကျုပ်အခုပဲ သူ့ဆီကိုသွားမလို့'

တိန်ရှမ်းရီက ထစ်ခနဲ ဖြစ်သွားသည်။

သူမသည် ထိတ်ထိတ်ပျာပျာဖြစ်သွားလေသည်။

'သူတို့ လူဘယ်နှစ်ယောက်ရှိတယ်ဆိုတာ ရှင်သိသလား'

လူရှောင်ဖုန်းက....

'ခုနစ်ယောက်'

တိန်ရှမ်းရီက....

'လူခုနစ်ယောက်ဆိုရင် လက်ဆယ့်လေးဖက် ရှိတယ်ဆိုတာ ရှင်သိသလား'

လူရှောင်ဖုန်းက....

'ကျုပ်တွက်တတ်ပါတယ်'

တိန်ရှမ်းရီက....

'ဒါပေမယ့် ရှင့်မှာလက်နှစ်ဖက်ပဲရှိတယ်'

လူရှောင်ဖုန်းက ပြုံးလိုက်သည်။

'ရွှေတစ်ကျပ်သားမှာ တန်ဖိုးရှိသလား၊ သံတစ်ပိဿာမှာ တန်ဖိုးရှိသလား'

တိန်ရှမ်းရီက....

'ရွှေက တန်ဖိုးရှိတာပေါ့'

လူရှောင်ဖုန်းက....

'ဒါကြောင့် လက်နှစ်ဘက်ဟာ ထက်ဆယ့်ဓားဘက်ထက် တစ်ခါတလေ ပိုပြီး အသုံးဝင်နိုင်ပါတယ်'

သူအပြောပြီး အခန်းထဲမှ လှမ်းထွက်လိုက်သည်။

တိန်ရှမ်းရှ်က—

'ရှင်က အသက်ရှင်ပြီး ပြန်လာနိုင်ဖို့ မျှော်လင့်ချက် ရှိသလား'

လူရှောင်ဖုန်းက ပြုံးပြလိုက်သည်။

တိန်ရှမ်းရှ်က....

'ရှင်အသက်ရှင်ဖို့ ဘယ်လောက် သေချာသလဲ'

လူရှောင်ဖုန်းက...

'မင်းက ဘာဖြစ်လို့ ဒါလောက်တောင် သိချင်ရတာလဲ'

တိမ်ရှမ်းရှ်က မျက်နှာထားတင်းတင်းဖြင့်...

'ရှင်က ကိုယ့်ကိုကိုယ် နည်းနည်းလေးမှ မသေချာဘူးဆိုရင် ငွေလက်မှတ်ကို ကျွန်မပေးထားလိုက်ပါ၊ ကျွန်မက မုဆိုးမ ဖြစ်ရင်တောင် ငွေချမ်းသာတဲ့ မုဆိုးမ ဖြစ်ချင်တယ်'

လူရှောင်ဖုန်းက သူမအား ကြည့်လိုက်သည်။

အတန်ကြာကြာ ကြည့်ပြီးမှ အိတ်ထဲမှ ငွေလွှဲလက်မှတ်ကို နှိုက်ပြီး စားပွဲပေါ်သို့ ချထားလိုက်သည်။

သူကပြုံး၍....

'စိတ်ချ၊ မင်း ဒီတစ်သက်မှာ မုဆိုးမဖြစ်စရာ အကြောင်း မရှိပါဘူး'



တိမ်ရှမ်းရှ်က....

'ဘာဖြစ်လို့လဲ'

လူရှောင်ဖုန်းက....

'ဒီလောကပေါ်မှာ မင်းကိုယူမယ့် ယောကျ်ားတစ်ယောက်မှ မရှိဘူးလို့ ကျုပ်ပြောရဲတယ်'

....လွင်စာပေ
အမှတ် ၁၅/ ၁၃၈၊ မြေ
ဧတာခင်၄မြို့
ရုံး ၂၀၇၅၅

လူရှောင်ဖုန်း ထွက်သွားပြီဖြစ်သည်။

သူသည် လမ်းလျှောက်ထွက်သည့်အလား အင်္ကျီ ကြယ်သီးများပင် မတပ်ပါ။

ဤအတိုင်း ထွက်သွားခြင်း ဖြစ်လေသည်။

သို့သော် သူက အဘယ့်ကြောင့် ငွေလက်မှတ်ကို ထားခဲ့ရသနည်း။

သူ့ကိုယ်သူ စိတ်မချ၍လား....

ယင်းလူငယ် ဆိုသူသည်အလွန် ကြော့ကော့မော့ဖွယ်ရာကောင်းသော လူတစ်ယောက်ဖြစ်နေ၍လော...။

တိမ်ရှမ်းရီအ စားပွဲပေါ်၌ ထားခဲ့သော ငွေလက်မှတ်များကို ကြည့်ရင်း သက်ပြင်းတစ်ချက် ချလိုက်လေသည်။

'မစ်း ပြန်မလာရင် ငါ့အတွေ့ မုဆိုးမ မဖြစ်ဘူး၊ ဒါပေမယ့် လူတစ်ယောက်အတွေ့ မုဆိုးဘို ဖြစ်ရတော့မှာပဲ'

—o—

မနာလို ဝန်တို

မင်္ဂလာ တည်းခိုခန်းမှာ အဆောင် လေးဆောင် ရှိသည်။

ယင်းလူငယ်တို့ လူခုနစ်ယောက်သည် နောက်ဆုံး အဆောင်တွင် ရှိနိုင်ပေသည်။

လုရှောင်ဖုန်းသည် အဆောင်ဘက်သို့လျှောက်လာစဉ်တုန်းက မိန်းကလေးများ၏ သီဆိုနေသော တေးသံများကို ကြားလိုက်ရသေး၏။

ယခုမှာမူ ထိုတေးသံများ လုံးဝ မကြားရတော့ပါ။

သူသည် ဓားတံခါးမှ ပတ်၍ သွားရာ လူသူ တစ်ယောက်မှ မတွေ့ရပါ။

တိမ်ရှမ် ဒီက ပြောပြခဲ့သော စကားကို ပြန်၍ သတိရလာလေသည်။

'ဒီတည်းခိုခန်းမှာလာတည်းတဲ့ဧည့်သည် နည်းပါးလိုက်တာ'

အခန်းဆောင်ထဲ၌ မီးများ လင်းနေ၏။

ဧည့်သော် လူသံသူသံများ ဟူ၍ လုံးဝ မကြားရပါ။

'သူတို့ မရှိကြတော့ဘူးလား'

လုရှောင်ဖုန်း၏ ရင်ထဲ၌ ယင်းသို့ ရေရွတ်နေ၏။

သူသည် နံရံပေါ်သို့ ခုန်တက်လိုက်သည်။

အဆောင်ထဲ၌ မီးရောင်လင်းနေသည်မှအပ လူများ၏အသက်ရှူသံ ချောင်းဆိုးသံများပင် မကြားရပါ။

လေတစ်ချက် တိုက်ခတ်လာသည်။

ဝဲလဲထဲ၌ အရက်၏ အနံ့များနှင့်အမျိုးသမီးများ၏ဖောင်ဒေါ် ရေမွှေးနံ့များ ပါရှိလာသည်။

ကြာနေရာ မကြာသေးမီ အချိန်မှာ မိန်းမနှင့်အရက်များ ရှိရမည်မှာ သေချာသည်။

ယခုမှာမူ ထိုမိန်းမများ မည်သည့် နေရာသို့ ရောက်သွားပါသနည်း။

ရုတ်တရက်....

'အား'

စူးရှ၍ ယယ်ယံပါသော အသံတစ်သံ ထွက်ပေါ်လာလေသည်။

လုရှောင်ဖုန်းက ထိတ်လန့် တုန်လှုပ် သွားသည်။

သူသည် ယင်းလူငယ်အား ချက်ချင်း သတိရလာလေသည်။



မိန္နမိုးဆောင်း သုံးဖော်က မိမိထက် ခြေတစ်လှမ်း ဦးနေပြီလော....

သူသည် မဆိုင်းမတွဲ အသံလာရာ နောက်ဖက်ဆောင်သို့ ပြေးလွှားသွားသည်။

နောက်ဘက် အဆောင်တွင် မီးရောင်က မှေးမှိန်လှသည်။

ပြတင်းပေါက် နှစ်ပေါက်နှင့်တံခါးပေါက်မှတံခါးများစေ့ရုံ စေ့ထားသည်။

လုရှောင်ဖုန်းက တံခါးရှေ့တွင် ရပ်တန့်သွားသည်။

လက်ချောင်းနှစ်ချောင်းဖြင့် တံခါးကို တွန်းဖွင့်လိုက်သည်။

အခန်းထဲမှ အသံ ထွက်လာသည်။

'လာပြီ သေတ္တာ ပို့လိုက်တာနဲ့ ရောက်လာ လိမ့်မယ်လို့ ကျုပ်က အထင်သားပဲ ဒီထဲ ဝင်ခဲ့ပါ'

လုရှောင်ဖုန်းက မဝင်ပါ။ မဝင်ရဲ၍ မဟုတ်။ မဝင်ရက်ခြင်း ဖြစ်သည်။

အခန်းထဲ၌ ဖောင်လူငယ်၏ လက်ထဲတွင် ဓားငယ် တစ်လက် ကိုင်ထားသည်။

တိုင်ပေါ်၌ မိန်းမလေးတစ်ယောက် ချည်ထားလေသည်။

ယင်းလူငယ် လက်ထဲမှ ဓားသည် မိန်းမလေး၏ ရင်ဝသို့ ချိန်ရွယ်လျက်....

'ဝင်ခဲ့'

ယင်းလူငယ်၏ အသံသည် ငှက်ဆိုးထိုးသံပမာ နားကြားခက်လှ၏။

'မင်းကို ငါ ဝင်ခိုင်းနေတာ ဝင်ခဲ့ပါ၊ ဝင်မလာရင် ဒီမိန်းမ လေးကို အရင် သတ်ပစ်မယ်'

လုရှောင်ဖုန်းက အံကိုတင်းတင်း ကြိတ်ထားလိုက်သည်။

ယင်းလူငယ်က ရယ်မောလိုက်လေသည်။

'ဒီမိန်းမလေးက အဆိပ်တော်ပါ၊ တည်းခိုခန်းမှာ တည်းခိုတဲ့ ဧည့်သည်တွေကို ဖြေဖျော်တဲ့ အဆိပ်တော်ပါ၊ မင်းနဲ့တော့ ဘာမှ မဆိုင်ပါဘူးလေ'

သူက စကား ဆက်လိုက်သည်။

'ဒါပေမယ့် မင်းကြောင့် သူ့ကို အသေသတ်ရမှာကို မင်းက ကြည့်ရက်မှာ မဟုတ်ပါဘူး'

ယင်းလူငယ်သည် လုရှောင်ဖုန်း၏အားနည်းချက်ကို ကောင်း စွာ သိထားခြင်း ဖြစ်သည်။

လုရှောင်ဖုန်း သည် အမျိုးသမီးများအပေါ် အလွန်ကြင်နာ တတ်သည် မဟုတ်ပါလော။

လုရှောင်ဖုန်း၏ ရင်ထဲ၌ လေးလံသွားသည်။

သူသည် အပြစ်မဲ့သော မိန်းမလေး တစ်ယောက် အသက် ဆုံးရှုံးသွားမည်ကို မကြည့်ရက်သည်မှာ အမှန်ပင်။

သူက သက်ပြင်းချ၍ အခန်းထဲသို့ လှမ်းဝင်လိုက်သည်၊

'ဟား...ဟား...ဟား'

ယင်းလူငယ်က ရယ်မောလိုက်သည်။

'ငါက မင်းကိုသတ်ဖို့ မရည်ရွယ်ပါဘူး၊ ဒါပေမယ့်...'

သူ၏ စကားမဆုံးမီ အလင်းရောင်တန်း သုံးခုသည် ပြတင်း ပေါက်မှ ထိုးဖောက် ဝင်ရောက်လာလေသည်။



ယင်းလူငယ်က မိန်းကလေးအား ဖမ်းဆွဲလိုက်ပြီး ခံပေး လိုက်သည်။

'အား....'

မိန်းကလေး၏ ရင်ဘတ်သို့ မြားငယ်တစ်လက် ထိုးဖောက် ဝင်ရောက်သွားလေသည်။

ယင်းလူငယ်သည် လျင်မြန်စွာ ခုန်လိုက်သည်။

သူ၏ ခန္ဓာကိုယ်သည် တံခါးရှိရာသို့ ပြေးထွက်လာသည်။

လုရှောင်ဖုန်းက ဟန့်တားလိုက်လေသည်။

မိန်းကလေးက သေဆုံးသွားပြီ ဖြစ်ရာ လုရှောင်ဖုန်းမှာ သူ့အား မည်သို့မျှ ခွင့်ပြုနိုင်မည် မဟုတ်တော့ပါ။

ယင်းလူငယ်သည် ထွက်ပေါက် မရှိသည်ကို တွေ့မြင်လိုက် သဖြင့် သူ၏ ခန္ဓာကိုယ်သည် လေထဲသို့ ခုန်တက်လိုက်ပြီး သူ၏ လက်မှ တပ်ဆင်ထားသော ချိတ်ဖြင့် ထုပ်တန်းပေါ်သို့ ချိတ် ထားလိုက်သည်။

ထို့နောက် သူ၏ တစ်ကိုယ်လုံးသည် ချာချာလည်ပတ်လိုက် လေသည်။

သူ၏ခြေထောက်တစ်ဘက်မှာလည်း သံမဏိဖြင့်ခြေထောက် အတု တပ်ဆင်ထားသောကြောင့်....

ခန္ဓာကိုယ် ချာချာလှည့်ပတ်လိုက်သောအခါ မည်သူကမှ သူ့အနီးသို့ချဉ်းကပ်၍ မရပါ။

လုရှောင်ဖုန်းလည်း သူ့အနားသို့ ချဉ်းကပ်နိုင်စွမ်း မရှိ တော့ပါ။

ရုတ်တရက် ယင်းလူငယ်၏ခန္ဓာကိုယ်သည် ချာချာလည်ပတ်ရာမှ ရုတ်တရက် ရပ်တန့်သွားသည်။

သူ၏ ခန္ဓာကိုယ်သည် ပြတင်းပေါက်ထဲမှ ထိုးဖောက် ထွက်သွားလေသည်။

လူရှောင်ဖုန်းသည် အက်ညို့း တစ်ချောင်းဖြင့် လှမ်းထိုးလိုက်ရာ ယင်းလူငယ်၏ ခန္ဓာကိုယ်သည် မြေပေါ်သို့ ပြုတ်ကျသွားလေသည်။

လူရှောင်ဖုန်းက ပြတင်းပေါက်မှ ခုန်ထွက်ပြီး ယင်းလူငယ်အား စစ်ဆေးမေးမြန်းရန် လျှောက်သွားသည်။

ရုတ်တရက် အလင်းရောင်တန်း တစ်ခု ထပ်မံ ထွက်ပေါ်လာသည်။

ဓားငယ် တစ်လက်သည် ယင်းလူငယ်၏ လည်မျိုသို့ ထိုးဖောက် ဝင်ရောက်သွားလေသည်။

လူရှောင်ဖုန်း၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

‘ဘယ်သူလဲဟ’

စန်းကျင်တစ်ခုလုံးမှာ လူရိပ်တစ်ယောက်မျှ မတွေ့ရပါ။

လူရှောင်ဖုန်းက မည်ကဲ့သို့ လိုက်ရမှန်း မသိဘဲ ရပ်နေရလေသည်။

သူက သက်ပြင်း တစ်ချက် ချလိုက်သည်။

‘သူတို့လူစုမှာ ခုနစ်ယောက် ရှိတယ်၊ တစ်ယောက် သေသွားတော့ ခြောက်ယောက် ကျန်ပါသေးတယ်လေ’

သူ၏စကားဆုံးသွားသည်နှင့် သူ့နောက်တွင်လူတစ်ယောက်၏အသံ အေးစက်စွာ ထွက်ပေါ်လာလေသည်။



‘မထင်လိုက်နဲ့၊ သူတို့ တစ်ယောက်မှ မကျန်တော့ပါဘူး’

စကားပြောသောသူသည် တစ်ယောက်တည်း ဖြစ်သည်။ မြေပေါ်၌ လူရိပ်သုံးခုကို တွေ့မြင်လိုက်ရလေသည်။

နွေမိုးဆောင်း သုံးဖော် ဖြစ်လေသည်။

လူရှောင်ဖုန်းက ဖြည်းညင်းစွာ နောက်သို့ လှည့်လိုက်သည်။

‘ကျန်တဲ့ ခြောက်ယောက် အားလုံးသေကုန်ပြီလား’

အဘိုးအိုမှာ အေးတိအေး စက်သော အသံဖြင့်—

‘သူတို့မှာ အသက်ရှိနေသေးတယ်ဆိုရင် မင်းက ဒီအခန်းထဲက အသက်ရှင်လျက် ထွက်လာနိုင်တော့မှာ မဟုတ်ဘူး’

ယင်းလူငယ်၏ အဖော်ခြောက်ယောက်တို့သည် အမှောင်ထုကို ခို၍ လေးတက်လေးတန်မှနေ၍....

လူရှောင်ဖုန်းအား ဝိုင်းရံတိုက်ခိုက်ရန် ကြံစည်ထားသည်။

သို့သော် ယခုမှာမူ သူတို့သည် အမှောင်ထုထဲခိုရင်း....

တိတ်ဆိတ်စွာ အသက်ဆုံးရှုံးသွားကြရလေသည်။

ထိုလူ ခြောက်ယောက်တို့သည် တစ်ဦးချင်း ထိပ်တန်းသိုင်းသမားများ ဖြစ်ကြလေသည်။

သူတို့အား သတ်ဖို့ရန်မှာ လွယ်ကူမည်မဟုတ်ပါ။

အထူးသဖြင့် တိတ်တဆိတ် ဝင်ရောက်တိုက်ခိုက်ရန်မှာ ပို၍ ခက်ခဲလှပေသည်။

နွေမိုးဆောင်းသုံးဖော်၏ သိုင်းပညာမှာ မည်မျှအဆင့်မြင့်သည် ကိုခန့်မှန်းနိုင်သည်။

သူတို့သည် မည်ကဲ့သို့ ရက်စက် ကြမ်းကြုတ်သည်ကိုလည်း ပေါ်လွင်နေ၏။

လုရှောင်ဖုန်းအာ သက်ပြင်းတစ်ချက် ချလိုက်သည်။

အစစအရာရာ ဆင်ခြင်ရမည်ဟုလည်း ကိုယ့်ကိုကိုယ် သတိပေးရလေသည်။

ထိုအဘိုးအို၏လက်ထဲတွင် အရက်တစ်ခွက် ကိုင်ထားသည်၊ အရက်ခွက်ထဲတွင် အရက်ရှိနေပါသေး၏။

နွေမိုးဆောင်း သုံးဖော်အနက် လက်တစ်ဘက်နှင့် တဘက် အတွင်းမှာ လူသတ်နိုင်သည်မှာ လောကပေါ်မှာ မရှိသလောက် ရှားပါးလှပေသည်။

အဘိုးအိုက အရက်တစ်ကျိုက် သောက်လိုက်သည်။

'ငါက ယင်းလူငယ်ကို မသတ်ဘဲ ထားချင်ပါတယ်၊ မင်းက ဝင်ရောက်လာတော့ သူ့ကို မသတ်လို့ မဖြစ်တော့ဘူးလေ'

သူက စကားဆက်လိုက်သည်။

'ငါကလဲ မင်းလက်ထဲ အရှင်လတ်လတ်ရောက်စေချင်တဲ့ဆန္ဒ ရှိပါတယ်'

လုရှောင်ဖုန်းက....

'ခုနတုန်းက ဓားငယ်ကိုပစ်လွှင့်လိုက်တာ ခင်ဗျားတို့ မဟုတ်ဘူးလား'



အဘိုးအိုက....

'ကျုပ်တို့ ဒီလိုလက်နက်မျိုးအသုံးမပြုတာ နှစ်ပေါင်းကြာပါပြီကွ'

လုရှောင်ဖုန်းက သေသေချာချာ ကြည့်လိုက်သည်။

ယင်းလူငယ်၏ လည်မျိုထဲတွင် စိုက်ဝင်နေသော ဓားငယ်မှာ လေးသက်မခန့်ရှည်သည်။

သက်ရာမှာ အလွန်လက်ရာမြောက်လေသည်။

မိန်းကလေး၏ ရင်၌ တွင်လည်း ယင်းကဲ့သို့ လက်နက်မျိုးဖြစ်သည်။

သူတို့၏မျက်နှာပေါ်တွင် ညိုမည်းလာသည်ကို တွေ့မြင်ရလေသည်။

ယင်းဓားငယ်ပေါ်၌ အဆိပ်များပါရှိနေသည်ကို ပြောဖွယ်ရာမရှိပါ။

လုရှောင်ဖုန်းသည် ယင်းကဲ့သို့ အဆိပ်ပါသော လက်နက်မျိုးကို နွေမိုးဆောင်း သုံးဖော်တို့က အသုံးပြုမည် မဟုတ်မှန်း ယုံကြည်သည်။

လူတစ်ယောက်သည် အရာရာကို လက်နက်အဖြစ် အသုံးပြုနိုင်သောအဆင့် ရောက်ရှိနေပြီ ဖြစ်သည်။

ယင်းကဲ့သို့ လက်နက်မျိုးကို လုံး၀သုံးမည် မဟုတ်ကြပါ။

သို့သော် ယင်းလက်နက်ပုန်းကို အသုံးပြုသောလူသည် မည်သူ ဖြစ်မည်ကို သူက သိလို၏။

'ဒီလူဟာ ဘယ်သူလဲဆိုတာ ဦးတို့ဟာ သိသလား'

နွေမိုးဆောင်းသုံးဖော်အနက် ကုရှောင်အမည်ရှိသော အသ
ဆိုးဟာ အတွေ့အကြုံ အရင့်ကျက်ဆုံးဖြစ်သည်။

လုရှောင်ဖုန်းဟာ သူ့အား စိုက်ကြည့်လိုက်၏။

'သိုင်းလောကဟာ နောက်ပေါက်လူငယ်ထဲမှာ မင်းဟာ သိပ်
အတွေ့အကြုံရင့်ကျက်တယ်၊ ဗဟုသုတကြွယ်ဝတယ်လို့ ပြော
တယ်၊ ငါကတော့ ဒီလိုမထင်ပါဘူး'

လုရှောင်ဖုန်းဟာ ရယ်မောလိုက်သည်။

'ကျုပ်ကိုယ်ကျုပ်တော့ ဒီလိုအထင်မကြီးတတ်ပါဘူး'

လုရှောင်ဖုန်းဟာ....

'ဘာပဲဖြစ်ဖြစ် လမ်းခရီး တစ်လျှောက်မှာ ကိုယ့်ကိုကို
သတိထားဖို့လိုတယ်'

လုရှောင်ဖုန်းဟာ ပြုံးလိုက်သည်။

'စိတ်ချ၊ ကျုပ်ဟာ ကျောက်စိမ်းဆွဲပြားကို မရမချင်း မ
သေးပါဘူး'

လုရှောင်ဖုန်းဟာ ရယ်မောလိုက်လေသည်။

'ကောင်းပါတယ်လေ'

သူသည် အင်္ကျီလက်ကို တစ်ချက်ခါလိုက်ရာ....

'ဝှီ'....

သစ်ရွက်များ၊ ဖုန်များ ရုတ်တရက် ထောင်ထလာလေသ



ဖုန်လုံးများ ကွယ်ပျောက်သွားသောအခါ နွေမိုးဆောင်း သုံးဖော်တို့သည် ပျောက်ခြင်းမလှ ပျောက်ကွယ်သွားကြလေတော့သည်။

လုရှောင်ဖုန်းဟာ ကြွေရွက်တစ်ရွက်ကို ကောက်ယူ၍ ကြည့်လိုက်လေသည်။

'သစ်ရွက်များ ခြောက်ကုန်ပါပြီလော၊ မြောက်ဘက် အံရပ်ကို နောက်ထပ် နှစ်ရက်ခရီး လျှောက်လိုက်ရင် နှင်းတွေ ကျလာပါတော့မယ်၊ အအေးဓာတ်ကို ခံနိုင်တဲ့လူ ငါ့နောက်ကို ဆက်ပြီး လိုက်ကြပါ'

....o....

အခန်းထဲ၌ မီးရောင်ရှိသေး၏။

သူသည် အခန်းထဲမှ ထွက်လာစဉ်တွင်းက မီးရောင်များ ထိန် ထင်းနေ၏။

ယခုမှာမူ မီးရောင် အနည်းငယ်ပျော့နေ၏။

အခန်းတံခါးသည် သူထွက်လာခဲ့သောအခါ စေ့ရုံသာ စေ့ ထားသည်။

သူသည် တစ်ခါမှ မစဉ်းစားဖူးသော မေးခွန်း တစ်ခုကို ရုတ်တရက် စဉ်းစားမိလေသည်။

'သူက ငါ့ကိုများ စောင့်နေသလား'

အစတုန်းက သူသည် တိန်ရှမ်းရီအား သူ့အနားမှ အမြန်ဆုံး ထွက်ခွာစေလသည်။

သို့သော် ယခုမှာမူ...

သူမဟာ ထွက်ခွာသွားလျှင် သူ့ရင်ထဲ၌ ဟာတာတာ ခံစား လာမည်ဖြစ်လေသည်။

မည်သို့ဆိုစေ သူမသည် အိမ်ထဲသို့ ပြန်လည်ရောက်ရှိလာ သောအခါ မိမိအား စောင့်မျှော်နေသော လူတစ်ယောက်ရှိနေ သည်ကို သိရှိထားပါမူ ရင်ထဲ၌ နွေးနွေးထွေးထွေး ခံစားရမည် သာ ဖြစ်ခဲ့သည်။

ယင်းကဲ့သို့ ခံစားမှုမျိုးကို လုရှောင်ဖုန်းကဲ့သို့ လေလွင့်နေ သော လူမျိုးတသာ ခံစားတတ်မည် ဖြစ်သည်။

ထို့ကြောင့် သူသည် တံခါးတွန်းဖွင့်လိုက်သောအခါ သူ့ ရင်ထဲ၌ အနည်းငယ် စိုးရိမ်ပူပန်လာလေသည်။



ဤအချိန်အခါမျိုးမှာ သူသည် အဖော်မဲ့သော အဖြစ်ကို လုံးဝ ကြောက်ရွံ့နေ၏။

ဂ

...ပ...

အခန်းထဲ၌ လူရှိသည်။ သူမသည် တံခါးကို ကျောပေးထား ပြီး မီးအိမ်အနီးတွင် ထိုင်နေ၏။

သူမ၏ မည်းနက်ပြီး ပျော့ပျောင်းနေသော ဆံပင်များသည် ပခုံးပေါ်သို့ ကျနေ၏။

သူမသည် ဘီးတစ်ချောင်းဖြင့်ဆံကေသာများကို ဖြီးနေ၏။

လုရှောင်ဖုန်းက သူမအား တွေ့မြင်လိုက်ရသောအခါ...

မီးရောင်များ လင်းထိန်လာသည်ဟု ထင်မှတ် လိုက်ရလေ သည်။

မည် သို့ဆိုစေ...

လူဘစ်ယောက်သည် အဖော်ရှိနေခြင်းမှာ အလွန် လိုအပ်သည်ဟု သူကနနှစ်းလည်လိုက်လေသည်။

သူ၏ ခံစားချက်ကို ထုတ်ဖော်ပြောဆိုခြင်း မပြုဘဲ ဖုံးကွယ်ထားလိုက်လေသည်။

'ငါ အသက်ရှင်ပြီး ပြန်လာနိုင်ပါပြီကွာ'

သူ၏ လေသံမှာ ပြင်းရိပြင်းတွဲ ဖြစ်နေ၏။

'ဟုတ်လား'

သူမက လှည့်မကြည့်ပါ။

လှရွှေဖုန်းက....

'ငါမသေ သေးဘူး၊ မင်းလဲ ထွက်မသွားသေးဘူး၊ ငါတို့နှစ်ယောက် ကြည့်ရတာ့ ဇာမ်ခွဲဖို့ အချိန် မတန်သေးဘူးနဲ့တူတယ်'

သူမက လှည့်မကြည့်သေးပါ။

'ရှင်က ကျွန်မနဲ့ ဘယ်တော့မှ မခွဲခွာချင်တော့ဘူးလား'

လှရွှေဖုန်းက အဖြေမပေးပါ။

အခန်းထဲ၌ ထိုင်၍ ခေါင်းဖြီးနေသော မိန်းကလေးမှာ ဘိမ်ရှမ်းရီ မဟုတ်မှန်း သူ သိလိုက်လေသည်။

သူမက မဲ့ပြုံး ပြုံးလိုက်လေသည်။

ဘီးကိုင်ထားသော လက်မှာ ဖြူဖွေးပြီး နူးညံ့သွယ်ပေ သည်။



သူမ၏ လက်သည်းမှာလည်း အလွန် ရှည်သည်။

လှရွှေဖုန်း၏ မျက်လုံးအစုံသည် လင်းလက် တောက်ပသွားသည်။

'မင်း....'

သူမက....

'ကျွန်မ ဒီကို ရောက်လာလိမ့်မယ်ဆိုတာ ရှင် မတွေးမိဘူးမဟုတ်လား'

လှရွှေဖုန်းက ဝန်ခံလိုက်သည်။

'ဟုတ်ပါတယ်'

သူမက သက်ပြင်းတစ်ချက် ချလိုက်သည်။

'ရှင်က သံယောဇဉ်ဒီလောက်များလိမ့်မယ်လို့ ကျွန်မ မယူဆမိဘူး၊ မိန်းကလေး တွေ့တိုင်း ချစ်တတ်တဲ့ ရှင့်ကိုတော့ ကျွန်မ အံ့ဩမိပါတယ်'

သူမက ပြောရင်း နောက်သို့ လှည့်လိုက်လေသည်။

သူမ၏ မျက်နှာမှာ ဖြူဖွေးသည်။

နှာတံမှာ ဖြောင့်တန်းသည်။

မျက်လုံးအစုံမှာမူ ကောင်းကင်ပေါ်မှ ကြယ်ကလေးများပမာ တောက်ပနေ၏။

လှရွှေဖုန်း သက်ပြင်းတစ်ချက် ချလိုက်သည်။

'ကျုပ်ကတော့ ရေခဲတောင်ကို တက်ဖို့ စိတ်မကူးမိဘာ အခုန်ပဲ၊ အခုတော့ ရေခဲတောင်က ကျုပ်အပေါ် လိုက်တက် မလို့လား'

အကယ်၍ ဖန်ရှိရှမ်းသည် ရေခဲတောင် အမှန် ဖြစ်ခဲ့လျှင်ယခု ရေခဲတောင်မှာ မျက်နှာ နီရဲသွားလေသည်။

သူမက လုရှောင်ဖုန်းအား နှုတ်ခမ်းစူ၍ စိုက်ကြည့်လိုက်သည်။

'ရှင်က စကား ယဉ်ယဉ်ကျေးကျေး မပြောတတ်ဘူးလား'

လုရှောင်ဖုန်းက ပခုံးတစ်ချက် တွန့်လိုက်သည်။

'ကျုပ်ကတော့ လူနဲ့စကားပြောမှ ယဉ်ယဉ်ကျေးကျေးပြော တတ်ပါတယ်'

'ဒါဖြင့် ကျွန်မက လူမဟုတ်လို့လား'

ကျန်စကားသည် သူမက မပြောဖြစ်လိုက်ပါ။ မျက်လုံး ဝိုင်းစက်၍ လုရှောင်ဖုန်းအား စိုက်ကြည့်လိုက်သည်။

လုရှောင်ဖုန်းက ပြုံးပြလိုက်လေသည်။

'လွန်ခဲ့တဲ့ တစ်ရက် နှစ်ရက်တုန်းက မင်းရဲ့ မျက်နှာထား တင်းပေမယ့် စိတ်ကောင်း ရှိပါတယ်လို့ ပြောသံကြားခဲ့တယ်'

သူက ခေါင်းခါယမ်း၍ စကားဆက်လိုက်သည်။

'ဒါပေမယ့် ငါ ဘယ်လိုပဲကြည့်ကြည့် မတွေ့ရပါဘူးဗျာ'



ဖန်ရှိရှမ်းက....

'ကျွန်မကို ဒီလို ပြောတယ် ဟုတ်လား'

လုရှောင်ဖုန်းက....

'ဟုတ်တယ်'

ဖန်ရှိရှမ်းက....

'ဘယ်သူက ပြောတာလဲ'

လုရှောင်ဖုန်းက....

'ဘယ်သူလဲဆိုတာ ခင်ဗျားသိဖို့ကောင်းပါတယ်'

ဖန်ရှိရှမ်းက....

'တိန်ရှမ်းရဲ့ ပြောတာ ဟုတ်ရဲ့လား'

လုရှောင်ဖုန်းသည် အဖြေမပေးဘဲ ခေါင်းတစ်ချက် ညိတ် လိုက်လေသည်၊

ဖန်ရှိရှမ်းက....

'အခု သူဘော'

လုရှောင်ဖုန်းက ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

'သူ ဘယ်ရောက်သွားတယ်ဆိုတာ မင်းလဲမသိဘူး ဟုတ် လား'

'ကျွန်မ အခုမှ ရောက်လာတာ ဘယ်သိမလဲ'

လုရှောင်ဖုန်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

'ကျုပ် ပြန်လာတဲ့ အခါမှာ မျက်လုံးတစ်ဘက် ဆန်းပြီး နှာခေါင်းမရှိတဲ့ သတ္တဝါဖြစ်သွားမှာကိုကြောက်လို့ ထွက်သွားတာနဲ့ တူတယ်'

ဖန်ရှိရှမ်းက....

'ဟုတ်တယ်၊ သူက အလွန်စိတ်ပျော့တဲ့ မိန်းမတစ်ယောက်ပါ။ သူက လူသတ်တဲ့အခါမှာလဲ မျက်လုံး အမြဲပိတ်ထားပါတယ်'

ထိုအချိန် အပြင်ဘက်၌ တခစ်ခစ်ရယ်မောသံ ကြားလိုက်ရသည်။

'ကျွန်မအကြောင်းကို အစ်မကြီးကပိုသိပါတယ်လေ၊ ကျွန်မ လူသတ်တဲ့အခါမှာ မျက်လုံး အမြဲတမ်း မှိတ်ထားတဲ့အတွက် တစ်ကိုယ်လုံး သွေးတွေပေကျံသွားတာပေါ့'

သူမ၏စကားမဆုံးမီ တိန်ရှမ်းရှိ၏ ခန္ဓာကိုယ်သည် ပျံလွှား တစ်ကောင်ပမာ အခန်းထဲသို့ ပျံသန်း ဝင်ရောက်လာလေသည်။

သူမ၏ရယ်မောသံမှာ နာပျော်ဖွယ်ရာ သာယာသော်လည်း သူမ၏အဖြစ်က မဟန်လှပါ။

သူမ၏အင်္ကျီမှာလည်း စုတ်ပြဲနေ၏။

ဖန်ရှိရှမ်းက မျက်နှာထားတင်းတင်းဖြင့်....

'ညည်းက ပြန်လာလိမ့်မယ်လို့ ငါမထင်မိပါဘူး'



တိန်ရှမ်းရှိက ပြုံးလိုက်သည်။

'အစ်မကြီး ရောက်လာမှတော့ ညီမလေးလဲ ပြန်လာရမှာပေါ့'

ဖန်ရှိရှမ်းက ရယ်မောလိုက်လေသည်။

'နင့်ကို ငါ တစ်ခါတစ်ခါ စိတ်ဆိုးပေမယ့် ညည်းက ငါ့ညီမ ဖြစ်တဲ့အတွက် ငါ့အပေါ် စေတနာအရှိဆုံး ငါသိပါတယ်လေ'

တိန်ရှမ်းရှိက....

'အစ်မကြီးက ကျွန်မနဲ့ ညီမတော်ပေမယ့် အစ်ကိုကြီးနဲ့သာ အနေများတယ်၊ ကျွန်မကို တစ်ယောက်တည်း ပစ်ထားတဲ့ အချိန်ပဲ များပါတယ်'

ဖန်ရှိရှမ်းက....

'ညည်းက အပြောကောင်းပါတယ်၊ ညည်းဟာနောက်ကွယ်မှာ အစ်မကြီးတစ်ယောက်လုံးကို လုံးလုံးမေ့တတ်တယ်ဆိုတာ ငါသိပါတယ်'

တိန်ရှမ်းရှိက....

'ဘယ်သူက ပြောတာလဲ'

ဖန်ရှိရှမ်းက လုရှောင်ဖုန်းအား ကြည့်လိုက်သည်။

'ညည်းတို့နှစ်ယောက် တစ်ပူးတွဲတွဲနေတဲ့အခါမှာ ငါ့ကိုသတိရသေးလို့လား'

သူမတို့နှစ်ယောက်သည် ရင်းရင်းနှီးနှီး ရယ်ရယ်မောမော ပြောဆိုနေကြသည့်ဖြစ်သော်လည်း အခြေအနေမှာ တစ်စထက် တစ်စ မဟန်မှန်း လူရှောင်ဖုန်းက အကဲခတ် ကြည့်မိလိုက်သေးသည်။

သူမတို့၏ ရယ်မောသံကြားမှာ....

'မဖျောက်....'

ဟူသော အသံနှင့်အတူ ဖန်ရှီရှမ်း၏လက်ထဲမှ ကိုင်ထားသော ဘီးသည် ရုတ်တရက် ကျိုးပဲ့သွားသည်။

ဘီးသွားအစလေးများသည် သေးငယ်သော မြှားများပမာ တိန်ရှမ်းရိထံသို့ ပစ်လွင့်သွားလေသည်။

တိန်ရှမ်းရိက လက်တစ်ချက် ဝှေ့ယမ်းလိုက်သည်။

အလင်းရောင်တန်း ခုနစ်စုသည် ဖန်ရှီရှမ်းထံသို့ ပစ်လွင့်သွားလေသည်။

သူမတို့နှစ်ယောက်၏လှုပ်ရှားမှုမှာ တစ်ဘက်သူအား ရက်ရက်စက်စက် အသေတိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

သူမတို့နှစ်ယောက်သည် မျက်လုံးမှိတ်ထားခြင်း မရှိကြပါ။

လူရှောင်ဖုန်းက မျက်လုံးပိတ်ထားလိုက်လေသည်။

လူရှောင်ဖုန်းက မျက်လုံးဖွင့်ကြည့်လိုက်သောအခါ တစ်ဘက်နံရံပေါ်၌ ဓားငယ်လေးခုနစ်စင်း စိုက်ဝင်နေသည်ကို တွေ့ရသည်။



ဖန်ရှီရှမ်းက ခုတင်ပေါ်၌ လဲလျောင်းနေ၏။ တိန်ရှမ်းရိသည် အခန်းအပြင်ဘက်သို့ ရောက်ရှိသွားပြီး ဖြစ်လေသည်။

အမှောင်ထုထဲ၌ သူမ၏အသံ ထွက်ပေါ်လာသည်။

'မှတ်ထားပါ၊ ညည်းကို ငါဘယ်တော့မှ ခွင့်မလွှတ်နိုင်တော့ဘူး'

သူမ၏အသံသည် မုန်းတီးခြင်းအသံဖြင့် ပြောသည်၊ ထိုစကားဆုံးသွားသည်နှင့်....

'အား'

သူမ၏အသံသည် ထိတ်လန့်တုန်လှုပ်သောအသံဖြင့် ပြောင်းလဲသွားသည်။

ထိုအသံသည် ရုတ်တရက်ရပ်တန့်ပျောက်ကွယ်သွားလေတော့သည်။

....၀....

နှင်းမြူများသည် စတင်ကွယ်ပျောက်နေ၏။

နှင်းမြူများက အသံမထွက်ပါ။

လေကတိုက်ခတ်နေ၏။ လေသံသည်းမကြားရပါ။ ကမ္ဘာမြေတစ်ခုလုံးမှာ တိတ်ဆိတ်ခြင်းမက တိတ်ဆိတ်နေ၏။

ဖန်ရှိရှမ်းသည် ခုတင်ပေါ်၌မလှုပ်မယှက် လဲလျောင်းနေသေး၏။

သူမ၏အသက်ရှူသံပင် မကြားရပါ။

လုရှောဖုန်းက ထိုင်ချလိုက်သည်။

သူမ၏မျက်နှာကိုကြည့်သည်။

သူမ၏ခန္ဓာကိုယ်ကို ကြည့်သည်။

သူမ၏ခန္ဓာကိုယ်သည် ပျော့ပျောင်းပြီး ကျစ်လျစ်နေ၏၊ လုရှောင်ဖုန်းက ပြုံးလိုက်သည်။

'မင်းမသေသေးဘူးဆိုတာ ငါသိပါတယ်'

သေသောလူသည် ဆွဲဆောင်မှု လုံးဝရှိမည် မဟုတ်ပါ။ သို့သော် သူမသည် လုံးဝလှုပ်ရှားခြင်းမရှိဘဲ ငြိမ်သက်နေ၏။

လုရှောင်ဖုန်းက သူမ၏အနီးတွင် လှဲလျောင်းလိုက်သည်။ ထို့နောက် သူသည် လူသေအလောင်းပမာ ငြိမ်သက်သွားလေသည်။



ထိုအချိန် အခြားလူသေအလောင်းက အထက်ရှင်လာလေသည်။

သူမ၏လက်က စတင်လှုပ်ရှားလာသည်။ လုရှောင်ဖုန်းက မလှုပ်မယှက်လဲလျောင်းနေ၏။

ဖန်ရှိရှမ်းက ခစ်ခနဲရယ်မောလိုက်သည်။

'ရှင်မသေသေးဘူးဆိုတာ ကျွန်မသိပါတယ်'

လုရှောင်ဖုန်းက သူမ၏လက်ကို ဖမ်းဆွဲထားလိုက်လေသည်။ ဖန်ရှိရှမ်းက...

'တိန်ရှမ်းရဲ့ ပြန်လာမှုကို ကြောက်နေလို့လား'

လုရှောင်ဖုန်းက...

'သူပြန်မလာနိုင်တော့ဘူးဆိုတာ ငါသိပြီးပါပြီ'

နံရံပေါ်၌စိုက်ဝင်နေသော ဓားခုနစ်လက်ကို တွေ့မြင်လိုက်ကတည်းက ယင်းလူငယ်နှင့်အဆိုတော်မိန်းကလေးကိုသတ်သောလူသတ်တရားခံမှာ တိန်ရှမ်းရဲ့ဖြစ်သည်ကို သူသိနားလည်လိုက်ပြီး ဖြစ်သည်။

ထို့ကြောင့် တိန်ရှမ်းရဲ့ကြုံတွေ့ရမည့် အန္တရာယ်ကိုလည်း သူစိတ်မကောင်း မဖြစ်တော့ပါ။

'သူငါ့ဆီကိုလာတာ မင်းခိုင်းလိုက်လို့လား'

ဖန်းရှိရှမ်းက....

'ကျွန်မက ရှင်နဲ့ရန်ဖြစ်ဖို့မှမရှိဘဲ၊ ဘာဖြစ်လို့ ရှင့်ကိုလုပ်ကြံရမှာလဲ'

လုရှောင်ဖုန်းက....

'ငါ့ကိုလုပ်ကြံမယ်ဟုတ်လား'

ဖန်းရှိရှမ်းက....

'သူဟာ အချိန်မရွေး ပေါက်ကွဲနိုင်တဲ့ မီးတောင်နဲ့တူတယ်၊ ရှင့်ကိုအချိန်မရွေးလုပ်ကြံနိုင်တယ်'

လုရှောင်ဖုန်းက မချိပြုံးပြုံးလိုက်လေသည်။

'ကြည့်ရတာ ငါကံကောင်းတယ်လို့ ထင်တယ်၊ မိန်းမသား နှစ်ယောက်ကို တွေ့ပါသေးယ်၊ တစ်ယောက်က ရေခဲတောင် [illegible] ယောက်က မီးတောင်'

ဖန်းရှိရှမ်းက....

'မီးတောင်ဟာ ရေခဲတောင်ထက် အများကြီးအန္တရာယ်များ တယ်၊ နောက်ပြီးသူ့မှာလဲ ရွှေအချိန်သုံးရာထောက်ထွက်ထား မီးတောင်ပါရှိသေးတယ်'

လုရှောင်ဖုန်းက အံ့အားသင့်သွားသည်။

'သူ့မှာ ရွှေအချိန်သုံးရာရှိတယ်ဟုတ်လား'



ဖန်ရှိရှမ်းက....

'ဟုတ်တယ်'

လုရှောင်ဖုန်းက....

'သူ ဘယ်က ရလာတာလဲ'

ဖန်ရှိရှမ်းက....

'ခိုးလာတာ'

လုရှောင်ဖုန်းက....

'ဒီလောက်များတဲ့ ရွှေကို ဘယ်က ခိုးလာတာလဲ'

ဖန်ရှိရှမ်းက....

'ကျားနက်ဂိုဏ်းရဲ့ ဘဏ္ဍာတော်ထဲကပေါ့'

လုရှောင်ဖုန်းက သက်ပြင်းရှည်တစ်ချက် ချလိုက်သည်။

'ကျားနက်ဂိုဏ်း၊ အနက်ရောင်ခါးပတ်'

ဖန်ရှိရှမ်းက....

'ဟုတ်တယ်၊ ကျားနက်ဂိုဏ်းရဲ့ ဌာနခွဲမှူး အားလုံးဟာ အနက်ရောင်ခါးပတ် ပတ်ထားကြပါတယ်'

ကျားနက်ဂိုဏ်းသည် သိုင်းလောကမှာ နောက်ပေါက်သော ဂိုဏ်းတစ်ဂိုဏ်းဖြစ်သည်။

ဖွဲ့စည်းပုံ လျှို့ဝှက်ပြီး စည်းကမ်းကြီးသည်။ ဂိုဏ်းသားများ အင်အား တောင့်တင်းသည်။

အထူးသဖြင့် ကျားနက်ဂိုဏ်း၏ [အင်အားမှာ ရှောင်လွှဲ ကျောင်းထက်ပင် တောင့်တင်းလှပေသည်။

ခေတ်ပန်းဂိုဏ်းသည် သိုင်းလောကမှာ ဂိုဏ်းသား အများဆုံး ရှိသော ဂိုဏ်းတစ်ဂိုဏ်းဖြစ်သည်။

တင်းချမ်းဂိုဏ်း၏ဂိုဏ်းသားများမှာ ထူငွေးလူကြွယ်များတို့၏ သားသမီးများ ဖြစ်၏။

သူတို့၏ ပိုင်နက်ထဲတွင် ရွှေထွက်သော မြေတခင်တန်းများ ရှိသည်။

ထို့ကြောင့် သိုင်းလောကတွင် ခေတ်ပန်းဂိုဏ်းနှင့် တင်းချမ်းဂိုဏ်းတို့သည် အချမ်းသာဆုံးသော ဂိုဏ်းတစ်ဂိုဏ်းဖြစ်သည်။

ကျန်သောဂိုဏ်းမှုမှ လူတို့ထက် ပို၍ ချမ်းသာနေ၏။ တွေ့လျှင် အရာရာ အောင်မြင်နိုင်သော စွမ်းရည်ရှိသည် ဟူသော စကားရှိသည် မဟုတ်ပါလော။

ကျားနက်ဂိုဏ်းက ယခုကဲ့သို့ တိုတောင်းသော အချိန်ကာလမှာ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သည်မှာလည်း ချမ်းသာကြွယ်ဝသောကြောင့်ပင် ဖြစ်သည်။

လုရှောင်ဖုန်းက ခေါင်းညိတ်လိုက်သည်။

'ကျားနက်ဂိုဏ်းရဲ့ ကြောက်စရာအကောင်းဆုံး အချက်ကတော့ သူတာ အလွန်ချမ်းသာကြွယ်ဝတဲ့ အချက်ပဲ'



သူက စကားဆက်လိုက်သည်။

'သူတို့ရဲ့ ဘဏ္ဍာအဆောက်အအုံမှာ အထူးလုံခြုံတဲ့ အစီအစဉ် ချထားမှာပါ'

ဖန်ရှိရှမ်းက....

'ဟုတ်မှာပေါ့'

လုရှောင်ဖုန်းက....

'ဒီနှစ်ရက်ထဲမှာ ကျားနက်ဂိုဏ်းမှာ လူတော်လူကောင်းတော်တော်များများရှိတယ်လို့ ကျုပ် တွေ့ရှိခဲ့တယ်၊ အဲဒါကို ထိန်ရှမ်းရီက သူတို့ရဲ့ရွှေကို ဘယ်လိုလုပ် ခိုးလို့ရလာတာလဲ'

ဖန်ရှိရှမ်းက....

'သူ့မှာ အစွမ်းထက်တဲ့ အချက်တစ်ချက် ရှိမှာပေါ့လေ'

လုရှောင်ဖုန်းက....

'ဟုတ်လား'

ဖန်ရှိရှမ်းက....

'ကျားနက်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်က ဘယ်သူလဲ'

လုရှောင်ဖုန်းက....

'ကျားပျံ့ ယုံဟွူးပါ'

ဖန်ရှိရှမ်းက…

'တိမ်ရှမ်းရီဟာ ကျွဲးပျံယုံဟူးရဲ့ မိန်းမပေါ့'

လုရှောင်ဖုန်းက ကြောင်အမ်းအမ်းဖြစ်သွားလေတော့သည်။

ဖန်ရှိရှမ်းက စကားဆက်လိုက်သည်။

'အခုတလော ကျွဲးပျံယုံဟူးက ခရီးထွက်သွားတယ်လို့ ကြားတယ်၊ တိမ်ရှမ်းရီက စက္ကူတော်ထဲက ရွှေကိုခိုးပြီး ကျွဲးပျံယုံဟူးရဲ့ အိမ်ဖော်တစ်ယောက်နဲ့ လိုက်ပြေးသွားတယ်လို့ ကြားရပါတယ်'

လုရှောင်ဖုန်းက ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်၊ ဖန်ရှိရှမ်းက ရယ်မောလိုက်၏။

'သိပ်ပြီးအံ့သြမနေပါနဲ့၊ ကိုယ့်ယောကျ်ားရဲ့ပစ္စည်းကို ခိုးပြီး ဆင်ငယ်နောက်လိုက်သွားတဲ့ မိန်းမတွေဟာ တစ်ယောက်တည်း မဟုတ်ပါဘူး'

လုရှောင်ဖုန်းက သက်ပြင်းတစ်ချက် ချလိုက်၏။

'ဒီလူက သိပ်ကိုတော်တယ်၊ တိမ်ရှမ်းရီကို အသက်စွန့်ပြီး ရွှေခိုးခိုင်းတဲ့အထိ လုပ်ခိုင်းတာ အံ့ပါတယ်'

ဖန်ရှိရှမ်းက ရယ်မောလိုက်သည်။

'ရှင်က မနာလိုဝန်တို ဖြစ်နေလို့လား'



လုရှောင်ဖုန်းက မျက်နှာထားတင်းလိုက်၏။

'သူက ဘယ်လိုလူစားလဲဆိုတာ ကျုပ်က ကြည့်ချင်လို့ပါ'

ဖန်ရှိရှမ်းက…

'ရှင်သူ့ကို မတွေ့နိုင်တော့ပါဘူး'

လုရှောင်ဖုန်းက…

'ဘာဖြစ်လို့လဲ'

ဖန်ရှိရှမ်းက…

'သူ့ကို ဧသွးသောက်ငါးဖော်က ဖမ်းပြီး အပိုင်းပိုင်းခုတ်ပြီးတော့ သေတ္တာထဲထည့်ပြီး ဌာနချုပ်ကို ပြန်ပို့လိုက်ပါပြီ'

ဧသွးသောက်ငါးဖော်ဆိုသည်မှာ လုရှောင်ဖုန်းနောက်သို့ ခြေရာခံလိုက်နေသော လူငါးယောက်ဖြစ်သည်။

အမှန်မှာ ထိုလူငါးယောက်သည် လုရှောင်ဖုန်းအား ခြေရာခံ၍ လိုက်နေကြခြင်းမဟုတ်ပါ။

သူတို့သည် တိမ်ရှမ်းရီနောက်သို့ လိုက်နေကြခြင်းဖြစ်သည်။

ယခုမှ လုရှောင်ဖုန်းက သဘောပေါက် နားလည်သွားလေသည်။

ဖန်ရှိရှမ်းက…

'တိမ်ရှမ်းရီဟာ သူ့လူအသတ်ခံရမှန်း သိသွားတာနဲ့ သူက ကြောက်ပြီးတော့…'

လုရှောင်ဖုန်းက…

'ဒါကြောင့် ဝါ့ဆီကို ဝင်လုပ်လိုက်တာကိုး'

ဖန်ရှိရှမ်းက….

'လုရှောင်ဖုန်းဆိုတဲ့ နာမည်ဟာ သိုင်းလောကတစ်ခုလုံးက သိထားပါတယ်၊ ကျားနက်ဂိုဏ်းအလဲ သိတယ်၊ ဒါကြောင့် သူတို့က ရှင့်ကို အရမ်းဝင်ပြီး ရန်မမူရဲတာ'

လုရှောင်ဖုန်းက…

'ငါ့ကို ထိပ်တန်းအဆင့်ရှိတဲ့ လူထူးလူဆန်း သုံးယောက်က အကာအကွယ်ပေးနေတာကို သူတို့က မသိလိုက်ဘဲကိုး'

ဖန်ရှိရှမ်းက…

'ဒါကြောင့် သူတို့က ဆယ့်သုံးယောက်လိုက်လာတယ်၊ အခု တစ်ယောက်တည်းပဲ ကျန်တော့တာပေါ့'

လုရှောင်ဖုန်းက….

'ကျန်တဲ့လူက ဘယ်သူလဲ'

ဖန်ရှိရှမ်းက…

'ကျားပျံ ယိုဟူးပါ'

လုရှောင်ဖုန်း၏မျက်နှာ အနည်းငယ်ပျက်သွားသည်။

'သူရောက်လာတယ် ဟုတ်လား၊ အခု ဘယ်မှာလဲ'



ဖန်ရှိရှမ်းက….

'ခုနတုန်းကတော့ အပြင်မှာရှိတယ်၊ အခုတော့ ထွက်ပြေးသွားပြီနဲ့တူတယ်'

လုရှောင်ဖုန်းက….

'ဘာဖြစ်လို့လဲ'

ဖန်ရှိရှမ်းက….

'ရှင် သူ့ကိုမကြောက်ဘူးဆိုတာ ကျွန်မသိတယ်၊ ဒါပေမယ့် ရှောင်နိုင်သလောက်ရှောင်ရင် ဖိုကောင်းပါတယ်လေ'

လုရှောင်ဖုန်းက သူ့အား စိုက်ကြည့်လိုက်၏။

'မင်းက ကျားနက်ဂိုဏ်းအကြောင်းကို တိမ်ရှမ်းရဲ့နဲ့ ပိုပြီး သိနေပါလား'

ဖန်ရှိရှမ်းက သက်ပြင်းချလိုက်၏။

'အမှန်ပြောရမယ်ဆိုရင် တိမ်ရှမ်းရဲ့က သူနဲ့သိကျွမ်းတာ ကျွန်မက မိတ်ဆက်ပေးလိုက်လို့ပါ၊ အခု သူ့ရဲ့လုပ်ရပ်ကြောင့် ကျွန်မလဲ ဘယ်ကောင်းပါ့မလဲ'

လုရှောင်ဖုန်းက….

'ကျုပ်နားလည်ပြီ၊ ကျားပျံ ယုဲ့ဟူးက မင်းကိုယူဘဲ တိမ်ရှမ်းရဲ့ကို ယူလိုက်တဲ့အတွက် မင်းက ခံပြင်းပြင်းနဲ့ အကြီးအကျယ် ဒေါသထွက်လိုက်တယ်၊ နောက်ဆုံး မှတ်သိတ်ပြာကို ယူလိုက်ရတယ် မဟုတ်လား'

ဖန်ရှိရှမ်းက…

'ဟုတ်တယ်၊ ဒါကြောင့် ကျွန်မနဲ့ မုတ်ဆိတ်ပြာနဲ့ အိမ်ထောင်ကျခဲ့မယ့် ခေတ္တာမရှိကြပါဘူး'

လုရှောင်ဖုန်းက နားလည် သဘောပေါက်လိုက်လေသည်။

....၀....

တိန်ရှမ်းရီသည် သူမ၏အကြောင်းကို လုရှောင်ဖုန်း သိသွားသည်ကို စိုးရိမ်သဖြင့် ယင်းလူငယ်ကို ပြောခွင့်မပေးဘဲ လက်ဦးအောင် လုပ်ပေးလိုက်ခြင်း ဖြစ်သည်။

သူမသည် ဖန်ရှိရှမ်း ရောက်လာသည်ကို တွေ့မြင်လိုက်သဖြင့် အခန်းထဲမှ ထွက်ပြေးသွားသည်။

ကျားပျံ ယိုဟူးက သူမကို စောင့်နေသည်ကို တွေ့ရသဖြင့် သူမက အခန်းထဲသို့ ပြန်ဝင်သွားခြင်း ဖြစ်သည်။



သို့သော် ဖန်ရှိရှမ်းက တိုက်ခိုက်လိုက်သောကြောင့် သူမအား ပြန်ထွက်သွားရလေသည်။

လုရှောင်ဖုန်းသည် ယင်းကဲ့သို့ ဆင်ခြင်သုံးသပ်ပြီးနောက် ပြန်လည်စဉ်းစားလိုက်သောအခါ အချက်အလက်များ ကျေနပ်ဖွယ်ရာမရှိဟု ထင်မှတ်မိလေသည်။

သူသည် မသိသော လျှို့ဝှက်ချက်များ ရှိနိုင်သေးသည်ဟု ယူဆမိလေသည်။

....၀....

ကျားပျံ ယိုဟူးသည် အလွန်လျှို့ဝှက်သော ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်ဟု အဆိုရှိသည်။

သူ့ကို မည်သူ တစ်ဦးတစ်ယောက်ကမျှ မမြင်တွေ့ဖူးခဲ့ပါ။

လျှို့ဝှက်အဖွဲ့အစည်း၏ ခေါင်းဆောင် တစ်ယောက်မှာ လျှို့ဝှက်စွာ နေထိုင်တတ်မှသာလျှင် အသက်ရှင်နိုင်မည် မဟုတ်ပါလော။

လုရွှောင်ဖုန်းက....

'မင်းကတော့ သူ့ကို တွေ့မြင်ခဲ့တယ် မဟုတ်လား'

ဖန်ရှိရှမ်းက စန်ခံသည်။

'ကျွန်မ သူ့ကို အကြိမ်ပေါင်း များစွာ တွေ့ခဲ့ဖူးပါတယ်'

လုရွှောင်ဖုန်းက....

'သူက ဘယ်လို လူမျိုးလဲ'

ဖန်ရှိရှမ်းက....

'သိုင်းလောကမှာ အလျှို့ဝှက်ဆုံးနဲ့ ကြောက်စရာအကောင်းဆုံး လူနှစ်ယောက်ရှိပါတယ်၊ အဲဒီ လူတွေက ကျွားပျံယိုဟူနဲ့ မယ်ဘီလူးတို့ ဖြစ်ပါတယ်'

လုရွှောင်ဖုန်းက ခေါင်းညိတ်လိုက်သည်။

'ဒါ ဟုတ်တယ်'

ဖန်ရှိရှမ်းက....

'သူက နယ်ခြားမှာရှိတဲ့ မှော်ဂိုဏ်းက ဂိုဏ်းချုပ်နဲ့ တန်းတူရည်တူ နာမည်ကြီးနိုင်တယ်ဆိုတာအလွန်ရက်စက်ကြမ်းကြုတ်တဲ့ လူတစ်ယောက်ဖြစ်ရမှာ သေချာတယ်'

လုရွှောင်ဖုန်းက....

'သူ့ရဲ့ ရုပ်သွင်ပုံသဏ္ဌာန်က ဘယ်လိုလဲ'



ဖန်ရှိရှမ်းက....

'သူက အသက်လေးဆယ်ကျော်ပါပြီ၊ ဒါပေမယ့် သုံးဆယ်ကျော်လောက်ပဲ ထင်ရတယ်၊ အရပ်ပုတယ်၊ မျက်လုံးကတော့ ဇီးကွက်နဲ့ တူတယ်'

လုရွှောင်ဖုန်းက....

'သူ့နာမည် ဘယ်လိုခေါ်သလဲ'

ဖန်ရှိရှမ်းက....

'မသိဘူး'

လုရွှောင်ဖုန်းက မျက်မှောင်ကြုတ်သွားသည်။

'မင်းလဲ မသိဘူးဟုတ်လား'

ဖန်ရှိရှမ်းက....

'သူ့မှာ အလွန် ကြေကွဲ ဝမ်းနည်းတဲ့ တစ်ခုရှိခဲ့ဖူးတယ်နဲ့ တူတယ်၊ ဒါကြောင့် သူ့အကြောင်းကို ဘယ်သူ့ကိုမှ မပြောပြခဲ့ဘူး'

သူမက စကားဆက်လိုက်သည်။

'အခု ကျွန်မနဲ့ သူနဲ့ ပတ်သက်တဲ့အကြောင်း ရှင် သိပြီပဲ၊ တခြား ရိမ်စရာရှိနေသေးလို့လဲ'

လုရွှောင်ဖုန်းက ပါးစပ်ပိတ်ထားလိုက်သည်။

ဖန်ရှိရှမ်းက....

'အပြင်ဘက်မှာ လေတိုက်နေတယ်၊ အအေးအေး ပိုလာတယ်၊ ကျွန်မကို ရက်ရက်စက်စက် မောင်းထုတ်တော့မလို့လား'

သူမက ပြောရင်း လုရှောင်ဖုန်း၏ ရင်ခွင်ထဲသို့ တိုးဝင်လာလေသည်။

လုရှောင်ဖုန်းက သက်ပြင်း တစ်ချက် ချလိုက်သည်။

'ခင်ဗျားကို မောင်းမထုတ်ပါဘူး၊ ဒါပေမယ့်...'

ဖန်ရှိရှမ်းက...

'ဒါပေမယ့် ဘာဖြစ်သလဲ'

လုရှောင်ဖုန်းက....

'ကိစ္စတစ်ခုကို ရှင်းရှင်းလင်းလင်း သိချင်သေးလို့ပါ'

ဖန်ရှိရှမ်းက....

'ဘာကို သိချင်လို့လဲ'

လုရှောင်ဖုန်းက....

'တိန်ရှမ်းရီက ငါ့ဆီလာခဲ့တာ သူ့အတွက် အကာအကွယ်ယူဖို့ ဖြစ်တယ်၊ မင်းကကော'

ဖန်ရှိရှမ်းက....

'ကျွန်မ ရှင့်ကို ခုတုံးလုပ်မလို့ ထင်နေလို့လား'



လုရှောင်ဖုန်းက သက်ပြင်း တစ်ချက် ချလိုက်သည်။

'ငါ့အနေနဲ့ ပြောရမယ်ဆိုရင် ငါ့ကိုသဘောကျလို့ ငါ့ဆီလာခဲ့တယ်လို့ပဲ ဖြစ်စေချင်တယ်၊ ဒါပေမယ့် ငါက အရက်တစ်အိုးကို ကုန်အောင်သောက်တာတောင် မယုံနိုင်ဘူး'

ဖန်ရှိရှမ်းက....

'ရှင့်ကိုယ်ရှင် အထင်မကြီးဘူး ဆိုပါတော့'

လုရှောင်ဖုန်းက မချိပြုံး ပြုံးလိုက်လေသည်။

'အရင်တုန်းကတော့ ဟုတ်ပါတယ်၊ အခု ဒီလို စိတ်ကူးမျိုးထားရင် အသက် ဒီလောက်ရှည်ရှည် နေနိုင်တော့မှာ မဟုတ်ဘူး'

ဖန်ရှိရှမ်းက သက်ပြင်း တစ်ချက် ချလိုက်သည်။

'ကျွန်မ အမှန်ပြောရမယ်ဆိုရင် ရှင့်ဆီကိုလာခဲ့တာ အရောင်းအဝယ်တစ်ခု လုပ်ချင်လို့'

လုရှောင်ဖုန်းက....

'ဘာကို အရောင်းအဝယ် လုပ်မှာလဲ'

ဖန်ရှိရှမ်းက....

'ကျွန်မရဲ့ ခန္ဓာကိုယ်နဲ့ ရင်းရလိမ့်မယ်၊ ကျောက်စိမ်းဆွဲပြားနဲ့လဲမယ်၊ ကျွန်မ ခန္ဓာကိုယ် အရင်းအပ်မယ်၊ ကျောက်စိမ်းဆွဲပြားရရင် ကျွန်မကိုပေး'

သူမက ပြုံး၍ စကား ဆက်လိုက်သည်။

'ကျွန်မစာ မှတ်ဆိတ်ပြာရဲ့ ဇနီး ဖြစ်တယ်၊ ဒါကြောင့် ကျောက်စိမ်းဆွဲပြား ကျွန်မလက်အပ်ရင် အတူတူပါပဲလေ'

လုရှောင်ဖုန်းက....

'တကယ်လို့ ကျောက်စိမ်းဆွဲပြားကို ရအောင် မယူနိုင်ခဲ့ရင်ကော'

ဖန်ရှိရှမ်းက....

'ဒါက ကျွန်မ ကျေကျေနပ်နပ်နဲ့ အရှောင်းအဝယ်လုပ်တာပဲ၊ မရလဲ ရှင့်ကို အပြစ်မတင်ပါဘူး'

သူမ၏ အသံသည် ပို၍ ပျော့ပျောင်းလာသည်။

ပို၍ ဆွဲဆောင်မှု ရှိလာလေသည်။

'ညဉ့်နက်လှပါပြီ၊ အပြင်မှာ မှောင်လဲမှောင်တယ်၊ လေထဲ တိုက်တယ်၊ ကျွန်မ မသွားဝံ့တော့ပါဘူး'

လုရှောင်ဖုန်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

'စိတ်ချ မင်းကိုငါ မောင်းမထုတ်ပါဘူး၊ ဒါပေမယ့် ငါ့ကို မောင်းထုတ်ရမှာပဲ'

သူက မှုတ်တတ်ရပ်လိုက်လေသည်။

နောက်သို့ လှည့်မကြည့်ဘဲ အခန်းထဲမှ လှမ်းထွက်လိုက်သည်။

'စုန်း'



ထိုကြီးမားသော ခုတင်သည် ရုတ်တရက် ကျိုကျသွားလေသည်။

လုရှောင်ဖုန်းက ရယ်မောလိုက်သည်။

သူသည် အပြင်သို့ ရောက်ရှိသွားသောအခါ ဖန်ရှိရှမ်း၏ ဆဲဆိုသော အသံ ကြားလိုက်ရလေသည်။

'ရှင် တော်တော် ယုတ်မာပါလား'

လုရှောင်ဖုန်းက အားရပါးရ ရယ်မောလိုက်သည်။

'ငါက ကောင်းကောင်းမအိပ်ရသလိုမင်းလဲ ကောင်းကောင်း အိပ်ရမှာ မဟုတ်ဘူးဟေ့'

....၀....

ထိုည....

လုရှောင်ဖုန်းသည် ညီသည့် နေရာသို့ သွားရောက် အိပ်စက်ပါသနည်း။

ဖန်ရှိရှမ်းက မသိပါ။

မည်သူကမျှလည်း သိနိုင်မည် မဟုတ်ပါ။

လုရှောင်ဖုန်းသည် ခေါင်မိုးပေါ်၌ အိပ်နေခြင်း ဖြစ်သည်။

ထို့ကြောင့် နောက်တစ်နေ့ နံနက် အိပ်ရာ နိုးလာသော အခါ...

သူ၏ တစ်ကိုယ်လုံးသည် အေးစိမ့်သော ဒဏ်ကြောင့် ပုစွန် ခြောက်ကဲ့သို့ ကွေးကွေးအနေအထား ဖြစ်နေ၏။

သူသည် အတန်ကြာကြိုးစားလှုပ်ရှားတော့မှ ခြေလက်များ စတင် လှုပ်ရှားလာနိုင်ခဲ့လေသည်။

အခန်းထဲ၌ ဖန်ရှိရှမ်း မရှိတော့ပါ။ ပြိုလဲပျက်စီးနေသော ခုတင်ပေါ်၌ သူမက အိပ်နိုင်မည် မဟုတ်ပါ။

သူမသည် လုရှောင်ဖုန်းအား ရန်တွေ့ရန် လိုက်ရှာသည်။

သို့သော်...

လုရှောင်ဖုန်းက ခေါင်မိုးပေါ်၌ အိပ်နေသည်ကို သူမက မသိလိုက်ပါချေ။

သူမသည် လုရှောင်ဖုန်းအား ရှာမတွေ့သဖြင့် လုရှောင်ဖုန်း၏ အင်္ကျီများကို ဆုတ်ဖြဲ ပြစ်လိုက်လေသည်။

လုရှောင်ဖုန်းသည် နှင်းရေကြောင့် စိုသိုင်းနေသော အင်္ကျီကို လဲရန် အခန်းထဲသို့ ရောက်ရှိလာသောအခါ...

သူ၏ အင်္ကျီများသည် တစ်ထည်မှ အကောင်း မရှိတော့ပါ။ ခေါင်းအုံးပေါ်၌ စာများ ရေးသားထားသည်။

နှုတ်ခမ်းနီ ပါးနီဖြင့် ရေးသားထားခြင်း ဖြစ်သည်။



'လုရှောင်ဖုန်း ရှင်ဟာ ကြက်အနေအထား ထက်ကောင်းသတ္တိ မရှိဘူး၊ ဒါကြောင့် ရှင့်နာမည်ကို ကြက်ကလေးလို့ မှည့်ရင် ကောင်းမယ်'

လုရှောင်ဖုန်းက ရယ်မောလိုက်လေသည်။

သူက အင်္ကျီလဲ၍ မရသဖြင့် စားသောက်ခန်းသို့ဝင်ရောက်၍ နံနက်စာ သုံးဆောင်လေသည်။

အငွေ့တစ်ထောင်းထောင်း ထွက်နေသော ဟင်းချိုများကို သောက်ပြီးတော့မှ ခန္ဓာကိုယ် တစ်ခုလုံး နွေးထွေးနွေးနွေး ဖြစ်လာလေသည်။

ယခု သူသည် စိတ်ကျေနပ်ကြည်လင်ပြီး နေသာ ထိုင်သာ ဖြစ်သွားလေသည်။

ကံဆိုးသည်မှာ သူရရှိသော စိတ်ချမ်းသာမှုမှာ အချိန် ကြာကြာ မရှိနိုင်ခဲ့ပါ။

ဆိုင်လုသင်က စာတစ်စောင် လာပို့သွားသည်။ လုရှောင်ဖုန်းက စာကို ဖောက်ဖတ်လိုက်သည်။

'မြွေခွေးမလေး လွတ်သွားပြီလား၊ ရှင့်ဆီကို ကျွန်မ မလာစေ့ဘူး၊ ကျွန်မဆီကို ရှင် လာဝံ့သလား၊ မလာဝံ့လျှင် လိပ်တစ်ကောင်ရဲ့သားဖြစ်ရမယ်'

လက်ရေးက အလွန်လှပပြီး တိန်ရှမ်းရီ၏ လက်ရေးဖြစ်မှန်း သိလိုက်သည်။

သူမအား မသေသေးပါ။

'ဒီစာကို ဘယ်သူကပို့ခိုင်းလိုက်တာလဲ'

ဆိုင်လုဆင်အား....

'မနေ့က အစ်ကိုကြီးနဲ့အတူလာတဲ့ မိန်းကလေးလေ'

လုရှောင်ဖုန်းအား စိတ်သက်သာရာ ရသွားလေသည်။

'အင်း....သူ့အား မသေသေးဘဲကိုး'

သူ့အား ရုတ်တရက် ထခုန်ဆိုက်သည်။

'သူ ဘယ်မှာရှိသလဲ၊ ငါ့ကိုလိုက်ပို့၊ ငါ့အား မှသွားဝံ့ဘူးဆိုရင် လိပ်ရှဲသားမကဘူး၊ လိပ်ရှဲမြွေး ဖြစ်သွားပါလိမ့်မယ်'

ဆိုင်လုလင်အား သူ့အား လမ်းပြ ခေါ်ဆောင် သွားရလေသည်။

....ပ....



အခန်းတံခါးအား စေ့ထားရုံမျှသာ စေ့ထားသည်။

အခန်းတံခါးတွန်းဖွင့်လိုက်သည်နှင့် စပယ်ပန်း၏ အနံ့ မွှေးကြိုင်၍ နေ၏။

အိပ်ခန်းထဲ၌ စပယ်ပန်းများ မရှိပါ။

ခုတင်ပေါ်၌ လဲလျောင်းနေသော လူတစ်ယောက်ရှိသည်။

ယင်း မွှေးကြိုင်သောအနံ့က လုရှောင်ဖုန်းအဖို့ ယဉ်နေပြီ ဖြစ်သည်။

တိန်ရှမ်းရီ၏ ကိုယ်ပေါ်တွင် ထွက်ပေါ်လာသော အမွှေးနံ့များ ဖြစ်လေသည်။

တိန်ရှမ်းရီမှာ အလွန်မွှေးကြိုင်သော မိန်းကလေးတစ်ယောက် ဖြစ်နေ၏။

နေရောင်ခြည်သည် ပြတင်းပေါက်ပေါ်သို့ ထိုးကျနေ၏။

အိပ်ခန်းထဲ၌ အလွန်ငြိမ်းချမ်းနေ၏။

ပတ်ဝန်းကျင်တစ်ခုလုံးမှာ စိတ်ချမ်းမြေ့ဖွယ်ရာ ကောင်းလှပေသည်။

သူမသည် အလွန်ကျယ်ဝန်းပျော့ပျောင်းသော ခုတင်ပေါ်၌ လဲလျောင်းနေ၏။

သူမ၏ ကိုယ်ပေါ်တွင် အနီရောင် ဂွမ်းကပ်စောင်တစ်ထည် ဖြုံထား၏။

သူမကိုကြည့်ပြီး လုရှောင်ဖုန်း၏ ရင်ထဲ၌ ထွေးထွေးသော ခံစားမှုများ ဖြစ်ပေါ်လာသလေသည်။

သူမာ ဟန်ဆောင်၍ မျက်နှာတင်းတင်း ထားလိုက်သည်။

'ငါ့ကိုလိုက်ခေါ်ပြီး ဘာလုပ်မလို့လဲ၊ ငွေလက်မှတ် ငါ့ကို ပြန်ပေးမလို့လား'

တိန်ရှမ်းရီက မျက်လုံးမှိတ်ထားလိုက်သည်။

လုရှောင်ဖုန်းက မဲ့ပြုံးပြုံးလိုက်သည်။

'လူတစ်ယောက်မှာ ရွှေအချိန် သုံးရာလေးခက် ရထားပြီးရင် ငွေငါးသောင်းကို ဘာဖြစ်လို့ မက်နေရတာလဲ'

တိန်ရှမ်းရီက မျက်လုံးမှိတ်ထားသည်။

သို့သော်....

မျက်ရည်ဥနှစ်ခုသည် စီးဆင်းကျဆာနေ၏။

နှင်းဆီပန်းပွင့်ပေါ်မှ နှင်းဥအလေးနှင့် တူလှပေသည်။

လုရှောင်ဖုန်းက သနားသွားမိလေသည်။

သူက ခုတင်အနီးသို့ လျှောက်သွားသည်။

နှစ်သိမ့်စကားပြောရန် ပါးစပ် ဟလိုက်သည်။

ရုတ်တရက် တိန်ရှမ်းရီ၏ ခန္ဓာကိုယ်မှာ အနည်းငယ် ပုသွားသည်ကို သတိပြုမိသွားသည်။



သူမ၏ ခန္ဓာကိုယ်အောက်ပိုင်းမှာ ဟာလာဟင်းလင်း ဖြစ်နေသည်ကို တွေ့ရသည်။

'ဟော ဗျာ'

လုရှောင်ဖုန်းက ရင်ထိတ်သွားသည်။

သူသည် ငွမ်းကပ်စောင်ကို ဖယ်ရှားလိုက်ရာ သူ၏ခန္ဓာကိုယ်တစ်ခုလုံးသည် အေးစိမ့်သော ရေထဲသို့ လိမ့်ကျသွားသည့်ပမာ တစ်ကိုယ်လုံး အေးစိမ့်တောင့်တင်းသွားလေသည်။

တိန်ရှမ်းရီမှာ လှသည်၊ ချောသည်၊ စွဲမက်ဖွယ်ရာကောင်းသော ခန္ဓာကိုယ်ရှိသည်။

သို့သော်....

ယခုမူ သူမ၏ လက်တစ်ဖက်နှင့် ခြေတစ်ဖက် မရှိတော့ပါချေ။

....၁....

နေရောင်ခြည်သည် မြတင်းပေါက်ပေါ်၌ ထိုးကျနေ၏။

ထွေးခနွေးပြီး လင်းထိန်သော နေရောင်ခြည်သည် အပ်ဖျား လေးများကဲ့သို့ မျက်လုံး စူးသွားသည်ဟုပင် ခံစားလိုက်ရလေ သည်။

သူသည် မျက်လုံး မှိတ်လိုက်သောအခါ ဇီးကွက်မျက်လုံးနှင့် ရှိသော မျက်နှာတစ်ခုကို မြင်ယောင်လာလေသည်။

ထိုမျက်နှာပိုင်ရှင်သည် တိမ်ရှမ်းရီအား ရက်စက်ကြမ်းကြုတ် စွာ ကြည့်ရင်း ...

'နင်က ငါ့ရဲ့ရွှေကို ခိုးသွားတဲ့အတွက် မင်းရဲ့လက်တစ်ဖက်နဲ့ ခြေထောက်နှစ်ဖက်ကို ငါဖြတ်လိုက်တာ'

လုံရှောင်ဖုန်းက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထား လိုက်သည်။

မည်သည့်ခင်ပွန်းမဆို မိမိ၏ဇနီး ထွက်ပြေးသွားသည်ကို ပြန်လည်ဖမ်းယူပိုင်ခွင့်ရှိသည်။

ထို့ကြောင့် ကျားပျံယုံဟူးက သူ့ဇနီးဖြစ်သူ တိန်ရှမ်းရီ အား ပြန်လည် ခေါ်ဆောင် သွားသည် ကို သူက ပြောပိုင်ခွင့် မရှိပါ။

သို့သော် ယခုကဲ့သို့ တိန်ရှမ်းရီ၏ ကြေကွဲဖွယ်ဆုဖြစ်အင်ကို မြင်တွေ့လိုက်ရသောအခါ အလွန်ခံပြင်းလာလေသည်။



မည်သူတစ်ဦးတစ်ယောက်ကမှ အခြားတစ်ဦးတစ်ယောက်ကို အတင်းအကျပ် နှိပ်စက်ညှဉ်းပန်းနိုင်ခွင့် မရှိပါ။

ဤအပြုအမူကို သူက အလွန်မုန်းသည်။

သူက မကြည့်ရက်၍ မျက်လုံးပင် မှိတ်ထားလိုက်သည်။

နောက်တစ်ကြိမ် မျက်လုံးပြန်ဖွင့်ကြည့်လိုက်သောအခါ တိန် ရှမ်းရီက သူ့အားကြည့်နေသည်ကို တွေ့ရသည်။

သူ၏ မျက်ဝန်းအစုံတွင် ကြောက်ရွံ့တုန်လှုပ်ခြင်း အရိပ် အယောင်များကို မတွေ့ရပါ။

ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင်များကိုသာ တွေ့မြင် လိုက်ရလေသည်။

သူမက သူ့အား အတန်ကြာ ကြည့်ပြီးမှ....

'မြန်မြန်သွားတော့'

ဟု တိုးတိုးကလေး ပြောလိုက်လေသည်။

လုရှောင်ဖုန်းမှာ မျက်မှောင်ကြုတ်သွား၏။

သူမသည် သူ့အား စောဟတန် ပေတတန်ဖြင့် ခေါ်လိုက် လေသည်။

ယခု သူက ရောက်လာသော်လည်း ချက်ချင်းပင် ပြန်ထွက် သွားသည်မှာ အဘယ့်ကြောင့်နည်း။

သူမ၏ အကြည်းတန် မြင်ကွင်းကို မကြည့်မမြင်စေလို၍ ပေလော။

သို့မဟုတ် ကျားပျံ ယိုဟူးက ရုတ်တရက် ရောက်လာမည်ကို စိုးရိမ်၍လော။

သို့မဟုတ် သူမ ရေးပေးလိုက်သောစာသည် ကျားပျံ ယိုဟူး အထင်အကြပ် ရေးနိုင်၍လော။

လုရှောင်ဖုန်းသည် ဂွမ်းကပ်စောင်ကို ပြန်ဖုံးထားလိုက်လေသည်။

ကုလားထိုင်တစ်လုံးဆွဲ၍ ခုတင်အနီးတွင် ထိုင်ချလိုက်သည်။

သူက စကားတစ်ခွန်းမျှ မပြောလိုက်သော်လည်း သူ၏အပြုအမူသည်....

'ငါမသွားဘူး'

ဟု ပြင်းဆိုလိုက်သည်နှင့် အတူတူပင် ဖြစ်လေသည်။

သူမသည် မည်သည့်အကြောင်းကြောင့် သူ့အား ထွက်သွားနိုင်းသည်ဖြစ်စေ၊ သူက မသွားရန် ဆုံးဖြတ်လိုက်သည်။

သူက သူမအတွက် အဖော်အဖြစ် နေခဲ့ရန်ဖြစ်သည်။

မိမိ အထီးကျန်ဘဝတွင် နေထိုင်ခဲ့စဉ်တုန်းက တိမ်ရှမ်းရိ သူ့အား အဖော်အဖြစ်ပြုခဲ့သည် မဟုတ်ပါလော။

ယခု သူ့အလှည့်ရောက်နေပြီဖြစ်သည်။



လုရှောင်ဖုန်းသည် သဘောထားတင်းတိမ်သော လူတစ်ဦး မဟုတ်ပါ။

အခြားသူက သူ့အပေါ် အကောက်ကြံခဲ့သည့်တိုင်အောင် သူက အလွယ်တကူ ခွင့်လွှတ်တတ်ပေသည်။

သို့သော် အခြားလူက သူ့အပေါ် ကောင်းခဲ့ပါလျှင်....

သူက ကျေးဇူးဆပ်ရန် လုံးဝမမေ့ပါ။

တိန်ရှမ်းရီသည် လုရှောင်ဖုန်း၏ သဘောကို နားလည်လိုက်သည်။

သူမ၏မျက်နှာအစုံတွင် ကျေးဇူးတင်သည့်အရိပ်အယောင်များ ပေါ်လွင်လာလေသည်။

'ကျွန်မအကြောင်းကို ရှင်သိပြီးပြီလို့ ယုံကြည်ပါတယ်'

သူမ၏စကားသံမှာ တိုးတိုးလေးဖြစ်၏။

'ရွှေချိန်သုံးရာကို ကျွန်မ ဘယ်လိုမှ တစ်ပါတည်း ယူဆောင်နိုင်တာမှ မဟုတ်ဘဲ'

သူမက စကားဆက်လိုက်သည်။

'ကျွန်မက ရွှေတွေထားတဲ့နေရာကို ပြောမပြတာနဲ့ အခုလို ကျွန်မကို နှိပ်စက်ခဲ့တာပေါ့'

'အခုတော့ မင်းက ရွှေဝှက်ထားတဲ့နေရာကို ပြောပြလိုက်ပြီ မဟုတ်လား၊ မင်းကိုနှိပ်စက်ခင် ဘာကြောင့် ပြောမပြလိုက်တာလဲ'

ယင်းစကားကို သူက မမေးဖြစ်ပါ။

မမေးရက်ပါချေ။

သူသည် မည်သည့်စကားပြောရမည်ကို စဉ်းစား၍မရဘဲ ဖြစ်နေ၏။

နှစ်သိမ့်စကား ပြောရမည်မှာသည်း အရာမရောက်တော့ပါ၊ အတန်ကြာ တိတ်ဆိတ်နေပြီးမှ—

သူမက စကားဆက်လိုက်သည်။

'ဒီရွှေများကို ကျွန်မဘာကြောင့် ခိုးတယ်ဆိုတာ ရှင်သိသလား'

လုရှောင်ဖုန်းက ခေါင်းခါယမ်းပြလိုက်သည်။

'မသိဘူး'

တိန်ရှမ်းရီ၏အဖြေသည် လုရှောင်ဖုန်းအဖို့ အလွန်အံ့ဩသွားမိလေသည်။

'ကျွန်မရွှေခိုးရတဲ့အကြောင်းကတော့ ကျောက်စိမ်းဆွဲပြားအတွက်ပါပဲ'

လုရှောင်ဖုန်းက သူမ၏စကားကို ယုံကြည်လေသည်။

သူမက စကားဆက်လိုက်သည်။

'လိရှားက ကျောက်စိမ်းဆွဲပြားခိုးသွားတာကိုကျွန်မသိတယ် သူကနေရာဟောင်းကို ရောက်သွားပြီဆိုတာလဲ သိပါတယ်'



လုရှောင်ဖုန်းက မျက်မှောင်ကြုတ်သွားသည်။

'နေရာဟောင်းဟုတ်လား'

တိန်ရှမ်းရီက—

'ဟုတ်တယ်'

လုရှောင်ဖုန်းက....

'နေရာဟောင်းဆိုတာ ဘယ်သူလဲ'

တိန်ရှမ်းရီက....

'နေရာဟောင်းဆိုတာ လဟာစေ့ကိုပြောတာ၊ လဟာစေ့ဆိုတာ ဒေသခံတာပေးတဲ့နာမည်ပါ၊ ရှေးဓိပ္ပာယ်ကနေရာဟောင်းဖြစ်ပါတယ်'

လုရှောင်ဖုန်းက—

'လိရှားကို ခင်ဗျားသိသလား'

တိန်ရှမ်းရီက ခေါင်းညိတ်ပြသည်။

သူမသည် အတန်ကြာ ဆိုင်းငံ့ငံ့လုပ်ပြီးမှ—

'သူဟာ ကျွန်မရဲ့မိတ်ဆွေဖြစ်ခဲ့ပါတယ်'

လုရှောင်ဖုန်းသည် ထိုစကားကြားလိုက်ရသောအခါ အလွန်အံ့အားသင့်သွားလေသည်။

သူမက ဆက်၍ရှင်းပြလိုက်သည်။

'လီရှားက မုတီဆိုဘ်ပြားကို မယူခင်း ကျွန်မအဖေနဲ့ အတူတူ နေခဲ့ဘာ'

ရှောင်ဖုန်းက....

'မင်ရဲ့ ဖခင်ကော'

တိန်ရှမ်းရီက....

'အခုသူ ကွယ်လွန်သွားပါပြီ၊ ဒါပေမယ့် ကျွန်းမနဲ့ လီရှားနဲ့ အမြဲဘမ်း ထိတွေ့မှု ရှိပါတယ်'

လုရှောင်ဖုန်းသည် တွေဝေသွားလေသည်။

လီရှားသည် သူမ၏ မိတွေး ဖြစ်သည်။

ဖန်းရှိရှမ်းက သူမ၏ အစ်မဝမ်းကွဲ ဖြစ်သည်။

သူမ၏ အစ်မဝမ်းကွဲသည် သူမ၏ မိတွေး၏ ခင်ပွန်းကို လုယူသွားသည်။

လုရှောင်ဖုန်းသည် ထိုလူ သုံးယောက်မှ တစ်ယောက်နှင့် တစ်ယောက် ရှုပ်ထွေးစွာ ပတ်သက် နေသည်ကို နားလည် လိုက်လေသည်။

တိန်ရှမ်းရီက ဝမ်းနည်းစွာဖြင့်....

'မိန်းမတွေဟာ အားနည်းတဲ့ လူတွေပါ၊ မိန်းမ တော်တော် များများဟာ သူတို့ရဲ့ ကံကြမ္မာအား သိုးပါတယ်၊ တခါတလေ သူတို့ အလွန် မလုပ်ချင်တဲ့ အလုပ်ကို လုပ်ကြရပါတယ်၊



ယောကျ်ားတွေကတော့ သူတို့ကို နားမလည်နိုင်တဲ့အပြင် ပြစ်တင် ဝေဖန်ပြောဆိုကြပါတယ်'

တိန်ရှမ်းရီက....

'ကျွန်မ သူ့ကိုမုန်းတယ် ဆို့ ပြောတာ၊ သူက ကျောက်စိမ်း ဆွဲပြားကို ခိုးယူသွားလို့ မဟုတ်ဘူး'

သူမ အစကား ဆက်လိုက်သည်။

'မိန်းမ တစ်ယောက်က ခင်ပွန်းသည်ရဲ့ ချစ်ခြင်း မေတ္တာ ခံရရင် သူက လက်စား ချေပိုင်ခွင့် ရှိပါတယ်'

ဤသည် မိန်းမ အများစု၏ အတွေးအခေါ် ဖြစ်သည်။ တိန်ရှမ်းရီက မိန်းမ တစ်ယောက်ဖြစ်သည်။

ထို့ကြောင့် လုရှောင်ဖုန်းက ကန့်ကွက် ပြောဆိုခြင်း မပြုပေ။

'သူ့ကို ကျွန်မ အပြစ်တင်တာက ကျောက်စိမ်း ဆွဲပြားကို တခြားလူ ရောင်းပစ်လိုက်တာကို ပြောတာ'

လုရှောင်ဖုန်းက တစ်ခနဲ ဖြစ်သွား လေသည်။

'ကျောက်စိမ်းဆွဲပြားကို သူက ရောင်းလိုက်တယ် ဟုတ်လား'

တိန်ရှမ်းရီက....

'ဟုတ်တယ်'

လုရှောင်ဖုန်းက....

'သူက ဘယ်သူ့ကိုရောင်းလိုက်တာလဲ'

တိန်ရှမ်းရီက....

'ကျန်းနန်းနယ်က ကုတုံစန်းဖြစ်ပါတယ်'

လုရှောင်ဖုန်းသည် ကုတုံစန်းကို ကြားဖူးနားဝရှိသည်။

'ကျန်းနန်းနယ်က ကုတုံစန်းဟုတ်လား'

တိန်းရှမ်းရီက....

'ဟုတ်ပါတယ်'

လုရှောင်ဖုန်းက ပါးစပ်ပိတ်ထားလိုက်လေသည်။

....၀....

ကုတုံစန်းသည် ကျန်းနန်းနယ်မှ သူဌေးကြီးများအနက် တစ်ယောက်အပါအဝင်ဖြစ်သည်။

သူ၏အတိတ်ကို မည်သူကမှမသိပါ။

အခုနီးမှာ သူငယ်စဉ်တုန်းက ပင်လယ်ဓားပြ ဖြစ်ခဲ့ဖူးလေသည်။



ပင်လယ်ဓားပြများတို့သည် အလွန် ရက်စက်ကြမ်းကြုတ်ကြသည်။

သေရမည်ကိုလည်း မကြောက်ကြပါ။

သို့သော် ကုတုံစန်းက လူတို့ကိုစည်းရုံးနိုင်ခဲ့လေသည်။ ထို့ကြောင့် ကုတုံစန်းသည် မဍ္ဍမျှအရည်အချင်းရှိသည်ကို ခန့်မှန်းနိုင်ရလေသည်။

တိန်ရှမ်းရီက....

'လီရှားနဲ့ကုတုံစန်း လွတ်လိုက်တဲ့ကိုယ်စားလှယ်နဲ့ ဆွေးနွေးပြီးခဲ့ပြီဆိုတာ ကျွန်မသိထားတယ်၊ ဈေးနှုန်းလဲ သတ်မှတ်ပြီးပါပြီ၊ သူတို့က ဧဟာဝစေမှာ တွေ့ဆုံကြပြီး ရော့ပတ္တမြား ရော့နဂါး အလုပ်လုပ်ကြလိမ့်မယ်'

လုရှောင်ဖုန်းက....

'သူတို့က ဘာဖြစ်လို့ ဒီလောက်ဝေးဝေးနေရာကို ချိန်းထားရတာလဲ'

တိန်ရှမ်းရီက....

'အဲဒီနေရာက ကျွန်မအဖေရဲ့ရွာနေပါ၊ လူအဲဒီမှာ ဆယ်နှစ်လုံးလုံး နေခဲ့ဖူးတယ်၊ သိကျွမ်းတဲ့လူ တော်တော်များလို့ ကုတုံစန်းက သူ့ကိုအနိုင်မကျင့်အောင်လို့ပါ'

လုရှောင်ဖုန်းက....

'ဒီအတိုင်းဆိုရင် လီရှားဟာလဲခေတ်အမျိုးသမီးတစ်ယောက်မဟုတ်ဘူးဆိုတာ ငါနားလည်ပါပြီ'

တိန်ရှမ်းရီက သက်ပြင်းတစ်ချက် ချလိုက်သည်။

'သူက ရိုးရိုးအအနေလို့ ဘယ်ဖြစ်မလဲ၊ ယောက်ျား လိမ်သွားတာကို ခံခဲ့ရတဲ့ အကြိမ်ပေါင်း များနေလို့ပါ'

လုရှောင်ဖုန်းက....

'သူက ဘာဖြစ်လို့ ဒီလျှို့ဝှက်ချက်ကို မင်းကို ပြောပြလိုက်တာလဲ'

တိန်ရှမ်းရီက....

'သူက ကျောက်စိမ်းဆွဲပြားကိုရပြီးတဲ့နောက်မှာ ကျွန်မဆီကို ရောက်ခဲ့လို့ပါ'

လုရှောင်ဖုန်းက....

'ဒီလိုလား'

တိန်ရှမ်းရီက....

'ကျွန်မကို ကတိပေးထားသေးတယ်ရှင့်'

လုရှောင်ဖုန်းက....

'ဘာကတိ ပေးထားလို့လဲ'

တိန်ရှမ်းရီက....

'သူက ပြောပါတယ်၊ ကျွန်မက နှစ်ကုန်ဆုံးသွားတဲ့အထိ ရွှေအချိန်နှစ်ဆယ် ပေးမယ်ဆိုရင် ကျောက်စိမ်း ဆွဲပြားကို ထောင်းပါမယ်လို့ ပြောပါတယ်'



လုရှောင်ဖုန်းက....

'နင်က ဘာဖြစ်လို့ ကျောက်စိမ်းဆွဲပြားကို လိုချင်ရတာလဲ'

တိန်ရှမ်းရီက....

'ကျွန်မ လက်စားချေချင်လို့ပါ'

သူမက အံကို တင်းတင်းကြိတ်လိုက်သည်။

'ကျားပျံယုံဟူးမှာ တစ်ခြား မိန်းမတစ်ယောက် ယူထားတယ်ဆိုတာလဲ ကျွန်မ အစောကြီးကတည်းက သိထားတယ်၊ ကျွန်မကို အနှောင့်အယှက် ဖြစ်တယ်ဆိုပြီး တစ်နေ့ကစ်ခြား ပစ်ပယ်ထားတယ်၊ နောက်ပြီး ကျွန်မရှိနေရင် သူက ကျားပျံယုံဟူးရဲ့ မယားကြီးနေရာ မရနိုင်တော့ဘူး မဟုတ်လား'

လုရှောင်ဖုန်းက....

'ဒါဖြင့် သူတို့က မင်းကို သတ်ဖို့ကြိုးစားနေမှာပေါ့'

တိန်ရှမ်းရီက....

'ကျွန်မက ပါးလို့ပေါ့၊ နို့မဟုတ်ရင် သေသွားတာ ကြာပြီ'

သူမက စကားဆက်လိုက်သည်။

'တကယ်လို့ ကျွန်မရဲ့ လက်ထဲမှာ ကျောက်စိမ်းဆွဲပြား ရှိနေရင် သူတို့က ကျွန်မကို နည်းနည်းလေးမှ ထိဝံ့မှာ မဟုတ်တော့ဘူး'

လုရှောင်ဖုန်းက....

'ဘာဖြစ်လို့လဲ'

တိမ်ရှမ်းရီက....

'ကျွန်မလက်ထဲမှာ ကျောက်စိမ်းဆွဲပြားရှိနေရင် ကျွန်မဟာ မှော်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဖြစ်မယ်၊ ဒါကြောင့် ကျားပျံ ယုံဟွား ကျွန်မကို လက်ဖျားနဲ့တောင် တို့ရဲမှာ မဟုတ်ဘူး'

သူမ၏ မျက်လုံးအစုံသည် ဝမ်းနည်းကြေကွဲရာမှ ရှုတ်တရက် ဝင်းလက်တောက်ပလာလေသည်။

သူမသည် တုန်လှုပ်ချောက်ချားဖွယ်ရာ လျို့ဝှက်ချက် တစ်ခု ကို ထပ်မံပြောပြလိုက်လေသည်။

မှော်ဂိုဏ်း၏ ဂိုဏ်းချုပ်ဖြစ်သူ မယ်ဘီလူးမှာ သေဆုံးသွား ပြီး ဖြစ်သည်။

မယ်ဘီလူး၏သား ပြည်မထဲသို့ ဝင်ရောက်လာသည့်အချိန်မှာ ရုတ်တရက် သေဆုံးသွားခြင်း ဖြစ်သည်ဟူ၍ အဆိုရှိလေသည်။

မှော်ဂိုဏ်းတို့၏ စည်းကမ်းချက်တစ်ခုမှာ ဘီလူး ကျောက် စိမ်း ဆွဲပြား လက်ဝယ်ပိုင်ဆိုင်သူသည် မှော်ဂိုဏ်း၏ ဂိုဏ်းချုပ် ဖြစ်ရမည်။

ယင်းစည်းကမ်းချက်ကို ဖီဆန်သောလူသည် သေဒဏ် အပြစ် ခံရမည့်အပြင် အလောင်းကိုလည်း အပိုင်းပိုင်းဖြတ်ထားခြင်း ခံရမည်။

သေဆုံးသောအခါ ငရဲပြည်သို့ ရောက်စေရမည်ဟု ကျိန်စာ ဆိုထားလေသည်။



လုရှောင်ဖုန်းက မျက်မှောင်ကြုတ်သွားလေသည်။

'မှော်ဂိုဏ်းရဲ့ စည်းကမ်းက တစ်မျိုးကြီးပါလား'

တိမ်ရှမ်းရီက....

'သူ့ရဲ့ စည်းကမ်းအလဲ သူတို့ ဂိုဏ်းသား အချင်းချင်း ဂိုဏ်းချုပ်နေရာကို လုပြီး ဂိုဏ်းတစ်ခုလုံး ပြိုကွဲသွားမှာကို စိုးရိမ်လို့ ဖြစ်မှာပေါ့'

သူမက စကားဆက်လိုက်သည်။

'တချို့ဂိုဏ်းရဲ့ အဖွဲ့အစည်းတွေဟာ ဂိုဏ်းချုပ် သေဆုံး သွားတာနဲ့ အချင်းချင်း နေရာလုကြလို့ သွေးချောင်းစီးခဲ့ရတယ် မဟုတ်လား'

လုရှောင်ဖုန်းက....

'ဒါနဲ့ဂိုဏ်းချုပ်သေဆုံးသွားရင် သူ့သားကိုအမွေဆက်ခံလို့ မဖြစ်ဘူးလား'

တိမ်ရှမ်းရီက....

'ဖြစ်တော့ ဖြစ်ပါတယ်၊ သားတွေ အများကြီး ရှိရင်ကော ဘယ်နှယ်လုပ်မလဲ'

သူမက စကားဆက်လိုက်သည်။

'မှော်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်က လူပုဂ္ဂိုလ်ကို အဓိကမထားတဲ့ ကျောက်စိမ်း ဆွဲပြားကို အဓိက ထားတာက ဒီကျောက်စိမ်း

ဆွဲပြားကို လူနှစ်ယောက်တဲ့ သားအောက်ထဲ အပ်လိုက်တာနဲ့ ဂိုဏ်းချုပ် အလိုလို ဖြစ်သွားတယ်၊ သူ့လူ ကိုယ့်လူဆိုပြီး ခွဲလို့မရတော့ဘူးလေ'

လုရှောင်ဖုန်းက ဆက်မြင်းချလိုက်သည်။

'တတ်ပြီ၊ ကျုပ် သဘောပေါက်ပြီ၊ မယ်ဘီလူး က ကျောက်စိမ်းဆွဲပြားကို သူ့သားကို ပေးလိုက်တယ် မဟုတ်လား'

တိန်ရှမ်းရီက....

'ဟုတ်တယ်'

လုရှောင်ဖုန်းက....

'မယ်ဘီလူးရဲ့သား ယိုထင်းပေါင်ဟာ ပျက်စီးနေတဲ့ လူငယ်တစ်ယောက်ဖြစ်ရမယ်၊ ဒါကြောင့် လောင်းကစားရာက ရှုံးပြီး ကျောက်စိမ်းဆွဲပြားကို ပေါင်ခဲ့တာပေါ့'

တိန်ရှမ်းရီက....

'ဟုတ်ပါတယ်၊ တကယ်လို့ မယ်ဘီလူးက မသေရင် ဒီအကြောင်းကြားသွားတာနဲ့ ဒေါသထွက်ပြီး သေမှာ သေခဲ့တယ်'

လုရှောင်ဖုန်းက နားလည် သဘောပေါက်လာလေသည်။ ကျောက်စိမ်းဆွဲပြားကို ညှိမျှ လူအများက မက်မောနေကြခြင်း ဖြစ်လေသည်။



တိန်ရှမ်းရီက....

'မယ်ဘီလူးကို အမှတ်တရ ဂါရဝပြုမယ့် အစည်းအဝေးတစ်ခု ကျင်းပဖို့နဲ့ ဂိုဏ်းချုပ်အသစ် တင်မြှောက်ဖို့ မှော်ဂိုဏ်းက အဆင့်မြင့်တဲ့ ပုဂ္ဂိုလ်တွေဟာ လာမယ့်နှစ် နှစ်ဆန်းခုနစ်ရက်နေ့မှာ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား ပြုလုပ်ပါလိမ့်မယ်၊ အဲဒီနေ့မှာ ဂိုဏ်းသားအားလုံး စုံစုံလင်လင် တက်ကြလိမ့်မယ်၊ အဲဒီနေ့မှာပဲ ကျောက်စိမ်းဆွဲပြားပြနိုင်တဲ့လူကို ဂိုဏ်းချုပ်အဖြစ် တင်မြှောက်ခြင်း ခံရပါလိမ့်မယ်'

လုရှောင်ဖုန်းက....

'သူတို့က ဘယ်နေရာမှာ လုပ်မှာလဲ'

တိန်ရှမ်းရီက....

'ခွန်လွန်စန်းတောင်ပေါ်မှာ'

လုရှောင်ဖုန်းက သက်ပြင်း တစ်ချက် ချလိုက်သည်။

သူသည် ယင်းကိစ္စမှာ တစ်စထက်တစ်စ ရှုပ်ထွေးလာသည်ဟု သိရှိလာလေသည်။

သူ၏ တာဝန်မှာလည်း ပို၍ ခက်ခဲနက်နဲလာနေ၏။

တိန်ရှမ်းရီက....

'လီရှားက ကျောက်စိမ်းဆွဲပြားကို ခိုးသွားပေမယ့် သူ့နောက်မှာ အန္တရာယ် ထက်ကြပ်မကွာ လိုက်နေတယ်ဆိုတာလဲ

သူသိတယ်၊ ဒါကြောင့် သူအာ ကျောက်စိမ်းဆွဲပြားကို တခြားလူ ရောင်းလိုက်တော့တာပဲ'

သူမအာ သက်ပြင်း တစ်ချက် ချလိုက်သည်။

'မိန်းမတစ်ယောက်ဟာ အသက်အရွယ် ကြီးလာတဲ့အခါ ဆွေမျိုးညာတိလဲ မရှိဘူးဆိုတော့ ငွေကိုပဲ ကိုးစားရတော့တာပေါ့'

လုရှောင်ဖုန်းက—

'ဒါကြောင့် သူဟာ မင်းကို ရွှေအချိန်နှစ်ဆယ်နဲ့ ရောင်းမယ် ပြောတယ် မဟုတ်လား'

တိန်ရှမ်းရီက....

'အခုတော့ ကျွန်မအာ သူ့ထက်တောင် အခြေအနေဆိုးပါသေးတယ်၊ ကျွန်မမှာ ဘာမှ မရှိတော့ပါဘူး'

လုရှောင်ဖုန်းက....

'မင်းမှာ မိတ်ဆွေကောင်းတစ်ယောက် ရှိပါသေးတယ်'

တိန်ရှမ်းရီက....

'ရှင့်ကို ပြောနေတာလား'။

လုရှောင်ဖုန်းက ခေါင်းညိတ်ပြလိုက်သည်။

သူ၏ ရင်ထဲ၌ လှိုက်လှိုက်လှဲလှဲ ခံစားလိုက်ရသည်။ သူတို့သည် မိတ်ဆွေထက် ပို၍ ရင်းနှီးခဲ့သည် မဟုတ်ပါလော။



တိန်ရှမ်းရီကလည်း သူ့အား အတန်ကြာ စိုက်ကြည့်နေ၏။

'ကျွန်မကို တစ်ခု အကူအညီပေးပါလား'

လုရှောင်ဖုန်းက....

'ပြောပါ'

တိန်ရှမ်းရီက....

'အခုတော့ ကျောက်စိမ်းဆွဲပြားဟာ ကျွန်မအတွက် ဘာမှ အသုံးမဝင်တော့ပါဘူး၊ ဒါပေမယ့် သူ့ကိုကျွန်မကြည့်ချင်သေးတယ်၊ ဘာဖြစ်လို့လဲဆိုရင် သူ့အတွက်နဲ့ ကျွန်မဆုံးရှုံးမှုတာ များလွန်းလို့ပါ၊ သူ့ကိုမမြင်ရဘဲသေရမှာ မဖြောင့်လို့ပါ'

လုရှောင်ဖုန်းက....

'မင်းဆိုလိုတာက ဒီကျောက်စိမ်းဆွဲပြားကို ငါ့လက်ထဲ ရောက်ရှိရင် မင်းကိုလာပြရမယ် ဟုတ်လား'

တိန်ရှမ်းရီက ခေါင်းညိတ်လိုက်သည်။

'ရှင်ကတိပေးမလား'

လုရှောင်ဖုန်းက....

'ဒီကိစ္စအနည်းဆုံး တစ်လလောက်ကြာဦးမယ်၊ အဲဒီအချိန်မှာ ဒီမှာရှိသေးသလား'

တိန်ရှမ်းရီက....

'ရှိပါတယ်'

သူမက စကားဆက်လိုက်သည်။

'ကျွန်မအခုခေတ္တ မသေမရှင် လူတစ်ယောက် ဖြစ်နေပါပြီ ရှင်တို့ကကျွန်မကို မှမှာမဟုတ်ခဲ့တာပါဘူး'

သူမက ပြောရင်း မျက်ရည်ကျလာလေသည်။

'ကျွန်မအခုလို အခြေအနေမျိုးမှာ ဘယ်နေရာကိုမှ သွားစရာ မရှိတော့ပါဘူး'

လဝန်းသည် ကျောင်းဆောင်၏ပဟိုအလယ်သို့ ရွေ့လျားရောက် ရှိနေပြီး ဖြစ်သည်။

အပြင်ဘက်မှာ ပို၍တိတ်ဆိတ်နေ၏။

ခရီးဆက်ရမည့် ဧည့်သည်များတို့သည် တည်းခိုခန်းမှ ထွက်ခွာသွားကြပြီး ဖြစ်လေသည်။

လုရှောင်ဖုန်းသည် အင်္ကျီဖြင့် တိန်ရှမ်းရီ၏ မျက်နှာပေါ်မှ မျက်ရည်ကိုသုတ်ပြီး ပြန်လည်ထိုင်ချလိုက်သည်။



နောက်ထပ် အတန်ကြာတော့မှ...

တိန်ရှမ်းရီက သက်ပြင်းတစ်ချက်ချလိုက်သည်။

'ရှင်လဲ သွားဖို့သင့်ပြီ'

လုရှောင်ဖုန်းက...

'ငါ့ကိုသွားခိုင်းတော့မလို့လား'

တိန်ရှမ်းရီက ပြုံးလိုက်သည်။

'ရှင်က ကျွန်မဆီမှာ တစ်သက်လုံးနေလို့ဖြစ်တာမှမဟုတ်တဲ'

သူမက ပြုံးနေသော်လည်း သူမ၏ရင်ထဲ၌ မည်ကဲ့သို့ ခံစား နေရမည်ကို လုရှောင်ဖုန်းက နားလည်ထားသည်။

လုရှောင်ဖုန်းသည် စကားပြောရန် ပါးစပ်ဟလိုက်ပြီးမှ ပြန်ပိတ်ထားလိုက်သည်။

တိန်ရှမ်းရီက...

'ရှင်မေးစရာရှိတယ် မဟုတ်လား'

လုရှောင်ဖုန်းက ခေါင်းညိတ်လိုက်သည်။

'ဒီအကြောင်းကို ငါမမေးသင့်မှန်း သိပါတယ်၊ မင်းလဲ ပြောနိုင်မှပြောပါ'

တိန်ရှမ်းရီက ခေါင်းညိတ်လိုက်သည်။

'မေးပါ'

လုရှောင်ဖုန်းက...

'ကျားပျံ ယိုဟွားဟာ ဘယ်လိုလူစားမျိုးလဲ သူကဘယ်သူလဲ'

တိန်ရှမ်းရီ၏အဖြေသည် ဖန်ရိုရှမ်း၏အဖြေနှင့် ထပ်တူထပ်မျှ ဖြစ်သည်။

သူမတို့သည် ကျားပျံယုံဟူး၏အမည်ရင်းကို မသိပါ။

သူ၏အသက်ကိုလည်း မသိပါ။ သူ၏ပုံသဏ္ဌာန်မှာ ခန္ဓာကိုယ် သေးသွယ်ပြီး မျက်လုံးအား ငီးကွက်နှင့်တူကြောင်း မည်သူ့ကိုမှ အယုံအကြည်မရှိကြောင်း....

သူ၏ဇနီးကိုပင် လုံးဝမယုံကြည်ကြောင်း....

သို့သော် သူ၏သိုင်းပညာမှာ အလွန်အဆင့်မြင့်ကြောင်း စသည်တို့ဖြစ်လေသည်။

လုရှောင်ဖုန်းက ထပ်မံမေးလိုက်သည်။

'လဟာစော့ဆိုတာ ဘယ်လိုနေရာမျိုးလဲ'

တိန်ရှမ်းရီက....

'အဲဒီဒေသမှာလဲ ကျားပျံယုံဟူးလိုပဲ လျှို့ဝှက်တယ်၊ ကြောက်စရာကောင်းတယ်၊ ဒီဒေသခံလူတွေဟာ သဘောထား သေးသိမ်တယ်၊ တစိမ်းဧည့်သည်ကို ရန်သူလိုသဘောထားတယ်၊ လူနှစ်ယောက်ဆုံလို့ ဘယ်သူ့စကားကိုမှ မယုံကြည်တာ အကောင်းဆုံးပါပဲ'

လုရှောင်ဖုန်းက....

'တစ်ယောက်ကတော့ ဟောက်စန်းယင်လို့ ခေါ်တယ်၊ ကျွန်မအဖေရဲ့ အရင်းနှီးဆုံး မိတ်ဆွေပါ'



လုရှောင်ဖုန်းက....

'နောက်တစ်ယောက်ကော'

တိန်ရှမ်းရီက....

'ကျင်းကျင်းလို့ ခေါ်တယ်၊ ငယ်ငယ်ထဲက ကျွန်မနဲ့အတူ ကြီးပြင်းလာတာ၊ ရှင်က ကျွန်မရဲ့ သူငယ်ချင်းဆိုတာ သိရင် အတတ်နိုင်ဆုံး ကူညီမှာပါ'

လုရှောင်ဖုန်းက ထိုနာမည် နှစ်ခုကို မှတ်သား ထားလေသည်။

တိန်ရှမ်းရီက....

'ရှစ်လ ဆယ့်ခုနစ်ရက်ကျော်လွန်သွားရင် လဟာစောဟာ တစ်နေ့တစ်ခြား အေးလာပါတယ်၊ ဆယ်တစ်လပိုင်းမရောက်ခင် ချောင်းတို့ မြစ်တို့ အားလုံး ရေခဲသွားပါလိမ့်မယ်'

လုရှောင်ဖုန်းက....

'ဒါတွေကို ကျုပ်လဲ ကြားဖူးခဲ့ပါတယ်'

တိန်ရှမ်းရီက....

'အဲဒီနေရာ မရောက်ဖူးတဲ့ လူဟာ အဲဒီမှာ ဘယ်လောက် အေးတယ်ဆိုတာ စဉ်းစားတတ်မှာ မဟုတ်ဘူး'

သူမက စကား ဆက်လိုက်၏။

'အအေးဆုံး ရောက်တဲ့ အချိန်မှာ နှာရည် ညှစ်လိုက်တာနဲ့ ခဲသွားတယ်၊ အသက်ရှူတဲ့ အငွေ့က တောင်နှင်းမြူလိုဖြစ်သွား ပါတယ်'

လုရှောင်ဖုန်းက နားထောင်ရင်း အလိုလို ချမ်းစိမ့် လာလေ သည်။

တိန်ရှမ်းရီက....

'ရှင်က အမြဲတမ်း ကျန်းနန်းမှာ နေထိုင်တယ်ဆိုတော့ အေးတာကို ခံနိုင်မှာ မဟုတ်ဘူး၊ ဒါကြောင့် အေးတဲ့ရာသီ မရောက်မီ အမြန်ဆုံး လိုက်သွားပါ၊ နောက်ပြီး အအေးခံနိုင်အောင်အဝတ်အစားကိုလဲ ကြိုတင် စီစဉ်ထားပါ'

သူမသည် ယင်းကဲ့သို့ မှာကြားနေသည်ကို ကြားလိုက်ရသောအခါ လူရှောင်ဖုန်း၏ ရင်ထဲ၌ လှိုက်လှိုက်လှဲလှဲ ခံစားလိုက်ရလေသည်။

သောအခေါ်၌ မိမိအား ဂရုစိုက်သော လူတစ်ယောက် ရှိနေသည်ကို သိလိုက်ရသောအခါ....

မည်သူမဆို ပျော်ရွှင်ကြမည် ဖြစ်လေသည်။

လူရှောင်ဖုန်းသည် မရှင်းမသင်း ဖြစ်သော အချက်တစ်ခုကို ထပ်မံ မေးလိုက်လေသည်။

'မယ်ဘီလူး သေဆုံးသွားတဲ့အခါမှာ သူတို့ဂိုဏ်းထဲမှာအချင်းချင်း ပြဿနာတက်မှာကို စိုးရိမ်တဲ့အတွက် နောက်ပြီး အပြင်လူ အခွင့်ကောင်းယူပြီး ဝင်မလာဖို့မယ်ဘီလူး သေဆုံးတဲ့အကြောင်းကို အခုဖုံးကွယ်ထားတာ ဟုတ်သလား'

တိန်ရှမ်းရီက....

'ဟုတ်တယ်'

လူရှောင်ဖုန်းက....

'ဒါဖြင့် မင်း ဘယ်လိုသိသလဲ'



တိန်ရှမ်းရီက....

'ကျွန်တို့ဂိုဏ်းရဲ့ လက်အောက်မှာ ဌာနခွဲ သုံးခု ရှိပါတယ်၊ အဲဒီဌာနခွဲဟာ ချီးဖြူရယ်၊ မြေခွေးရယ်၊ ခွေးဝါရယ်လို့ နာမည် ပေးထားပါတယ်'

လူရှောင်ဖုန်းက နားထောင်နေ၏။

တိန်ရှမ်းရီက....

'ခွေးဝါဆိုတာ သူ့ရဲ့ တာဝန်က ရန်သူကို လိုက်ဖို့၊ မြေခွေးရဲ့ တာဝန်က တိုက်ခိုက်ဖို့၊ ချီးဖြူရဲ့ တာဝန်ကတော့ သတင်းထောက်လှမ်းဖို့ပါ'

သူမက စကား ဆက်လိုက်သည်။

'ကျွန်တို့ဂိုဏ်းဟာ အချိန် တိုတောင်းတဲ့ အတွင်းမှာတစ်ဟုန်ထိုး တက်လာတာက အဲဒီဌာနခွဲ သုံးခုရဲ့ ထက်မြက်တဲ့ စွမ်းဆောင်မှုကြောင့် ဖြစ်တယ်'

သူမက စကား ဆက်လိုက်ပြန်၏။

'သိုင်းလောကမှာ ကျော်ကြားတဲ့ ပုဂ္ဂိုလ်ရဲ့ ကိုယ်ရေး ရာဇဝင် သိုင်းပညာအဆင့် သူတို့ရဲ့ ရုပ်သွင် သဏ္ဌာန် အားလုံးကို ချီးဖြူဌာနမှာ မှတ်တမ်း အပြည့်အစုံ ရှိပါတယ်'

သူမက ပြုံး၍....

'ဒါကြောင့် ကျွန်မက ရှင့်ကိုမတွေ့ခင်တုန်း ကတည်းက ရှင်ဟာ ဘယ်လို ပုံသဏ္ဌာန် ရှိတယ် ဆိုတာ ကြိုတင် သိထားပြီးပါပြီ'

လုရှောင်ဖုန်းက ခေါင်းညိတ်လိုက်သည်။

'ကျုပ်အကြောင်းကို အသေးစိတ် သိထားတော့ ခင်ဗျားဂေါ်ကို အထာအကွယ်ယူဖို့ စဉ်းစားမိလိုက်တယ် မဟုတ်လား'

တိန်ရှမ်းရိုက....

'ဟုတ်ပါတယ်'

လုရှောင်ဖုန်းက

'နိုဖြူဂွာနရဲ့ စာချုပ်စာတမ်းကို မင်းကကြည့်ပိုင်ခွင့် ရှိလို့လား'

တိန်ရှမ်းရိုက....

'ကျွန်မဟာ ဂိုဏ်းချုပ်ရဲ့ဇနီး ဖြစ်တဲ့အပြင် ချီးဖြူဂွာနရဲ့ ဂွာနမှူးဖြစ်ပါတယ်'

—o—



လုရှောင်ဖုန်းက ထွက်ခွာသွားပြီဖြစ်သည်။
တိန်ရှမ်းရိုကပြောသည့်အတိုင်း သူသည် တစ်သက်လုံးနေခဲ့၍ ဖြစ်ပါ၏။

ရာသီဥတုသည် သာသာယာယာ ရှိသည်။
နေရောင်ခြည်သည် တောက်ပ၍နေ၏။

သို့သော်....

လုရှောင်ဖုန်း၏ရင်ထဲတွင် ကြည်ကြည်လင်လင် မရှိတော့ပါ။
သူ ရင်ဆိုင်ရသည့်ကိစ္စသည် အလွန်ရှုပ်ထွေးပြီး အလွန် ခက်ခဲလှသည်။

သူသည် မိမိတ သောဏ၏ ဝဲဂဏက်ထဲသို့ အလိုလိုကျရောက်သွားသည်ကို စဉ်းစားမိလိုက်သည်နှင့် ရေထဲသို့ခုန်ဆင်းပြီး သေလိုက်ချင်တော့သည်။

ကြွေရွက်များသည် မြေပေါ်၌ ပြန့်ကြဲနေ၏။
အသက် ဆယ့်သုံး ဆယ့်လေးနှစ်ခန့် အရွယ်ရှိသော မိန်းကလေး တစ်ယောက်သည် အိမ်ဝင်းထဲရှိ ပင်အိုတစ်ပင်၏ အောက်တွင် တစ်ယောက်တည်း သနားစဖွယ် ရပ်နေ၏။
သူမ၏လက်ထဲတွင် စာတစ်စောင်ကိုင်လျက်....
သူမ၏ ကြောက်ရွံ့သော မျက်လုံးအစုံသည် လုရှောင်ဖုန်းအား ဆက်ခတ်ကြည့်နေ၏။

လုရှောင်ဖုန်းက သူမအနီးသို့ လျှောက်သွားပြီး ပြုံးပြလိုက်သည်။

'မင်းက ငါ့ကို စောင့်နေတာလား'

မိန်းကလေးက ထိတ်ခနဲဖြစ်သွားသည်။

နောက်သို့ အလိုလိုဆုတ်သွားလေသည်။

သူသည် ထစ်ထစ်ငေါ့ငေါ့ဖြင့်

'ရှင်...ရှင်က လုရှောင်ဖုန်း ဟုတ်သလား'

လုရှောင်ဖုန်းက ပြုံးပြလိုက်သည်။

'ဟုတ်တယ်၊ မင်းက ဘယ်သူလဲ'

မိန်းကလေးက...

'ကျွန်မ နာမည် ချူးပိန်ပါ'

လုရှောင်ဖုန်းက

'ကျားပျံ့ယိုဟူးက စာပေးခိုင်းလိုက်တယ် ဟုတ်လား'

မိန်းကလေးက စာကို လှမ်းပေး လိုက်လေသည်။

လုရှောင်ဖုန်းက စာကိုဖောက်ဖတ်လိုက်သည်။

'လုရှောင်ဖုန်း ခင်ဗျား....

ခင်ဗျားရဲ့ နာမည်ဟာ သိုင်းလောကမှာ တစ်ခုလုံး လျှမ်းလျှမ်းတောက် ကျော်ကြား နေပါတယ်၊ ခင်ဗျားကိုလဲ လေးစားပါတယ်၊ တွေ့လဲ တွေ့ချင်ပါတယ်၊ ဒါပေမယ့် မဆုံစည်း ကြုံခဲ့ပါဘူး။

အခုတော့ ခင်ဗျားက ကျုပ်ရဲ့ဇနီးကို ချစ်နေတယ်ဆိုတာ ကြားသိရပါတယ်၊ ဒါကြောင့်



သူ့ကိုပဲ လက်ဆောင်အဖြစ် ပေးလိုက်ပါတယ်၊ ဝမ်းသာစွာ လက်ခံပါလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ခင်ဗျား နေထိုင်တဲ့ တည်းခိုခန်းခနဲ့ စားစရိတ် အားလုံး ကျနော်အထိ ပေးပြီးပါပြီ။

ဒီစာနဲ့အတူ မိန်းမကို ကွာရှင်းတဲ့ စာချုပ်တစ်ခု ပါ ပူးတွဲပေးပို့ လိုက်ပါတယ်....

ပုံ....

ကျားပျံ့ယိုဟူး

လုရှောင်ဖုန်းသည် စာကို စိတ်ရှည်လက်ရှည် ဆုံးအောင် ဖတ်လိုက်သည်။

သူသည် မိမိမှာ ခေါင်းထက်ပင် သည်းခံစိတ် မွေးထားသည်ကို အံ့ဩမိလေသည်။

သူသည် စာကိုအတုပြုပစ်ခြင်း မရှိပါ။

ချူးပိန်သည် ရပ်မြဲရပ်နေ၏။

သူမ၏ ဝိုင်းစက်သော မျက်လုံး အစုံသည် လုရှောင်ဖုန်း မျက်နှာပေါ်မှ မခွာတော့ပါ။

သူမသည် ရုပ်ရည် ခန့်ညားသော လုရှောင်ဖုန်းအပေါ် စိတ်ဝင်စား နေပုံရသည်။

လုရှောင်ဖုန်းက ပြုံးလိုက်သည်။

'ငါ့အကြောင်း ပြန်တာကို စောင့်နေတယ် ဟုတ်တီလား'

ချူးပိန်က ခေါင်းညိတ်လိုက်သည်။

ကျောင်းပျံ့ယူ ဟူးသည် လုရှော့ဖုန်း စာဖတ်ပြီးနေစဉ် ချည်ကဲ့သို့ ဟန်မူရာ ဖြစ်သည်ကို သိလို၍ ဖြစ်သည်။

လုရှော့ဖုန်းက…

'မင်း ပြန်ပြောလိုက်ပါ၊ ဒါကိုလက်ဆောင်ပေးတာကျေးဇူး တင်ပါတယ်၊ ဒါလဲ သူ့ကို လက်ဆောင်တစ်ခု ပြန်ပေးပါမယ်'

ချူးပိန်က….

'ကျွန်မ ယူသွားရမှာလား'

လုရှော့ဖုန်းက….

'အခုတော့ မရှိသေးဘူး၊ လက်ဆောင်ဆိုတာ လူကိုယ်တိုင် တွေ့မှ ပေးလို့ကောင်းတယ်'

ချူးပိန်က….

'ဒါဖြင့်…'

လုရှော့ဖုန်းက….

'ဒါက သူ့ကို ဘာလက်ဆောင် ပေးမယ်ဆိုတာ မင်းကို ကြိုတင်ပြောလိုက်ပါမယ်၊ မင်းကစာဆီ ပြန်ပြောလိုက်ပေါ့'

ချူးပိန်က…

'ဟုတ်ကဲ့၊ ဘာလက်ဆောင်ပေးမယ်လို့ ပြောလိုက်ရမှာလဲ'

လုရှော့ဖုန်းက….

'အီးလက်ဆောင်လို့ ပြောလိုက်'

ချူးပိန်က ကြောင်အမ်းအမ်း ဖြစ်သွား၏။

သူမက နားမလည်ပါ။



ပြန်မမေးဝံ့ပါ။

သူမက ရယ်ချင်သည်။

သို့သော် မရယ်ဝံ့ပါ။

လုရှော့ဖုန်းကလည်း မရယ်ပါ။

'ဒါ သူ့ကိုပေးမယ့်လက်ဆောင်က လက်သီးတစ်လုံးပါပဲ'

....ဝ....

## မမျှော်လင့်သောပစ္စည်း

လုရှောင်ဖုန်းသည် စိတ်ရှိ လက်ရှိ ပြောချလိုက်ပြီးနောက် တည်းခိုခန်းမှ ထွက်လာခဲ့လေသည်။

သူသည် ဖုန်တထောင်းထောင်းရှိသော လမ်းအတိုင်း ခြေလှမ်း ကြဲကြဲဖြင့် လျှောက်သွားသည်။

မိုင်တစ်ဝက်ပင် မလျှောက်မိသေးပါ။

စိတ်မကြည်မသာ ကိစ္စနှစ်ခုကို ရုတ်တရက် ရင်ဆိုင် တွေ့မြင်လိုက်ရလေသည်။



နွေမိုးဆောင်းသုံးဖော်နှင့် မိမိကလွဲ၍ ဤလမ်းမတစ်လျှောက်လုံးမှာ သူ့အား ခြေရာခံသောလူ တစ်ယောက်မျှ မတွေ့ရတော့ပါချေ။

ငွေကလေးအနည်းငယ် ရှိနေသည်မှအပ သူ့မှာ ထမင်းစားရန်ပင် ငွေမရှိတော့ပါ။

သူက စည်စည်ကားကားကိုကြိုက်သည်။

သူ၏ ပတ်ဝန်းကျင်တစ်ခုလုံးမှာ လူများစုံ ဝိုင်းရံနေသည်ကို သဘောကျသည်။

ထိုလူမှာ သူ့အပေါ် အကြောက်ကြီးနေသည်ကို သိရှိသည့်တိုင်အောင် သူ့မှာ မမှုပါ။

သူမလိုလားဆုံးသောအရာမှာ ပျင်းရိခြင်းဖြစ်သည်။

ဆင်းရဲခြင်းသည် အထီးကျန်ဘဝနှင့် အတူတူပင်ဖြစ်၏။

အထီးကျန်ဘဝသည် ဆင်းရဲခြင်းကို ခေါ်ဆောင်လာတတ်သည် မဟုတ်ပါလော။

သင်သည် ငွေရှိနေသောအချိန်၌ အချိန်ကို ကုန်မှန်းမသိ ကုန်ဆုံးအောင် ဖြုန်းနိုင်ခဲ့သည်။

သို့သော် ငွေမရှိသောအခါ မည်မျှပျင်းရိနေမည်မှာ စဉ်းစား၍ ရလေသည်။

လုရှောင်ဖုန်းသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး လမ်းဘေးနှင့် ဆိတ်သားခေါက်ဆွဲဆိုင်ထဲသို့ လှမ်းဝင်လိုက်လေသည်။

သူသည် စားပွဲတစ်လုံး၌ ထိုင်ချလိုက်ပြီး ကျန်ရှိသောငွေဖြင့် ဆိတ်သားခေါက်ဆွဲတစ်ခွက်မှာ၍ စားသောက်သည်။

ထိုအချိန် အဘိုးအိုသုံးယောက် ရောက်ရှိလာ၏၊

သူနှင့် စားပွဲတစ်လုံး ခြားလျက်ရှိသော စားပွဲသို့ ဝင်ရောက်ထိုင်ချလိုက်သည်။

သူတို့သည် ကြက်ကြော်များ၊ ဆိတ်သားကင်များ၊ အရက်များကို စုံစုံလင်လင်မှာကြား၍ စားသောက်နေလေသည်။

လုရှောင်ဖုန်းက ခေါက်ဆွဲစားသောက်ပြီးနောက် ခေါက်ဆွဲဖိုး ပေးပြီးသည့်အပြင် ဘောက်ဆူးပါ ပေးလိုက်သေး၏။

အမှန်မှာ ဆိတ်သားခေါက်ဆွဲတစ်ခွက် မှာစားရုံမျှနှင့် ဘောက်ဆူးပေးရန် လုံးဝမလိုပါ။

သို့သော် လုရှောင်ဖုန်းမှာမူ အကျင့်ပါနေ၏။

ထို့ကြောင့် သူသည် စမ်းအေးဆိုင်မှ ထွက်လာသောအခါ အင်္ကျီအိတ်ထဲ၌ တစ်ပြားတစ်ချပ်မျှ မရှိတော့ပါ။

သူသွားမည့်ခရီးမှာ လဟာစေဖြစ်သည်။

လဟာစေသို့ရောက်ရန်မှာ ခရီးအလွန် ဝေးလံနေသေး၏။

သူသည် တရားသောသိုင်းသမားဖြစ်သည်။

ထို့ကြောင့် လုရှိလည်း မဖြစ်ပါ။ ခိုး၍လည်း မဖြစ်ပါ။ ယင်းခရီးကို ငွေမရှိလျှင်လည်း ဆက်အောက်၍ သွားလို့မဖြစ်နိုင်ပါ။

မည်ကဲ့သို့ ကြံရပါမည်နည်း။



ကံဆောင်းသည်မှာ လုရှောင်ဖုန်းအား အခြားလူ ဟုတ်ပါ။ လုရှောင်ဖုန်းသည် လုရှောင်ဖုန် ပင် ဖြစ်သည်။

မည်သို့သောအခက်အခဲနှင့် ကြုံတွေ့စေကာမူ....

သူက ဖြေရှင်းနိုင်သောနည်းလမ်းရှိသည်ဟု ထင်ရပေအည်။

....၁....

ညနေဆည်းဆာအချိန် ရောက်လာသောအခါ....

တိုက်ခတ်နေသောလေသည် ပို၍အေးစိမ့်လာလေသည်။

လမ်းမပေါ်၌ လမ်းသွားလမ်းလာများ မရှိသလောက် ဆင်းရှင်းနေ၏။

လုရှောင်ဖုန်းသည် လက်နှစ်ဘက်နောက်ပစ်၍ အေးဆေးစွာ လမ်းလျှောက်နေ၏။

သူ၏ပုံပန်းမှာ ညစာထမင်းစားပြီး အရက်သောက်ပြီးခါစ ကျေနပ်မှု ပြည့်ဝလျက် ဖြစ်သည်၊ ကိုယ်ခန္ဓာ ရှိစေရန် လမ်းထွက်လျှောက်နေသည့် ပုံတန်မျိုး ဖြစ်လေသည်။

ထရု သူ၏ဝမ်းဗိုက်ထဲသို့ရောက်ရှိခဲ့သော ဆိတ်သားခေါက်ဆွဲများသည် အစာချေ၍ ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

သို့သော် ထူစာ ကြိတ်၍ ပြုံးမိသည်။

သူစာ ဖြည်းဖြည်းလျှောက်လေသော သူ့နောက်တွင်လိုက်နေသော နွေမိုးဆောင်းသုံးဖော်တို့က ဒေါသထွက်လေလေဖြစ်ပြီ မှာ သူသိထားသည်။

မည်သူမဆို လုရှောင်ဖုန်း၏အကြောင်းကို သိသည်။

လုရှောင်ဖုန်းသည် ဝါးဆက် ချောမွတ်သည်။

ယုန်ထက် လျင်မြန်သည်။

အနည်းငယ် ပေါ့လိုက်သည်နှင့် သူ၏အရိပ်ကိုပါ မြင်တွေ့ရမည် မဟုတ်တော့ပါ။

သူစာ ခြေလှမ်း ရပ်တန့်မသွားလျှင် အဘိုးအိုသုံးယောက်စာလည်း မရပ်ဝံ့ပါ။

သူစာ ထမင်းဝင်မစားလျှင် အဘိုးအို သုံးယောက်စာလည်း စားဝံ့မည်မဟုတ်ပါ။

သို့သော ဗိုက်ဟောင်းလောင်းဖြင့် လမ်းပေါ်မှာ လျှောက်နေခြင်း၏ အရသာသည် အချိန်ကြာလာသောအခါ အခံရခက်ပေသည်။

နွေမိုးဆောင်း သုံးဖော်တို့သည် တစ်ကြိမ်တစ်ခါမျှ ဤကဲ့သို့ ဒုက္ခမျိုးကို မခံစားခဲ့ဖူးပါ။

အဘိုးအို သုံးယောက်အနက် လုရှောင်ကာ မနေနိုင်တော့ပါ။ သူသည် လုရှောင်ဖုန်းထံသို့ ပြေးလွှားသွားပြီး ရှေ့တွင် ရပ်တန့်လိုက်လေသည်။



လုရှောင်ဖုန်းက ပြုံးလိုက်သည်။

'ဒေါ်ကြီး ဘာဖြစ်လို့ လမ်းပိတ်ရပ်နေရတာလဲ၊ ဒေါသမ်းလျှောက်တာ မြန်လွန်းလို့လား'

လုရှောင်၏မျက်နှာ ခက်ထန်နေ၏။

'မင်းကို ငါ စကားတစ်ခွန်း မေးမလို့ပါ'

လုရှောင်ဖုန်းက....

'မေးပါခင်ဗျာ'

လုရှောင်က ဒေါသကြီးစွာဖြင့်....

'အခု ဘယ်အချိန်ရှိပြီဆိုတာ မင်းသိသလား'

လုရှောင်ဖုန်းက မျက်ယောင်တစ်ချက် ခတ်လိုက်သည်။

'ထမင်းစားတဲ့အချိန် ရောက်ပြီနဲ့တူတယ်'

လုရှောင်က....

'မင်းက သိရက်သားနဲ့ ဘာဖြစ်လို့ ထမင်းကို ဆိုင်တစ်ဆိုင်ဆိုင်မှာ ဝင်မစားသေးတာလဲ'

လုရှောင်ဖုန်းက....

'ကျုပ်မှ မစားချင်သေးဘဲ'

လုရှောင်က....

'မစားချင်လဲ စားရမှာပဲ'

လုရှောင်ဖုန်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

'ငွေအတင်းတောင်းတာတို့၊ အလုပ်အတင်းခိုင်းတာတို့သာ ကြားဖူးတယ်၊ လူတစ်ယောက်ကို အတင်းထမင်းစားခိုင်းတာ ကျုပ်တစ်ခါမှ မကြားဖူးပါဘူး'

လုရှောင်က....

'အခု မင်းကြားဖူးပြီ မဟုတ်လား'

လုရွှောင်ဖုန်းက....

'ကျုပ် ထမင်းစားသည်ဖြစ်စေ၊ မစားသည်ဖြစ်စေ ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ'

လုရှောင်ဖုန်းက....

'ထမင်းကို လူတိုင်းက စားရမယ်၊ မင်းက လူမဟုတ်လို့လား'

လုရှောင်ဖုန်းက....

'မှန်ပါတယ်၊ ထမင်းကို လူတိုင်းလူတိုင်း စားရမှာပဲ၊ ဒါပေမယ့် လူတစ်မျိုးကတော့ စားလို့မရဘူး'

လုရှောင်က....

'ဘယ်လို လူစားမျိုးလဲ'

လုရှောင်ဖုန်းက....

'ထမင်းစားဖို့ ငွေမရှိတဲ့လူ'

လုရှောင်က သဘောပေါက် နားလည်လိုက်လေသည်။

သူ၏ မျက်နှာအစုံတွင် ပြုံးယောင်သမ်းလာလေသည်။

'တကယ်လို့ သူ့ကို ထမင်းကျွေးဖို့ ဖိတ်ခေါ်တဲ့လူ ရှိရင်ကော'

လုရှောင်ဖုန်းက....

'ဒါကတော့ အခြေအနေကို ကြည့်ရဦးမယ်'

လုရှောင်က....

'ဘာအခြေအနေကို ကြည့်ရမှာလဲ'

လုရှောင်ဖုန်းက—



'ကျွေးတဲ့လူက တကယ့် စေတနာ ရှိ မရှိ ဆိုတာ ကြည့်ရမယ်'

လုရှောင်က....

'တကယ်လို့ ငါက တကယ် စေတနာနဲ့ ကျွေးမယ်ဆိုရင်ကော'

လုရှောင်ဖုန်းက ပြုံးလိုက်သည်။

'ခင်ဗျားက တကယ့် စေတနာနဲ့ ကျွေးမယ်ဆိုရင် ကျုပ်က အားနာပါးနာနဲ့ လက်ခံရမှာပေါ့'

လုရှောင်က သူ့အား စိုက်ကြည့်လိုက်သည်။

'မင်းက ထမင်းစားဖို့ ပိုက်ဆံမရှိဘူး၊ သူများကို ကျွေးခိုင်းချင်တယ်၊ အဲဒါကို ငါသိလာပြီး မတောင်းပန်ဘဲ ငါက မင်းကို ပြန်ပြီး တောင်းပန်ရတယ်လို့'

လုရှောင်ဖုန်းက အေးဆေးစွာဖြင့်....

'ခင်ဗျား ကျုပ်ဆီလာလိမ့်မယ်လို့ ကျုပ်တွက်ပြီးသား၊ အခု ခင်ဗျား လာမှတော့ ကျုပ်ကို ထမင်းကျွေးရုံမက တည်းခိုခန်းပါ ပေးရလိမ့်မယ်'

လုရှောင်က သူ့အား အတန်ကြာ စိုက်ကြည့်လိုက်သည်။ ခေါင်းတစ်ချက်ခါ၍ သက်ပြင်းတစ်ချက် ချလိုက်သည်။

'သိုင်းလောကမှာ ကြားရတဲ့ သတင်းဟာ တကယ့်ကို မှန်တယ်၊ လုရှောင်ဖုန်းနဲ့ ရင်ဆိုင်တွေ့မယ်ဆိုရင် တော်တော်ခေါင်းခက်ပါတယ်လေ'

....၀....

ဟင်းလျာက အလွန်ကောင်းသည်။

အရက်ကလည်း အကောင်းဆုံး အရက် ဖြစ်သည်။

လူရှောင်က အရက်တစ်ခွက် ငှဲ့ပေးလိုက်သည်။

'အရက်နည်းနည်းသောက်လိုက်ပါဦး'

လူရှောင်ဖုန်းက....

'နည်းနည်းတော့ မသောက်ဘူး'

လူရှောင်က...

'ဘာဖြစ်လို့လဲ'

လူရှောင်ဖုန်းက....

'သောက်မယ့် သောက်ရင် တစ်အိုးလောက် သောက်မှ'

လူရှောင်က...

'မင်း ဘယ်လောက် သောက်နိုင်လို့လဲ'

လူရှောင်ဖုန်းက....

'မူးအောင်တော့ သောက်နိုင်တယ်'

သူက ပြန်မေးလိုက်သည်။

'ခင်ဗျား ဘယ်လောက်သောက်မှ မူးသလဲ'

လူရှောင်က....

'မသိဘူး'

လူရှောင်ဖုန်းက....

'ခင်ဗျား တစ်ခါမှ မမူးခဲ့ဘူးလား'

လူရှောင်က ငြင်းဆိုခြင်း မပြုပါ။

သူက ပြန်မေးလိုက်သည်။

'မင်းကော ဘယ်လောက် သောက်မှ မူးသလဲ'



လူရှောင်ဖုန်းက....

'ကျုပ်က တစ်ခွက်သောက်ရင် နည်းနည်း မူးတတ်တယ်၊ နောက်ထပ် ခွက်တစ်ရာသောက်လဲ ဒီအတိုင်းပါပဲ'

လူရှောင်၏ မျက်ဝန်းအစုံတွင် ဒုတိယအကြိမ်မြောက် ပြုံးယောင် သမ်းလာလေသည်။

'မင်းလဲပဲ တစ်ခါမှ မမူးခဲ့ဘူးဆိုပါတော့'

လူရှောင်ဖုန်းက မငြင်းပါ။

သူသည် အရက် တစ်ခွက်ပြီးတစ်ခွက် မော့ချလိုက်လေသည်။ အရက်သောက်တတ်သော လူသည် သူတို့၏ အရက်သောက်ပုံကို ကြည့်၍ ပျင်းရိနေ၏။

ကျန်ရှိသော အဘိုးအို နှစ်ယောက် ဖြစ်သော ချင်းကျိနှင့် တန်မေတို့သည် သူတို့အား ကြည့်ပင်မကြည့်တော့ဘဲ ဖြည်းညင်းစွာ မတ်တတ်ရပ်လိုက်ပြီး တိတ်တဆိတ် ထွက်ခွာသွားကြလေသည်။

....၀....

အေးချမ်းသော ည....

အဘိုးအို နှစ်ယောက်သည် ဆက်နှစ်အက် နေခက်မစ်၍ ကောင်းကင်ပေါ်သို့ ခေါင်းမော့ကြည့်နေ၏။

အတန်ကြာတော့မှ ချင်းကျီက စတင် မေးလိုက်လေသည်။

'အစ်ကိုကြီး အရက်မသောက်ခဲ့တာ ဘယ်လောက် ကြာပြီလဲ'

ဟန်မေက....

'ငါးဆယ့်သုံးရက်ရှိပြီ'

ချင်းကျီက သက်ပြင်း တစ်ချက် ချလိုက်သည်။

'သူ ဒီကနေ့ အားရပါးရ သောက်လိမ့်မယ်လို့ ကျုပ်ထင်မိသားပဲ'

နောက်ထပ် အတန်ကြာတော့မှ ဟန်မေက သက်ပြင်းချလိုက်သည်။

'မင်း မသောက်တာ ဘယ်လောက်ကြာပြီလဲ'

ချင်းကျီက....

'နှစ်ဆယ့်သုံးနှစ်ရှိပြီ'

ဟန်မေက....

'ဟိုတစ်ချိန်တုန်းက ငါတို့သုံးယောက် တစ်ချိန်တည်း မူးပြီးတဲ့နောက်မှာ မင်းက ဘယ့်နှယ်မသောက်တော့ဘူးလား'

ချင်းကျီက....

'ငါတို့သုံးယောက်ထဲမှာ အနည်းဆုံးတစ်ယောက်က အမြဲတမ်း သတိထားနေရမယ်၊ ဒါမှ အားလုံး အသက်ရှင်မှာ'

ဟန်မေက....



'နှစ်ယောက်က မသောက်ရင် ပိုကောင်းပါတယ်'

ချင်းကျိုက....

'ဒါကြောင့် မင်းက နှစ်ပေါင်းနှစ်ဆယ်ကျော် အရက် လုံးဝ မသောက်ခဲ့ဘူးပေါ့'

'နှစ်ဆယ်သုံးနှစ်နဲ့ ဆယ့်ခုနစ်ရက်'

ချင်းကျိုက ပြုံးလိုက်သည်။

'အမှန်တော့ မင်းက အစ်ကိုကြီးထက် ပိုပြီး သောက်နိုင်ပါတယ်'

ဟန်မေကလည်း ပြုံးလိုက်သည်။

'အရက်ကို အသောက်တတ်ဆုံးကတော့ မင်းပါပဲလေ'

ချင်းကျိုက....

'ဒါပေမယ့် လောကကြီးပေါ်မှာ အရက်သောက်လို့ မမူးတဲ့လူဆိုတာ ဘယ်တော့မှ မရှိခဲ့ပါဘူး'

ဟန်မေက....

'ဟုတ်တယ်၊ အရက်သောက်ပြီးမှတော့ မူးမှာပဲ၊ အရက်သောက်ရင် မုချ မူးရမယ်'

ညသည်မှာ အမှန်အရေးဖြစ်သည်။

ထို့ကြောင့် လူရှောင်ဖုန်းက မူးနေ၏။

....o....

အိမ်ခန်းက အလွန်ကျယ်ဝန်းသည်။

အိမ်ခန်းထဲမှ မီးဖိုမီး မွှေးထားသည်။

လုရှောင်ဖုန်းသည် ကြီးမားသော ကုတင်ပေါ်၌ လဲလျောင်းနေသည်။

မည်သူမဆို အရက်မူးပြီးနောက်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားကြမည် ဖြစ်သည်။

လုရှောင်ဖုန်းမှာလည်း ဤအတိုင်းပင် ဖြစ်သည်။

သူအား ကြာကြာမအိပ်ပါ။

တခဏအကြာ နိုးလာလေသည်။

အပြင်ဘက်၌ မှောင်မည်းနေ၏။

အခန်းထဲ၌လည်း မှောင်မည်းနေ၏။

လုရှောင်ဖုန်းသည် အိပ်ရာမှ နိုးလာသောအခါ အမှောင်ထုနှင့် ရင်ဆိုင်ရလေသည်။

သူသည် ကုတင်ပေါ်၌ လဲလျောင်းရင်း အတွေးများ နယ်ချဲ့လာလေသည်။

များစွာသော အကြောင်းအရာများကို တွေးနေ၏။

သူ တွေးမိသော အရာများသည် သူများကို ပြန်မပြောနိုင်သည့်အပြင် မိမိကိုယ်တိုင်ပင် မစဉ်းစားဝံ့သော အကြောင်းများ ဖြစ်လေသည်။

ထိုအကြောင်းများကို မေ့ပျောက်လို၍ သူသည် လုရှောင်နှင့် အရက်ပြန်သောက်ခဲ့သည်။



မူးအောင်သောက်ခဲ့လေသည်။ သူသည် အိပ်ရာမှ နိုးလာသောအခါ ပထမဆုံး စဉ်းစားမိသောအရာများမှာ ယင်းအရာများပင် ဖြစ်လေသည်။

မေ့သင့်မေ့ထိုက်သည့် အကြောင်းများကို အဘယ်ကြောင့် မေ့၍ မရပါသနည်း။

သူသည် တိတ်တဆိတ် ထလိုက်သည်။

သူ့အနားမှာ အိပ်ပျော်နေသော လူကို အနှောင့်အယှက် မပေးလိုပါ။

သို့သော် သူ့အနားတွင် မည်သူမျှ မရှိပါ။

ထိုအချိန် သူသည် သက်ပြင်းချသံ တစ်ချက် သဲ့သဲ့ ကြားလိုက်ရလေသည်။

သူ့အနားမှာ လူမရှိသော်လည်း အိမ်ခန်းထဲ၌ လူရှိသည်။ အမှောင်ထုထဲ၌ လူရိပ်တစ်ခုသည် မလှုပ်မယှက် ကုလားထိုင်ပေါ်တွင် ထိုင်နေသည်ကို တွေ့ရလေသည်။

ထိုလူသည် မည်သည့်အချိန်က ရောက်လာသနည်း။

ထိုကုလားထိုင်ပေါ်၌ မည်မျှ ကြာကြာထိုင်နေပါသနည်း။

ထိုလူက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

'အရက်သောက်ရင် မူးတတ်တယ်၊ သိပ်မူးရင် အရသာပျောက်တယ်'

လုရှောင်ဖုန်းက ရယ်မောလိုက်လေသည်။

သူများမရယ်နိုင်သော အချိန်မျိုးတွင် လုရှောင်ဖုန်းက ရယ်မောတတ်လေသည်။

'ခင်များက ပညာရှိတစ်ယောက်ကိုး'

ထိုလူက....

'မဟုတ်ပါဘူးဗျာ၊ စိတ်ထဲရှိတာကို လွတ်ခနဲ ပြောမိတာပါ'

လုံရှောင်ဖုန်းက ...

'ခင်ဗျား အချိန်မတော် ကျုပ်ဆီကိုလာခဲ့တာ ဒီစကားပြောပြဖို့ မဟုတ်လား'

ထိုလူက....

'စကားကျန်ပါသေးတယ်'

လုံရှောင်ဖုန်းက....

'နားမထောင်လို့ မရဘူးလား'

ထိုလူက....

'မရဘူး ထင်တယ်'

ထိုလူ၏စကားသံမှာ ပျော့ပျောင်းနေသော်လည်း သူ၏စကားများမှာ ထက်မြက်နေ၏။

လုံရှောင်ဖုန်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး ပြန်လည်လဲလျောင်းလိုက်လေသည်။

'နားမထောင်လို့ ရတဲ့စကားဟာ နားထောင်လို့ကောင်းမယ့်စကားတော့ မဟုတ်ဘူး၊ ဒါကြောင့် အေးအေးဆေးဆေး လဲလျောင်းပြီး နားထောင်ပါ့မယ်'

ထိုလူက....

'အိပ်ပြီးနားထောင်တာ ညွှိသည်တို့ မလေးမစားရာ မကျဘူးလား'

လုံရှောင်ဖုန်းက....



'ခင်ဗျားက ကျုပ်ဧည့်သည်ဟုတ်လို့လား၊ ခင်ဗျားကို ကျုပ်မြင်တောင်မမြင်ဘူးပါလား'

ထိုလူက....

'ကျုပ်ရဲ့မျက်နှာကိုမြင်ချင်ရင် လွယ်ပါတယ်'

သူက ချောင်းတစ်ချက်ဆိုးလိုက်ရာ အခန်းတံခါးပွင့်သွားသည်။ မီးပန်းများဖွာခနဲထလာသည်။

မီးအိမ်မှာ မီးလင်းလာသည်။ အနက်ရောင်ကိုယ်ကျပ်ဝတ်ရုံ ဝတ်ဆင်ထားပြီး မျက်နှာကို အနက်ရောင်အဝတ်ဖြင့် ဖုံးထားသည်။ ခန္ဓာကိုယ်ကျစ်လျစ်သော လူတစ်ယောက်သည် အမှောင်ထုထဲမှ ရုတ်တရက်ထွက်ပေါ်လာသည်။

သူ့လက်ထဲတွင် ကြေးမီးအိမ်တစ်လုံးကိုင်ထားသည်။ မီးအိမ်၏ပုံသဏ္ဌာန်မှာ ရှေးဟောင်းအနုပညာ လက်ရာမြောက်သော ပုံဟန်ဖြစ်သည်။

ကျောပေါ်တွင် ဓားတစ်အက်ပိုးထားသည်။ သူ၏လှုပ်ရှားမှုမှာ စည်းဘဲ့တစ်ခုနှင့် တူလှပေသည်။

မီးအိမ်မှ ထွက်ပေါ်လာသော မီးရောင်သည် စိမ်းဖန့်ဖန့်ဖြင့် ကျောချမ်းဖွယ်ရာ ထူးကောင်းလှပေသည်။

ကုလားထိုင်ပေါ်မှာထိုင်နေသောလူ၏မီးရောင်အောက်တွင် မတီတတီချပ်လိုက်လေသည်။

မီးဖိုမှမီးများ ငြိမ်းသွားပြီဖြစ်သည်။

စိမ်းဖန့်ဖန့်မီးရောင်....

မှောင်မည်းသောအိပ်ခန်း....

လျှို့ဝှက်သောလူ၊ ထိုလူ၏အဝတ်အစားများမှာ အကောင်းဆုံးအထည်....

အကောင်းဆုံး အပ်ချုပ်သမားများ၏ ကောင်းမွန်သောလက်ရာဖြစ်သည်။

သူ၏ဟန်မူရာမှာ အထက်တန်းကျသည့် စာပေပညာရှင်ဆန်သည်။

သူ၏မျက်လုံးအစုံမှာ အရောင်တဝင်းဝင်း တောက်ပသည်။ ဩဇာအာဏာရှိသော ရုပ်သွင်လည်းရှိသည်။

သို့သော် သူအမတ်တတ်ရပ်လိုက်သောအခါ လျှို့ဝှက်သောလူတစ်ယောက်၏ပုံသဏ္ဍာန်မျိုး ဖြစ်လေသည်။

လူရွှေခင်ဖုန်းက ရယ်မောလိုက်လေသည်။

'ဘယ်ဆိုးလို့တုန်း'

ထိုလူက....

'ကျုပ်ရဲ့ရုပ်ရည်ကို ချီးမွမ်းတာလား'

လုရွှေခင်ဖုန်းက....

'ခင်ဗျားရဲ့မျက်နှာ ကျုပ်ခန့်မှန်းစဉ်းစားထားတာနဲ့ မကွာလို့ပါ'

ထိုလူက....

'ငါဘယ်သူလဲဆိုတာ မှင်းသိပြီးလို့လား'

လုရွှေခင်ဖုန်းက....

'ခင်ဗျားက ကုတုံစန်းပါ'

ထိုလူက မျက်မှောင်ကြုတ်သွားသည်။



'ကျုပ်ကိုမြင်ဖူးလို့လား'

လုရွှေခင်ဖုန်းက ခေါင်းခါယမ်းလိုက်သည်။

'ဒါဖြင့် ငါ့ကို မင်းဘယ်လိုလုပ်သိသလဲ'

လုရွှေခင်ဖုန်းက....

'ကုတုံစန်းကလွဲလို့ ဒီလောကကြီးအေးတဲ့ရာသီမှာ ခုကွခံပြီး ကျုပ်ဆီကိုလာမှာမဟုတ်ဘူး'

သူက စကားဆက်လိုက်သည်။

'ကုတုံစန်းကလွဲလို့ ထိပ်တန်းအဆင့်မြင့် သိုင်းသမားကိုကိုယ်ရံတော်အဖြစ် ဖမ်းနိုင်ပါမလား'

ကုတုံစန်းက ရယ်မောလိုက်သည်။

သူ၏ရယ်မောသံမှာ ကြောက်မက်ဖွယ်ရာ ကောင်းလှပေသည်။

'မဆိုးဘူး၊ လုရွှေခင်ဖုန်းက လုံရွှေခင်ဖုန်းပါပဲ'

လုရွှေခင်ဖုန်းက....

'ဒီလောကကြီးလဲ မဟုတ်ပါဘူး၊ ကျုပ်က မြင်တာ တွေ့တာကို ပွင့်ပွင့်လင်းလင်း ပြောလိုက်တာပါ'

ကုတုံစန်းက ရယ်မောရာမှ ရပ်တန့်လိုက်သည်။

သူသည် လုရွှေခင်ဖုန်းအား အတန်ကြာ စိုက်ကြည့်လိုက်ပြီးမှ....

'ကျုပ်လာတဲ့ ရည်ရွယ်ချက်ကို သိပြီးရောပေါ့'

လုရွှေခင်ဖုန်းက....

'ခင်ဗျာကိုယ်တိုင် ပြောပြတာကိုပဲ နားထောင်ချင်ပါတယ်'

ကုတုံစန်းက....

'ခင်ဗျားကို ပြန်သွားစေချင်တယ်'

လုရှောင်ဖုန်းက....

'ဘယ်ကို ပြန်သွားရမှာလဲ'

ကုတုံစန်းက....

'ပန်းခေါင်းစုံ ဖူးပွင့်တဲ့ ကျန်နန်းနယ်၊ လောင်းဆေးအိမ် ပေါများတဲ့ အမ္ဘာကို အဲဒီ ဇနေရာမျိုးမှ လုရှောင်ဖုန်း ကျင်လည်တဲ့ နေရာတွေ မဟုတ်လား'

လုရှောင်ဖုန်းက သက်ပြင်း ချလိုက်သည်။

'ဟုတ်တယ်၊ ကျုပ်ကလဲ သိပ် ပြန်ချင်တယ် ဒါပေမယ့်'

ကုတုံစန်းက သူ၏ စကားကို ကြားဖြတ်လိုက်သည်။

'ခင်ဗျား အခုတလော ကြပ်ခနေတယ် ဆိုတာ ငါသိပါတယ်၊ ဒါကြောင့် ခင်ဗျားအတွက် ကျုပ်က အားလုံး စီစဉ်ထားပါပြီ'

သူက ချောင်းတစ်ချက် ဟန့်လိုက်ပြန်လေသည်။

ဆံပင်ဖြူဖွေးသော အဘိုးအို တစ်ယောက်က သေတ္တာ ထမ်းသော လူနှစ်ယောက်ကိုဦးဆောင်၍ အခန်းထဲသို့ဝင်ရောက်လာလေသည်။

သေတ္တာထဲ၌ ရွှေတုံး ငွေတုံးများ ပြည့်နှက်နေ၏။

လုရှောင်ဖုန်းက မျက်မှောင်ကြုတ်သွားသည်။

'ဒီလောက်များတဲ့ပစ္စည်းကိုသယ်လိုတာမပင်ပန်းဘူးလား'

ကုတုံစန်းက....

'ငွေလက်ခွတ်က ပိုပြီး သယ်ဆောင်တာ လွယ်တယ်ဆိုတာ သိပါတယ်၊ ဒါပေမယ့် မျက်မြင်အနေနဲ့ ရွှေနဲ့ငွေတာ ပိုပြီး ဆွဲဆောင်မှု ရှိတယ်လို့ ထင်လို့ပါ'



လုရှောင်ဖုန်းက....

'ဟုတ်တာပေါ့'

ကုတုံစန်းက....

'ခင်ဗျား လက်ခံတယ် မဟုတ်လား'

လုရှောင်ဖုန်းက—

'ငွေဆိုတာ သည်းခြေကြိုက်ပဲ လက်မခံဘဲ နေပါ့မလား'

ကုတုံစန်းက....

'ဒါဖြင့် ခင်ဗျားက ပြန်မယ်ပေါ့'

လုရှောင်ဖုန်းက....

'မပြန်ဘူး'

သူက ပြုံး၍ စကားဆက်လိုက်သည်။

'ငွေကို လက်ခံတာကတစ်ခြား၊ ပြန်သွားတာက တစ်ခြား ဒီကိစ္စနဲ့ ဟိုကိစ္စနဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး'

ကုတုံစန်းက ရယ်မောလိုက်လေသည်။

သူကလည်း ရယ်သင့်သောအချိန်ရယ်မောသော လူစားမျိုး ဖြစ်သည်။

'ဒါက ငွေနဲ့ ဆွဲဆောင်မှု လုပ်တာ'

လူက စကား ဆက်လိုက်သည်။

'ငွေနဲ့ ခင်ဗျားကို သိမ်းသွင်းလို့ မရဘူးဆိုတာ ကျုပ်သိထား ပြီးသားပါ'

လုရှောင်ဖုန်းက....

'ဒါဖြင့် ဘာများ ရှိသေးလို့လဲ'

ကုတုံစန်းက....

'ငွေနဲ့စည်းရုံးလို့ မရရင် အတင်းအကြပ် ပြန်ခိုင်းရမှာပဲ'

လုရှောင်ဖုန်းက....

'ကောင်းတယ်'

အနက်ရောင် အဝတ်စုံဝတ်ဆင်ထားသော လူက ရုတ်တရက် ကြားဝင် ပြောလိုက်သည်။

'မကောင်းဘူး'

လုရှောင်ဖုန်းက....

'ဘာဖြစ်လို့'

အနက်ရောင် အဝတ်စုံ ဝတ်ဆင်ထားသော လူက....

'ခင်ဗျားဟာကျော်ကြားတဲ့ပုဂ္ဂိုလ်တစ်ယောက်သိုင်းလောက သားအားလုံးဟာခင်ဗျားကို ခင်မင်ကြတယ်၊လေးစားကြတယ်၊ ခင်ဗျားကို သတ်လိုက်ရင် ပြဿနာ ရှုပ်လာလိမ့်မယ်'



လုရှောင်ဖုန်းက ...

'ဒါကြောင့် ခင်ဗျားက ကျုပ်ကို မသတ်ချင်ဘူးဟုတ်လား'

အနက်ရောင်အဝတ်စုံ ဝတ်ဆင်ထားသော လူက....

'ဟုတ်တယ်'

လုရှောင်ဖုန်းက....

'တော်သေးရဲ့ ကျုပ်လဲ မသေချင်သေးဘူး'

အနက်ရောင်အဝတ်စုံ ဝတ်ဆင် ထားသော လူက....

'ခက်တာက ကျုပ်ရဲ့ ဓားဟာ ဓားအိမ်ကဆွဲထုတ်လိုက်တာနဲ့ သွေးကို စွန်းမှ ဖြစ်မယ်'

လုရှောင်ဖုန်းက ရယ်မောလိုက်ပြန်လေသည်။

'ခင်ဗျားက ခြိမ်းခြောက်တာလား'

အနက်ရောင်အဝတ်စုံ ဝတ်ဆင်ထားသော လူက....

'ဒါက သတိပေးတာပါ'

အနက်ရောင်အဝတ်စုံ ဝတ်ဆင်ထားသော လူက မီးအိမ်ကို ဖြေးညင်းစွာ ချထားလိုက်သည်။

လက်တစ်ဖက်ကို ဖြေးညင်းစွာ မြှောက်လိုက်သည်။

'ရွှမ်'

ဓားကို ဓားအိမ်ထဲမှ ဆွဲထုတ်လိုက်လေသည်။

ဖြူဖွေးသော ခေါင်းအရိပ်သူ၏သွေးများကို သောက်နေသည့် အလား လူရှောင်ဖုန်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

'နှစ်ပေါင်း တစ်ရာမှာ ဒီလိုခေါင်းမျိုး တစ်လက်ရဖို့ မလွယ်ပါဘူး'

အနက်ရောင်အင်္ကျီ ဝတ်ဆင်ထားသူက....

'ခင်ဗျားအတွက် ကိုယ့်ကိုယ်ကို သက်ပြင်းချနေသလား'

လူရှောင်ဖုန်းက....

'မဟုတ်ဘူး'

အနက်ရောင်အင်္ကျီ ဝတ်ဆင်ထားသောလူက....

'ဒါဖြင့်....'

လူရှောင်ဖုန်းက....

'ခင်ဗျားအတွက် နှမြောလို့ သက်ပြင်းချမိတာပါ'

အနက်ရောင် ဝတ်ဆင်ထားသော လူက....

'ဘာဖြစ်လို့....'

လူရှောင်ဖုန်းက....

'ခင်ဗျားဟာ ဒီလောကတန်ဖိုးရှိတဲ့ ခေါင်းတစ်လက် ပိုင်ဆိုင်လျက်သားနဲ့ ကုတုံစန်းလို လူမျိုးကို ကျွန်ခံခဲ့တာ နှမြောလို့ပါ'

သူက စကားဆက်လိုက်သည်။

'ခင်ဗျားတို့ ကျုပ်နောက်ကို တစ်လမ်းလုံး လိုက်ခဲ့တာ ကျုပ်ရဲ့မိတ်ဆွေနဲ့ မတွေ့မိတာ သိပ်ကို ကံကောင်းတယ်'

အနက်ရောင်ဝတ်ဆင်ထားသူက....

'ခင်ဗျားရဲ့မိတ်ဆွေကို တွေ့လို့ကော ဘာဖြစ်သွားမှာမို့လို့'



လူရှောင်ဖုန်းက....

'သူ့ကိုသာတွေ့ရင် ဒီခေါင်း သူ့လက်ထဲရောက်နေပြီ၊ ခင်ဗျားလဲ မြေကြီးထဲ ရောက်နေပါပြီ'

အနက်ရောင်ဝတ်ဆင်ထားသူက ရယ်မောလိုက်သည်။

'မင်းရဲ့လေသံက မသေးပါလား'

လူရှောင်ဖုန်းက....

'ကျုပ်ရဲ့လေသံ မဟုတ်ဘူး၊ သူ့ရဲ့လေသံ'

အနက်ရောင်ဝတ်ဆင်ထားသောသူက....

'သူဆိုတာ ဘယ်သူလဲ'

လူရှောင်ဖုန်းက....

'စီမင်းချွေးစွေ'

....o....

ပတ်ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်၍နေသည်။

အနက်ရောင်ဝတ်ဆင်ထားသော လူ၏ ဓားကိုင်သော လက်သည် အကြောများ ထောင်ထလာလေသည်။

သူ၏ မျက်လုံးအိမ်မှာလည်း ကျုံ့သွားသည်။

'ခင်ဗျားအ စီမဒီးချေးစွေမှ မဟုတ်ပဲ'

ထိုအခိုက်အချိန်တွင် သူ၏ ဓားသည် စတင်လှုပ်ရှားလိုက်ပြီး ဖြစ်သည်။

ဓားရောင် ဖွေးဆက်သွားသည်။

ဓား၏ အရှေ့အသက်သည် ကြက်သီးထစရာ ကောင်းပေသည်။

ထိုတ်လန့်ဖွယ်ရာ လျှင်မြန်ခြင်းဖြင့် လုရှောင်ဖုန်းထံသို့ ထိုးသွင်းလာလေသည်။

ထိုကဲ့သို့ လျှပ်စီးပမာ လျှင်မြန်ပြီး မိုးကြိုးကဲ့သို့ မာန်ဟုန်ပြင်းထန်သော တိုက်ခိုက်မှုကို မည်သို့မျှ ခံနိုင်မည်မဟုတ်ပါ။

လုရှောင်ဖုန်း...

သူသည် ငြိမ်သက်စွာ လဲလျောင်းနေသေး၏။ သူသည် ဂွမ်းအပ်စောင်ထဲမှ လက်တစ်ဖက်ကို ဆန့်ထုတ်လိုက်သည်။

လက်ညှိုးနှစ်ချောင်းဖြင့် ဓားကို ညှပ်ထားလိုက်သည်။



အလွန်အလွန် အံ့သြဖွယ်ရာကောင်း လက်ညှိုးနှစ်ချောင်း ဖြစ်ပေသည်။

ဓားရောင် ရုတ်တရက် ပျောက်ကွယ်သွားသည်။

ထိုတခဏအချိန်တွင် ခေါင်မိုးပေါ်မှ အုပ်ကြွပ်ပြားတစ်ချပ်ကို တစ်စုံတစ်ယောက်က အသာအယာ ဖယ်ထားလိုက်သည်။

လူတစ်ယောက်သည် မြွေတစ်ကောင်ပမာ အောက်သို့ ဇောက်ထိုးမိုးမျှော် ခုန်ဆင်းလာသည်။

ထိုလူ လက်နှစ်ဖက် ဝေ့ယမ်းလိုက်ရာ အဇင်းရောင်တန်းသုံးခုသည် မိုးသီးမိုးပေါက်ပမာ လုရှောင်ဖုန်းထံ ပစ်လွှင့်လာလေသည်။

ဤတိုက်ခိုက်မှုသည် မမျှော်လင့်သော တိုက်ခိုက်မှုဖြစ်သည်။ ခုခံ၍မရနိုင်လောက်အောင် တိုက်ခိုက်မှု ဖြစ်ပေသည်။

'ချွမ်း....ချွမ်း....ချွမ်း....'

သက်နက်ပုန်း သုံးမျိုးသည် လုရှောင်ဖုန်း ချထားသော ဂွမ်းအပ်စောင်ပေါ်သို့ ထိမှန်သွားသည်။

သို့သော် ဂွမ်းအပ်စောင်ကို ထိရုံမျှသာ ထိသွားသည်။ အမှန်တော့ လက်နက်ပုန်း၏ အင်အားမှာ ပျဉ်ပြားကိုပင် ထိုးဖောက်ဝင်ရောက်နိုင်စွမ်း ရှိ၏။

ယခုမူ ဂွမ်းကပ်စေခင်ကိုပင် ထိုးဖောက်နိုင်စွမ်း မရှိခဲ့ပြီ။

ထိုလက်နက်ပုန်းများသည် ဂွမ်းကပ်စေခင်ကိုထိပြီး မြေပေါ် လွင့်စဉ်ကျသွားလေတော့သည်။

အနက်ရောင်ဝတ်ဆင်ထားသူသည် သူ၏ခေါင်းကို ငုံ့ကြည့်မိလေသည်။

ခေါင်မိုးပေါ်မှ ဆင်းလာသူကလည်း သက်ပြင်းချနေ၏။

'လုရှောင်ဖုန်းရဲ့ လက်ညှိုးတစ်ချောင်း သိုင်းဟာ နာမည်ကြီးတယ်၊ ခုလောက် ခုတ္တမြင်ရမှ ကြားထားတာထက် ပိုပြီး အစွမ်းထက်နေပါလား'

လုရှောင်ဖုန်း ရယ်မောလိုက်သည်။

'လူတစ်ယောက်ဟာ အသက် အန္တရာယ် ကြုံတဲ့အခါ စွမ်းအား ဘယ်လို ထွက်လာတယ်ဆိုတာ မသိနိုင် လောက်အောင်ပါပဲဗျာ'

အနက်ရောင် ဝတ်ဆင်ထားသူက....

'ဒါဟာ ခွန်အား မဟုတ်ဘူး အရှင်းအား'

ကုတုံစန်းက ရယ်မောနေ၏။

'အခုတော့ ငြိမ်းချောက်လို့ လဲ ပြီးပြီ၊ ငွေနဲ့လဲပေါက်ပြီးပြီ၊ နှစ်ခုစလုံး မအောင်မြင်တော့ ကျုပ် ဘာကို ဆက်လုပ်ရမှာလဲ'



လုရှောင်ဖုန်းက....

'ခင်ဗျား ဘာကြောင့် ပြန်မသွားတာလဲ'

ဟု စကားကို ကုတုံစန်း ကြားလိုက်ပါ။

'ဇာအားပုံ တစ်ခု ရှိပါတယ်၊ အာဇာနည်ရဲ့တောင်းတွေဟာ မိန်းမလှလေးတွေကို ကျော်လွှားလို့ 'မရဘူးတဲ့'

ပြောပြောဆိုဆို....

'အလှမယ် ဘယ်မှာလဲ'

ဟု အော်လိုက်သည်။

အလှမယ်သည် အခန်း အပြင်ဘက်၌ ရှိနေလေသည်။

—၀—

ခလေး ယမ်း တိုက်ခတ်လာသည်။

မွှေးရနံ့ များ လွင့်ပျံ့လာ၏၊

ဆံပင်ဖြူ အဘိုးအိုသည် မီးစာကို အနည်းငယ် တင်လိုက်သည်နှင့် မီးရောင် ပို၍ အားကောင်းလာသည်။

စက်ကောင်းစားလှ ဝတ်ဆင်ထားသည့် အသက် လေးဆယ် ခန့်ရှိ အမျိုးသမီး တစ်ယောက်သည် ခရမ်းရောင် မိန်းကလေး တစ်ယောက်အား ခေါ်ဆောင်၍ အခန်းတွင်းသို့ ဝင်ရောက် လာသည်။

ထိုအမျိုးသမီး၏ အသားအရည် ဖြူဖွေးသည်။

ကိုယ်သည် ကိုယ်နေပါက် ကျော့ရှင်းသည်။ ဆံကေသာများ နှင်မွှောင်၍ နေ၏။ မည်သူမဆို ထိုအမျိုးသမီး ငယ်စဉ်က ချော မောလှပလွန်းသူ ဖြစ်ရမည်ဟု ခန့်မှန်းမိကြမည် ဖြစ်သည်။

သူမသည် အသက်လေးဆယ်ခန့် ရှိပြီ ဖြစ်သော်လည်း ယောကျ်ားများ ရင်ခုန်လောက်သော ဆွဲဆောင်မှု ရှိသေး၏။

အချို့ဆိုလျှင် ထိုကဲ့သို့ အမျိုးသမီးများကို နုနယ်သော မိန်းကလေးများထက် ပို၍ စိတ်ဝင်စားတတ်သည်။

သူမ၏ နောက်တွင် ရပ်နေသည့် မိန်းကလေးမှာ ယောကျ်ားများ ဆွဲဆောင်နိုင်သော စွမ်းအား လုံးဝ မရှိသည်ကို တွေ့ရ၏။



သူမသည် တိဘ်ဆိတ်စွာ ရပ်နေပြီး ခေါင်းငုံ့၍ လုရှောင် ဖုန်းအား ငေးကြည့်နေ၏၊

အဘယ်ကြောင့်နှင့်မသိ လုရှောင်ဖုန်း၏ မျက်လုံးအစုံသည် သူမနှင့် မျက်လုံးချင်း ဆုံမိသောအခါ သူ၏ တစ်ကိုယ်လုံး ထူးဆန်းစွာ ပြောင်းလဲနေသည်ဟု ခံစားရလေသည်။

ကုတုံစန်းက ကုလားထိုင်ပေါ်တွင် အေးဆေးစွာထိုင်နေ၏။ လုရှောင်ဖုန်း၏ မျက်နှာပေါ်၌ ဖြစ်ပေါ်လာသည့် အမူအရာကို သဘောကျစွာ ကြည့်နေသည်၊

'သူ့နာမည်က ချီချီ၊ နာမည်နဲ့လိုက်အောင် ချိုပါ တယ်လေ'

လုရှောင်ဖုန်းက ဝန်ခံရတော့သည်။

ကုတုံစန်းက ဆက်ပြောသည်။

'မင်း သူ့ကို သဘောကျအယ် မဟုတ်လား'

လုရှောင်ဖုန်း မငြင်းနိုင်ပါ။

ကုတုံစန်း လေပူ တစ်ချက် မှုတ်ထုတ်လိုက်သည်။

'ဒါဖြင့် ခင်ဗျား အချိန်မရွေး ပြန်သွားတဲ့အခါ သူ့ကို ခေါ်သွားနိုင်ပါတယ်ဗျာ'

လုရှောင်ဖုန်းက....

'ဒါဖြင့် သူ့ကို ဒီနေရာမှာ စောင့်ခိုင်းပါ'

ကုတုံစန်းက....

'ခင်ဗျား ဘယ်တော့ ပြန်မှာလဲ'

လုရှောင်ဖုန်းက....

'ကျောက်စိမ်းဆွဲပြားကို ရှာလို့ တွေ့တာနဲ့ ချက်ချင်း ပြန်သွားမှာပါဗျာ'

ကုတုံစန်း မျက်နှာ ပျက်သွားလေသည်။

'ခင်ဗျား ဘယ်လိုလုပ် ပေးမှ ဆက်ခံမှာလဲ၊ ဘာကို လိုချင်လို့လဲ'

လုရှောင်ဖုန်းက....

'အစကတော့ ကျုပ်က ဘာမှမလိုချင်ဘူး ခုတော့လိုချင်စရာ တစ်ခု တွေးမိတယ်ဗျ'

ကုတုံစန်းက....

'ခင်ဗျား ဘာကို လိုချင်တာလဲ'

လုရှောင်ဖုန်းက....

'ကြယ်တံခွန် စောရရဲ့ နှာခေါင်းပါ'

ကုတုံစန်း အံ့ဩသွားသည်။



'ရှေ့မလိုချင်ဘူး၊ အလျှော်မယ်လဲ မလိုချင်ရင် ဘာကြောင့် ကြယ်တံခွန် စောရရဲ့ နှာခေါင်းကိုမှ လိုချင်ရတာလဲ'

'ဟား...ဟား...ဟား'

ကုတုံစန်း၏ ရယ်မောသံ ပြောင်းလဲသွားပြီ ဖြစ်သည်။

သူက ခါးထောက်ပြီး ခေါင်းမော့၍ အတန်ကြာ ရယ်မောပြီးမှ....

'မင်း မဆိုးဘူး၊ ငါ့ကို ဘယ်လိုလုပ် မှတ်မိလိုက်တာလဲ'

ထိုစကားကြောင့် ကုတုံစန်း ဆိုသူမှာ ကြယ်တံခွန် စောရ ဖြစ်သည်ကို ဝန်ခံရာရောက်ပေသည်။

လုရှောင်ဖုန်း ပြုံး၍....

'မင်းရဲ့ သူခိုးနံ့ကို ငါ ရှူရှိုက်မိလို့ပေါ့'

ကြယ်တံခွန် စောရက....

'ငါ့မှာ သူခိုးအနံ့ ရှိလို့လား'

'သူခိုးကြီးဖြစ်ဖြစ် သူခိုးလေးဖြစ်ဖြစ် အနံ့တော့ ရှိတာပဲကွ၊ မင်းက သူခိုးဘုရင်ဆိုတော့ အနံ့ ပိုပြင်းတာပေါ့'

ကြယ်တံခွန်စောရက....

'အကြောင်း ပြောစမ်းပါ၊ ငါ့ကို ဘယ်လိုလုပ် မှတ်မိတာလဲ'

'ငါ့အရက် ဘယ်လောက်ပဲမူးမူး မင်းကလွဲလို့ ဘယ်သူမှ ငါ့အိမ်ထဲဝင်ပြီး အဝတ်အစား ခိုးလို့ ရမှာ မဟုတ်တာ'

သူ၏ အင်္ကျီမှာ သူ့အနားတွင် မရှိတော့ပါ။

ကြယ်တံခွန်စောရ ရယ်မောလိုက်သည်။

'ဟဲ... ဟဲ... မင်းရဲ့ အင်္ကျီကို ငါခိုးလိုက်မှ မင်းဟာ ဂွမ်းစောင်ထဲက ထွက်ဝံ့တော့မှာပေါ့'

လုရှောင်ဖုန်းဟာ....

'ထားပါတော့လေ၊ မင်းဟာ ငါ့ရဲ့ဦးနှောက်ကို ခိုးလိမ့်မယ်လို့ ငါ မထင်ပါဘူး'

ကြယ်တံခွန်စောရဟာ....

'မင်းရဲ့ ဦးနှောက်ဟာ ကြီးလွန်းပါတယ်၊ ငါ့ကိုယ်ပေါ်မှာ ထားလဲ လေးတယ်၊ အိမ်မှာထားလို့လဲ မဖြစ်ဘူး'

လုရှောင်ဖုန်းက....

'မပြောစမ်းပါနဲ့၊ မင်းဟာ ဘာလိုချင်တာလဲ'

ကြယ်တံခွန်စောရဟာ....

'မင်းကို ကြည့်ချင်လို့ပေါ့'

'ခုထိ ကြည့်လို့ မဝသေးဘူးလား'



ကြယ်တံခွန်စောရက....

'ငါဟာ မင်းကို တကယ်ကြည့်ချင်တယ်ထင်ရင် မှားသွားမှာပေါ့၊ မင်းကိုကြည့်တာနဲ့ ငါ အန်ချင်တယ်'

လုရှောင်ဖုန်းဟာ....

'ဒါဖြင့် ဘယ်သူက ကြည့်ချင်တာလဲ'

ကြယ်တံခွန်စောရဟာ....

'ကုတုံစန်း'

'တကယ့် ကုတုံစန်းလား'

ကြယ်တံခွန်စောရ ခေါင်းညိတ်လိုက်သည်။

'သူက မျက်ခုံးမွှေးလေးခုရှိတဲ့ သတ္တဝါကို ကြည့်ချင်ပါတယ်လို့ ပြောတယ်လေ'

'သူကိုယ်တိုင် ဘာဖြစ်လို့ မလာတာလဲ'

'သူ ရောက်နေပါပြီ'

လုရှောင်ဖုန်းက....

'ဘယ်မှာလဲ'

'အိမ်ထဲမှာပေါ့'

ကြယ်တံခွန်စောရဟာ ပြုံး၍....

'အိမ်ခန်းထဲမှာပဲ သူရှိတယ်၊ ခင်းက သူ ဘယ်သူလဲဆိုတာ ပြောနိုင်ပါ့မလား'

—ဝ....

အိမ်ထဲ၌ လူကိုးယောက်ရှိသည်။

ကြယ်တံခွန်စောရနှင့် လုရှောင်ဖုန်းတို့မှအပ ခေါးလွယ်ထားသည့် အနက်ရောင်ဝတ်ဆင်ထားသူ၊ လက်နက်ပုန်းဖြင့် ပစ်ခတ်ခဲ့သူ၊ ဆံပင်ဖြူအဘိုးအို၊ ခရမ်းရောင် မိန်းကလေး၊ အသက်လေးဆယ်ခန့်ရှိ အမျိုးသမီး သေတ္တာထမ်းလာသူ နှစ်ယောက်။

လူခုနစ်ယောက်အတွင်း မည်သူက ကုတ္တံ့စန်းအစစ် ဖြစ်ပါသနည်း။

လုရှောင်ဖုန်းက အနက်ရောင် ဝတ်ဆင်ထားသူကို ခြေဆုံးခေါင်းဆုံး အကဲခတ် ကြည့်လိုက်သည်။

'ခင်ဗျားဟာ မျက်နှာကို ဖုံးကွယ်ထားလို့ ကုတ္တံ့စန်း ဖြစ်နိုင်မလား'



ဟု ပြောလိုက်သည်။

အနက်ရောင် ဝတ်ဆင်ထားသူ ဘာမျှမပြောပါ။ လုရှောင်ဖုန်း ခေါင်းယမ်းလိုက်သည်။

'မဖြစ်နိုင်ဘူး'

ထိုလူက....

'ဘာဖြစ်လို့လဲ'

လုရှောင်ဖုန်းက....

'ခင်ဗျား ခေါးပညာ မဆိုးဘူး၊ ဒါပေမယ့် မှာန် နည်းနည်း လိုနေတယ်'

ထိုလူက....

ကုတ္တံ့စန်းမှာ မာန်ရှိတယ်လို့ ခင်ဗျား ဘယ်လိုလုပ် ပြောနိုင်သလဲ'

'သူဟာ မာန်မရှိရင် ခေါင်းဆောင် ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ'

ထိုလူ ပါးစပ်ပိတ်ထားလိုက်တော့သည်။

လုရှောင်ဖုန်း လက်နက်ပုန်းဖြင့် ပစ်ခတ်ခဲ့သူကို လှမ်းကြည့်လိုက်၏။

ကြယ်တံခွန်စောချကာ....

'သူလား'

လုရှောင်ဖုန်း ခေါင်းယမ်းလိုက်သည်။

'မဖြစ်နိုင်ဘူး၊ ကုတ္တုစန်းက မျောက်တစ်ကောင်လို ခုန်ပေါက်နေမယ့်လူ မဟုတ်ဘူး'

လက်နက်ပုန်းဖြင့် ပစ်ခတ်ခဲ့သူ၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

နောက်သို့ ခြေတစ်လှမ်း ဆုတ်သွားလေသည်။ ကြယ်တံခွန် ငြိမ်နေလိုက်၏။

အခန်းတွင်းဝယ် လူကိုးယောက်ရှိသည့်အနက် လုရှောင်ဖုန်းနှင့် ကြယ်တံခွန်စောရတို့နှစ်ယောက်ကို ဖယ်လိုက်လျှင် ခုနစ်ယောက် ကျန်ပေသည်။

ထိုလူခုနစ်ယောက်တွင် ဓားဖြင့်တိုက်ခိုက်ခဲ့သူနှစ်ဦး လက်နက်ပုန်းဖြင့် ပစ်ခတ်ခဲ့သူတို့မှာ ကုတုစန်း မဖြစ်နိုင်တော့ပါ။

သူတို့နှစ်ယောက်ကို ဖယ်လိုက်လျှင် ငါးယောက်သာ ကျန်တော့သည်။ လုရှောင်ဖုန်းက သေတ္တာထမ်းလာသူနှစ်ယောက်ကို ကြည့်လိုက်ပြီး....



'သူတို့နှစ်ယောက်လဲ မဖြစ်နိုင်ဘူး'

ဟု ပြောလိုက်လေသည်။

ကြယ်တံခွန်စောရက...

'ဘာကြောင့်လဲ'

'ကုတုစန်းက ရုပ်ဖျက်ထားတယ်ဆိုရင်တောင် သေးနုတဲ့ အထမ်းသမားအဖြစ်တော့ ရုပ်ဖျက်မှာ မဟုတ်ဘူးဗျ'

ကြယ်တံခွန်စောရ ပါးစပ်ပိတ်ထားလိုက်၏။

ယခု ကုတုစန်းဖြစ်နိုင်သူသုံးယောက်သာလျှင် အခန်းတွင်း၌ ကျန်ရစ်ခဲ့ပြီ ဖြစ်လေသည်။

ထိုလူသုံးယောက်မှာ ခရမ်းရောင် ဝတ်ဆင်ထားသည့် မိန်းကလေး၊ အသက်ကြီးအယ်ခန့်ရှိ အမျိုးသမီးနှင့် ဆံပင်များ ဖြူဖွေးနေသည့် အဘိုးအိုတို့ပင် ဖြစ်ကြလေသည်။

လုရှောင်ဖုန်းက ဆံပင်ဖြူအဘိုးအိုကို လှမ်းကြည့်လိုက်၏။ ဆံပင်ဖြူအဘိုး အိုသည် မီးအိမ်မှ မီးစာကို လက်သည်းဖြင့် ကော်ဆာမြင့်တင်ရန် ကြိုးစားနေ၏။

မီးစာအဆုံးတင်ပြီးပြီဖြစ်၍ နောက်ထပ် ကော်တင်၍ ရတော့မည် မဟုတ်ပါ။

လုရှောင်ဖုန်း ပြုံးလိုက်သည်။

သူ၏ အရိပ်အခြည်ကို ကြည့်နေသည့် ကြယ်တံခွန်စောရအား...

'သူလား'

ဟု မေးလေသည်။

လုရှောင်ဖုန်းက...

'တချို့လူတွေဟာ မီးစာကို ဖော်တင်ဖို့ လက်သည်းရှည် ထားကြလေ့ရှိတယ်၊ ကုတုံစန်းဟာ ခေါင်းဆောင်တစ်ယောက်လဲ ဖြစ်တယ်၊ သူဌေးတစ်ယောက်လဲ ဖြစ်တယ်၊ သူဟာ မီးစာတင်ဖို့ လက်သည်းရှည်ထားရမယ့်လူ မဟုတ်ပါဘူးဗျာ၊ သူ့တပည့် တစ်ယောက်ယောက်ကို လက်သည်းရှည် ထားခိုင်းလိုက်ရင် ပြီးတာပဲ မဟုတ်လား'

ကြယ်တံခွန် စောရ ဘာမှ မပြောချေ။ ဆံပင်ဖြူအဘိုးအိုက လုရှောင်ဖုန်းအား အေးစက်မာကျောစွာ ကြည့်လိုက်သည်။

လုရှောင်ဖုန်းက...

'လက်သည်းရှည်ဆိုတာ မီးစာတင်ဖို့တင် မဟုတ်ပဲ အစား အစာထဲမှာ အဆိပ်ခပ် ထားသလား သိနိုင်အောင် လျှို့ဝှက် စမ်းသပ်ရာမှာလဲ အသုံးဝင်တာပါပဲဗျာ၊ ကုတုံစန်းကတော့ သူကိုယ်တိုင် စမ်းမယ့်အစား သူစားခါနီးမှာ သူ့တပည့် တစ်ယောက်ကို စမ်းခိုင်းလိုက်လို့ ဖြစ်တာပဲ'



'ဒါဖြင့် သူလဲ ကုတုံစန်း မဟုတ်ဘူးပေါ့'

ကြယ်တံခွန်စောရ မေးသည်။

လုရှောင်ဖုန်း ခေါင်းညိတ်လိုက်သည်။

'သေချာပါတယ်ဗျာ'

'ဒါဆိုရင်'

လုရှောင်ဖုန်းနှင့် ကြယ်တံခွန်စောရတို့ အသက် လေးဆယ်ခန့် အမျိုးသမီးနှင့် ခရမ်းရောင် ဝတ်ဆင်ထားသည့်မိန်းကလေးတို့အား လှမ်းကြည့်လိုက်ကြလေသည်။

ကုတုံစန်း ဖြစ်နိုင်သူမှာ သူတို့နှစ်ယောက်ထဲသာ ကျန်တော့သည်မဟုတ်ပါလား...

လုရှောင်ဖုန်းက ခရမ်းရောင် မိန်းကလေးကို ကြည့်လိုက်သည်။

သူ၏ မျက်နှာ တည်တည့်ကြည်ကြည် ဖြစ်လာသည်။

'ဒီမိန်းကလေး ကုတုံစန်းဖြစ်နိုင်တဲ့ အလားအလာ ရှိတယ်'

ဟု ပြောလိုက်၏။

ကြယ်တံခွန်စောရက...

'သူက ကုတုံစန်းလို့ ခင်ဗျား ပြောတာပေါ့'

'မဟုတ်ဘူး'

'ဘာဖြစ်လို့လဲ'

'သူနဲ့ မျက်လုံးချင်း ဆုံမိရင် ဘယ်သူမဆို သူခိုင်းတာကို လုပ်ပေးချင်စိတ် ပေါက်လာအောင် စေစားနိုင်စွမ်း ရှိပေမယ့် သူ့ရဲ့ သမီးပဲ ဖြစ်လိမ့်မယ်'

ယခု....

ကုတုံ့စန်း ဖြစ်နိုင်သူဟု ဆို၍ အသက်လေးဆယ်ခန့်ရှိအမျိုးသမီး တစ်ယောက်သာလျှင် ကျန်ပေတော့သည်။

ကြယ်တံခွန်စာရ ငြိမ်နေ၏။

လုရှောင်ဖုန်းက....

'ကုတုံ့စန်းဟာ ပင်လယ်ပြင်မှာလွှမ်းမိုးထားနိုင်သူပါပဲဗျာ၊ ပင်လယ်ဓားပြထဲက်ထင်တယ်ဆိုတဲ့လူတွေထက် အဆပေါင်းများစွာ လွှမ်းဘမ်း မာကျောတဲ့ လူစားမျိုးပဲ'

သဘာဝ အနေအထားအရ ပင်လယ်ပြင်တွင် ကျင်လည် ကျက်စားသူသည် ခက်ခဲကြမ်းတမ်းမှုများနှင့် တပ်သားတည်း ကျနေသူ ဖြစ်ရပေလိမ့်မည်။

ချောမောလှပသည့် အမျိုးသမီးတစ်ယောက်သည် ပင်လယ် ပြင်မှ လူကြမ်းများ၏ ခေါင်းဆောင်ဖြစ်နိုင်ပါမည်လော....



အသက်လေးဆယ်ခန့် အမျိုးသမီးသည် ကုတုံ့စန်းမဟုတ်ဟု ဆိုလျှင် အခန်းတွင်း၌ ရှိသူအားလုံး ကုန်သွားသော်လည်းကုတုံ့ စန်းကို ဖော်ထုတ်ခြင်း မပြုနိုင်ဟု ဆိုရပေတော့မည်။

ကြယ်တံခွန်စာရက....

'ကုတုံ့စန်းဟာ ယောကျ်ားဗျ၊ အမျိုးသမီး တစ်ယောက် မဟုတ်ဘူး'

ဟု ပြောလေသည်။

လုရှောင်ဖုန်း ရယ်မောလိုက်သည်။

'ခင်ဗျား မေ့နေပြီ'

'ခင်ဗျား ဘာကို ဆိုလိုတာလဲ'

'သိုင်းလောကမှာရုပ်ဖျက်ပညာဟာအံ့မခန်းယောက်အောင် တိုးတက်နေတယ် ဆိုတာကိုပေါ့၊ မိန်းမက ယောကျ်ားအဖြစ် ရုပ်ဖျက်နိုင်တယ်၊ ယောကျ်ားကလည်း မိန်းမတစ်ယောက်အသွင် ရုပ်ဖျက်နိုင်တာပဲ၊ လူကြီး ကလေး ကလေးလူကြီး မိန်းမလေးက အဘိုးအို ကြိုက်သလို ရုပ်ဖျက်နိုင်ကြတယ်ဆိုတာပေါ့ဗျာ'

ကြယ်တံခွန်စာရ သက်ပြင်း ချလိုက်လေသည်။

လုရှောင်ဖုန်းက....

'ကုတုံ့စန်းနဲ့ ပတ်သက်ပြီး သိုင်းလောကသားတွေ ပြောကြ ဘူးတဲ့ စကားကို ကျုပ် မှတ်မိထားတယ်ဗျ'

'ဘာများလဲဗျ'

'ကုတ္တ' စန်းကို သံမဏိ မျက်နှာနဂါးမင်းလို့ ခေါ်ကြတာလေ'

ကြယ်တံခွန်စောရ ပါးစပ် ပိတ်ထားလိုက်သည်။

လုရှောင်ဖုန်းက ဆက်ပြောလိုက်၏။

'ကုတ္တ' စန်းဟာ ပင်လယ်တွင်းမှာ ရင်ဆိုင်တိုက်ပွဲ ဆင်နွှဲတဲ့အခါ အင်မတန် ကြမ်းတမ်းတဲ့ ရုပ်သွင်မျက်နှာဖုံးတစ်ခု စွပ်ထားလေ့ ရှိတာကြောင့် ဒီလို ခေါ်ကြတာပဲဗျ'

သူက အသက်လေးဆယ်ခန့်ရှိ အမျိုးသမီးကို လှမ်းကြည့်လိုက်သည်။

ထိုအမျိုးသမီးကလည်း သူ့အား မျက်တောင်မခတ် စိုက်ကြည့်နေသည်ကို တွေ့မြင်ရလေသည်။

လုရှောင်ဖုန်းက....

'အမျိုးသမီး တစ်ယောက်လိုရုပ်ရည်ချောမောတဲ့ယောကျ်ား တစ်ယောက်ဟာ ကြမ်းတမ်းတဲ့ မျက်နှာဖုံး စွပ်ထားလိုက်မယ်ဆိုရင် တကယ့် လူကြမ်းကြီးတစ်ယောက် ဖြစ်မသွားနိုင်ဘူးလား'

အခန်းတွင်းဝယ် တိတ်ဆိတ်ငြိမ်သက်မှု လွှမ်းမိုးသွားသည်။

လုရှောင်ဖုန်းက ဘာမှ တပ်မပြောတော့ပါ။



အသက်လေးဆယ်ခန့် အမျိုးသမီးကို ကြည့်နေ၏။

ကြယ်တံခွန်စောရ လည်း ဘာမှ မပြောပါ။ သူမက လုရှောင်ဖုန်းအား မျက်တောင်မခတ် စိုက်ကြည့်နေသည်။

သူ၏ အကြည့်တွင် အဓိပ္ပာယ် အတော်များများ ရောပြွန်းပါဝင်နေပေသည်။

ဆံပင်ဖြူ အဘိုးအိုက ဘယ်သူ့ကိုမှ မကြည့်ပဲ မီးအိမ်ကို ငေးကြည့်နေ၏။

မီးအိမ်မှ မီးစာကို ထပ်မံ မြှင့်တင်လိုပုံ ရလေသည်။

လက်နက်ပုန်းဖြန့် ပင်ဝေ ခဲ့ရုံးနှင့် ဓားကိုင် တိုက်ခိုက်ခဲ့သူတို့မှာ ခေါင်းငုံ့ကာ ကြမ်းပြင်ပေါ် စိုက်ကြည့်နေကြ၏။

အထမ်းသမား နှစ်ယောက်မှာ တုသိဘာသာရှိနေကြသည်။

ခရမ်းရောင် မိန်းကလေးသည် နှုတ်ခမ်းကို သွားဖြင့် ကိုက်ထား၏။

သူမ စိတ်လှုပ်ရှား နေပုံ ရသည်။

လူကိုးယောက် တိတိ ရှိသော်လည်း စကားသံကိုလုံးဝမကြားရပဲ တိတ်ဆိတ်ငြိမ်သက်ခြင်း ဝင်းမှုနေ၏။

ရုတ်တရက် ထက်မြက်ချွဲသံသဲ့သဲ့ ထွက်ပေါ်လာလေသည်။

အသက်ဈေးဆယ်ခန့်ရှိ အမျိုးသမီးထံမှ ဖြစ်သည်။

တစ်ဆက်တည်းပင် သူမထံမှ စကားသံ ထွက်ပေါ်လာသည်။

'လူရှောင်ဖုန်းဟာ ဆက်ယှ် လူခေတာ် တစ်ယောက်ပါပဲ'

ထိုစကားသံသည်ယောကျ်ားတစ်ယောက်၏စကားသံဖြစ်နေပေတော့သည်။

....၀....

လူရှောင်ဖုန်း....

လူရှောင်ဖုန်းသည် တအယ့်လူတော် တစ်ယောက် ဖြစ်သည်ဆိုအံ့ ...

သူအ ကျောက်စိမ်းဆွဲပြားအစး ရှာဖွေ တွေ့ရှိ နိုင်ပါမည်လော....



ကျားနက်ဂိုဏ်း၏ လှုပ်ရှားမှုသည် မည်သို့ရှိမည်နည်း။

မှော်ဂိုဏ်းချုပ်၏ သားအား လုပ်ကြံ သတ်ဖြတ် သွားသူမှာ မည်သူပါသနည်း။

ဒုတိယ ဇာတ်သိမ်းပိုင်းအား ဆက်လက် ဖတ်ရှုကြပါကုန်....

လူရှောင်ဖုန်းအ....

'ချီးကျူးအာ ကျေးဇူးတင်ပါတယ်'

ထိုလူက ဝန်ခံလိုက်သည်။

'ဟုတ်တယ်၊ ကျုပ်အ ကုတုံစန်းပါပဲ'

လူရှောင်ဖုန်းက—

'တစ်ချိန်တုန်းက သံမျက်နှာဖုံး နဂါးမင်းလို့ ခေါ်တယ်၊ အခုတော့ ကျန်းနန်က သူတော်ကောင်းလို့ ခေါ်ကြပါတယ်'

သူအ ယင်းသို့ ပြောပြသောအခါ သူမ၏ဆွဲဆောင်မှုအပြည့်ရှိသော မိန်းမျက်နှာသည် ရုတ်တရက် ခက်ထန်ပြီး အေးစိမ့်လာလေသည်။

သူက သံမျက်နှာနဂါးမင်းဟု ပြောလိုက်သောအခါ သူ၏မျက်ဝန်းအစုံတွင် ထက်မြက်သော ဓားတစ်လက်၏ စူးရှသောအရောင်များ တဖိတ်ဖိတ် တောက်ပလာသည်။

သူ၏စကားဆုံးသွားသည်နှင့် သူ၏ အသွင် လုံးဝပြောင်းလဲသွားလေသည်။

သူ၏ ဝိတ်စေးဆင်ယင်မှုများ လုံးဝ ပြောင်းလဲခြင်း မရှိသော်လည်း သူ၏ ဟန်မူရာမှာ လုံးဝ ပြောင်းလဲ သွားသည်။

သူ၏ တစ်ကိုယ်လုံးသည် ဓားအိမ်ထဲမှ ဆွဲထုတ် လိုက်သော ဓားတစ်လက်ပမာ လုရှောင်ဖုန်းအပေ် သူ၏ ထက်မြက်သော အငွေ့အသက်များကို ခံစားမိလေသည်။

သူ၏ အသက်ကို ပူရှက်ဆိတ်ပမာ ထက်မြတ်ခဲ့သော သိုင်းရာဇာ တစ်ယောက်သည် သူ၏ ခန္ဓာကိုယ်မှာ လူသတ်သော အငွေ့အသက်က ဖျောက်ဖျက်၍ မရပါ။

သူသည် လုရှောင်ဖုန်းအား စိုက်ကြည့်လိုက်သည်။

'ငါ့ကို ဘယ်လိုလုပ် သိလိုက်သလဲဆိုတာ ငါ စဉ်းစားလို့ မရဘူး'

လုရှောင်ဖုန်းက—

'သူ့ကြောင့်'

သူက မိန်းကလေး ချို့ချိုအား ကြည့်လိုက်သည်။

သူ၏ အကြည့်သည် သူမ၏ အလှကို ချီးကျူး ဂုဏ်ယူသော အကြည့် ဖြစ်သည်။

ကုတုံ့စန်း၏ အကြည့်မှာ သံသယဖြစ်ခြင်း၊ ဒေါသထွက်ခြင်းတို့ ပါဝင်နေ၏။



'သူ့ကြောင့် ဟုတ်သား၊ သူက ခင်ဗျားကိုအရိပ်ပြလိုက်လို့လား'

ကုတုံ့စန်း၏ ဟန်မူရာကို တွေ့မြင်လိုက်သောအခါ လုရှောင်ဖုန်းက သဘောကျစွာပြုံး၍ ပြုံးမိလိုက်လေသည်။

'ခင်ဗျားက ဒီလို စဉ်းစားမယ် ဆိုရင်လဲ ရပါတယ်၊ သူက ဒီမှာသာ ရှိရင် ခင်ဗျားကို ကျူပ်က ဖော်ထုတ်နိုင်မှာမဟုတ်ဘူး'

ချိုချို၏ ပခုံးပေါ်၌ အသာအယာ ဆုပ်ထားသော လက်က တင်းကြပ်စွာ ဆုပ်လိုက်သည်။

ချိုချို၏ မျက်နှာပေါ်တွင် နာကြင်သော ဝေဒနာ ခံစားလိုက်ရသော ဟန်မူရာများ ပေါ်လွင်လာသည်။

လုရှောင်ဖုန်းက သက်ပြင်း ချလိုက်သည်။

ယခုမှ သူသည် ကုတုံ့စန်းနှင့် ချိုချိုတို့ မည်ကဲ့သို့ ပတ်သက်သည်ကို ခိုင်မြဲစွာ နားလည် လိုက်ရသည်။

သူမ နာကြင်သော ဝေဒနာ ခံစားနေရသည်ကို ကြည့်ချက်ပါ။

သူက ပြုံးရှင်းလိုက်သည်။

'သူလိုလှတဲ့ မိန်းကလေး တစ်ယောက်က ဘယ်ကိုပဲ ရောက်ရောက် ယောကျ်ားများက သူ့ကို ကြည့်ကြမှာပဲ'

ကုတုံစန်း၏ နှာခေါင်းမှ အသံ ထွက်လာသည်။

'ဟင်'

လုရှောင်ဖုန်းက....

'ဒီအခန်းထဲမှာ ရှိနေတဲ့ယောကျ်ားအားလုံးက သူ့ကိုမကြည့်ကြဘူး၊ တိတ်တခိုးတောင် မကြည့်ကြပါဘူး'

သူက စကား ဆက်လိုက်သည်။

'မိန်းကလေးဆိုတာ ယောကျ်ားများ ကြည့်တာကို သဘောကျကြပါတယ်၊ ယောကျ်ားတွေက သူ့ကိုကြည့်တာ သူ စိတ်ဆိုးမှာကို ကြောက်ကြလို့ မဟုတ်ဘူး၊ ခင်ဗျားကို ကြောက်လို့ ဒါကြောင့်....'

ကုတုံစန်းက....

'ဒါကြောင့် ဘာဖြစ်သလဲ'

လုရှောင်ဖုန်းက....

'ဒါကြောင့် ကိုယ့်ကိုကိုယ် ပြန်မေးကြည့်တယ်၊ ဒီမှာရှိနေတဲ့ ယောကျ်ားတွေဟာ ခေတ့်ပုဂ္ဂိုလ်တွေမှ မဟုတ်ပဲ၊ ဘာဖြစ်လို့ ခင်ဗျားကို ကြောက်နေကြရတာလဲ ဒါဆိုရင် ခင်ဗျားဟာ လူကို အများကြီး သတ်ခဲ့တဲ့ ကုတုံစန်း ဖြစ်ရမယ်လို့ ကျုပ်က စဉ်းစားလို့ ရတာပေါ့'



ကုတုံစန်းသည် လုရှောင်ဖုန်းအား အတန်ကြာ စိုက်ကြည့်ပြီးမှ—

'ဟား....ဟား....ဟား'

သူက အားရပါးရ ရယ်မောလိုက်သည်။

'ခင်ဗျား ရှင်းပြတာ သဘာဝ ကျတယ်ဗျ'

လုရှောင်ဖုန်းက....

'ခင်ဗျား ဒီကို လာခဲ့တာ ကျုပ်ပြောမယ့် စကားကို လာနားထောင်တာမှ မဟုတ်ပဲ၊ ကျုပ်ကို ဘယ်လိုလူစားလဲ ဆိုတာ သိချင်လို့ လာကြည့်တာ'

ကုတုံစန်းက....

'ဟုတ်တယ်'

လုရှောင်ဖုန်းက....

'အခု ခင်ဗျား တွေ့ရပြီ မဟုတ်လား'

ကုတုံစန်းက....

'ဟုတ်တယ်'

လုရှောင်ဖုန်းက....

'ကျုပ်က ဘယ်လို လူစားလဲ'

ကုတုံစန်းက....

'ဉာဏ်ရှိတဲ့ လူတစ်ယောက်ပါ'

လုရွှောင်ဖုန်းက ရယ်မောလိုက်သည်။

'ချီးကျူးတာ ကျေးဇူးတင်တယ်'

ကုတ္တုံစန်းက....

'ခင်ဗျားက ဉာဏ်ကောင်းတဲ့အပြင် စိတ်ဓာတ်လဲခိုင်မာတယ်၊ ဘယ်အရာမျိုးမဆို ခင်ဗျားရဲ့ သဘောကို ပြောင်းလဲဖို့ မလွယ်လှဘူး'

လုရွှောင်ဖုန်းက....

'မှန်ပါတယ်'

ကုတ္တုံစန်းက....

'ခင်ဗျား အလုပ်တစ်ခုလုပ်ဖို့ဆုံးဖြတ်ပြီးပြီဆိုရင် မအောင်မြင်ချင်း ရပ်မယ့်လူမျိုး မဟုတ်ဘူး'

လုရွှောင်ဖုန်းက....

'ခင်ဗျားပြောတာ အမှန်ပါပဲ'

ကုတ္တုံစန်းက....

'ခင်ဗျားက အလွန်တော်တဲ့ ထုံယိုချင်းကောင်းပါ၊ ဒါပေမယ့် အလွန်ကြောက်စရာကောင်းတဲ့ ပြိုင်ဘက်'

သူ၏ မျက်လုံးအစုံသည် ထက်မြက်သော ဓားငယ်နှစ်လက်ပမာ လုရွှောင်ဖုန်းအား စိုက်ကြည့်လိုက်သည်။



'ခက်တာက ခင်ဗျားဟာ ကျုပ်ရဲ့ မိတ်ဆွေမဟုတ်ဘူး၊ ဒါကြောင့် ခင်ဗျား သေမှ ဖြစ်မယ်'

လုရွှောင်ဖုန်းက....

'သေရမယ် ဟုတ်လား'

ကုတ္တုံစန်းက....

'ဟုတ်တယ်၊ မသေလို့ကို မရဘူး'

....၀....

၄၀

ညဉ့်ပိုနက်လာသည်။

လေ ပို၍ အေးလာသည်။

အနက်ရောင် ဝတ်ဆင်ထားသော လူသည် လှံတံတစ်လက်ပမာ ခါးမတ်၍ ရပ်နေ၏။

ဆံပင်ဖြူဖွေးသော အဘိုးအိုသည် တဗင်းငယ်တစ်လုံးကို ထုတ်၍ လက်သည်းများ တိုက်နေ၏။

မျောက်နဲ့တူသောလူသည် အိမ်ခန်း၏ထောင့်တစ်နေရာတွင် ရပ်နေ၏။

ဂူတုစန်းက....

'ခင်ဗျားရဲ့ ခန့်မှန်းချက် မမှားဘူး၊ သူတို့ သုံးယောက်စလုံး ခေတ်ရဲ့လူတွေ မဟုတ်ကြဘူး'

သူက စကားဆက်လိုက်သည်။

'ခင်ဗျားက လောက်အောင့်ရဲ့ ခေးကို ညှပ်ထားနိုင်ခဲ့တယ်၊ လောက်စန်းရဲ့ လက်နက်ပုန်းကို ရှောင်တိမ်း နိုင်ခဲ့ပေမယ့် တစ်ယောက်ယောက် ပါဝင်လာရင် အခြေအနေက တစ်မျိုးတစ်ဖုံ ဖြစ်သွားနိုင်တယ်'

လုရှောင်ဖုန်းက...

'လောက်တ ဆိုတာ....'

သူက အံ့ပင်ဖြူသော အဘိုးအိုအား ကြည့်လိုက်သည်။

'ခင်ဗျားလား'

အဘိုးအိုက မဲ့ပြုံးပြုံးလိုက်၏။

ရှည်လျားသော သူ၏လက်သည်းကို လိပ်လိုက်၍ လက်သည်းရှည်မှာ ပျောက်ပျောင်းလာသည်။

သူက လက်ခလယ်ကို ကွေးပြီး လိပ်နေသော လက်သည်းဖြင့် တောက်လိုက်လေသည်။



'ဖုတ်'

မြတင်းပေါက်ပေါ်မှ ကပ်ထားသော စက္ကူမှာ အပေါက်ကလေးတစ်ပေါက် ဖြစ်သွားလေသည်။

အဖယ်၍ လက်သည်းသည် သူ၏ခန္ဓာကိုယ်ပေါ် တောက်ထည့်လိုက်လျှင်....

—o—

လုရှောင်ဖုန်း မချီးကျူးဘဲ မနေနိုင်တော့ပါ။

'တော်တော် အစွမ်းထက်တဲ့ လက်တောက်ပညာပါလား။ ဝါးစန်းတောင်ရဲ့ ပညာက ထူးကိုထူးတယ်'

အဘိုးအိုက အေးတိအေးစက်ဖြင့်....

'မင်းရဲ့ ဗဟုသုတက မသေးပါလား'

လုရှောင်ဖုန်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

'ခုံဘု' ဂိုဏ်း၏ ဓာတ်ပညာ၊ စင်းစုသျှ' ၏ လက်နက်ပုန်း၊ နောက်ပြီး ဝါးစန်းဂိုဏ်း၏ သက်တောက်ပညာနဲ့ ပေါင်းလိုက်ရင် ကျုပ်မသေလို့ မရတော့ဘူးနဲ့ တူပါတယ်'

ကြယ်တံခွန်စော်ရဏ ပြုံးလိုက်သည်။

'မင်းကို ဘော်တယ်လို့ တစ်ခြားလူတွေက ပြောကြတယ်၊ ငါကတော့ မင်း မျက်လုံးမကောင်းဘူးလို့ ပြောချင်တယ်'

လုရှောင်ဖုန်းက....

'ဟုတ်လား'

ကြယ်တံခွန်စောရဏ...

'မင်းက သူတို့သုံးယောက်ရဲ့သိုင်းပညာနဲ့ သူတို့နဲ့ ပတ်သက်တဲ့ အကြောင်းကိုပဲ တွေ့တယ်၊ ဒီနေရာမှာ အလွန်ကြောက်စရာကောင်းတဲ့ လူ ဘစ်ယောက်ကို မင်းမှ မမြင်ဘဲကိုး'

လုရှောင်ဖုန်းက....

'ငါ မြင်ပါတယ်'

ကြယ်တံခွန်စောရဏ...,

'ငါ့ကို ထည့်ပြီး မတွက်တော့ဘူးလား'

လုရှောင်ဖုန်းက ခေါင်းခါယမ်းလိုက်သည်။

'ဟင့်အင်း'



ကြယ်တံခွန်စောရဏ....

'ဘာဖြစ်လို့လဲ'

လုရှောင်ဖုန်းက....

'ငါ့အမြင်မှာမင်းက ကြောက်စရာမကောင်းတဲ့အပြင် သိပ်ကို ချစ်ဖို့ကောင်းတဲ့ လူတစ်ယောက်'

ကြယ်တံခွန်စောရဏ ရယ်မောလိုက်လေသည်။

လုရှောင်ဖုန်းက....

'ငါ့ကို မင်းက ချစ်စရာကောင်းတယ်လို့ ပြောမယ် ထင်မိလို့လား'

ကြယ်တံခွန်စောရဏ....

'ချီချီဆိုတဲ့ မိန်းကလေးဟာ အလွန် ကြောက်စရာကောင်းတယ်လို့ မင်းက ယူဆမိလိမ့်မယ်လို့ ငါ မထင်မိပါဘူးကွာ'

လုရှောင်ဖုန်းက....

'သူလဲပဲ သိပ်ချစ်စရာကောင်းတယ်လို့ ငါသိပါတယ်ကွာ'

ချစ်စရာကောင်းသောလူသည် မျှားသောအားဖြင့် ကြောက်စရာကောင်းသည် မဟုတ်ပါလော။

ဤစကားကို ထင်ရှားယုံချင်မှယုံမည်။

သို့သော်....

သင်သည် လူတစ်ယောက်ကိုတစ်ယောက် တကယ်ချစ်မိသော အခါ သဘောပေါက် နားလည်လာမည် မုချ ဖြစ်ပေမည်။

ကြယ်တံခွန်စောရက....

'စကားတစ်ခွန်းကို ခင်ဗျား မကြားမိဘူးထင်တယ်'

လုရှောင်ဖုန်းက....

'ဘယ်စကားလဲ'

ကြယ်တံခွန်စောရက....

'လှလေ ခက်လေ အသက်ချွေ'

လုရှောင်ဖုန်းက ချီချီအား လှည့်ကြည့်လိုက်သည်။

သူက ခေါင်းသွင်သွင် ခါယမ်းလိုက်လေသည်။

'မိန်းက လူ့ရဲ့အသက်ကိုချွေနိုင်တဲ့ ပညာ ရှိလိမ့်မယ်လို့ မယုံပါဘူးဗျာ'

ချီချီက ပြုံးလိုက်သည်။

'ကျွန်မကိုယ် ကျွန်မလဲ မယုံဘူး'

သူမ၏အပြုံးသည် ပန်းများကဲ့သို့ လှသည်။

သူမ၏အသံသည် နားဝင်ချိုလွင်လှပေသည်။



သို့သော်....

သူမ၏ လှုပ်ရှားမှုသည် အဆိပ်ပြင်းသော မြွေတစ်ကောင် ထက်ပင် ကြောက်မက်ဖွယ်ရာ ကောင်းလေသည်။

သူမ၏လက်နက်မှာ သူမ ဆံထောသာပေါ်မှ ရွှေဆံထိုး ဖြစ်သည်။

လုရှောင်ဖုန်းက လက်ချောင်း နှစ်ချောင်းဖြင့် ညှပ်ယူရန် တန်ပြင်လိုက်သည်။

သူ၏ လက်ချောင်းနှစ်ချောင်းသည် သိုင်းလောကမှာ ပြိုင်ဘက်ကင်းသည်။

သို့သော်....

ယခုမှာမူ သူက လက်ချောင်းနှစ်ချောင်းထုတ်လိုက်ပြီးမှ ပြန်လည် ရုပ်သွားရလေသည်။

အကြောင်းမှာ ရွှေရောင်ဝင်းခနဲလင်းသွားသည်နှင့် သူသည် ရွှေဆံထိုးပေါ်၌ ဝင်းလက်နေသော အမျှင်ကလေး အများအပြား ပါရှိနေသည်ကို တွေ့ရလေသည်။

သူက လက်ချောင်းဖြင့် ညှပ်လိုက်လျှင် ရွှေဆံထိုးက အမှန်တကယ် ကျိုးသွားပေမည်။

သို့သော်....

ရွှေဆံထိုးပေါ်မှာ အဆိပ်ပါသော အမျှင်ကလေးများသည် သူ၏ လက်ချောင်းများသို့ စူးဝင်သွားမည် ဖြစ်လေသည်။

လုံရှေ့ဗဝ်ဖုန်းသည် ချိုချို၏ ရွှေဆံထုံးအား မည်ကဲ့သို့ ခုခံနိုင်မည်နည်း။

တိန်ရှမ်းရီ၏ ကံကြမ္မာ မည်ကဲ့သို့ ရှိမည်နည်း။

လုရှေ့ချောင်ဖုန်းသည် ကျောက်စိမ်းဆွဲပြားအား ရှာဖွေရယူနိုင်မည်လော....။

(ပထမပိုင်းပြီး၏။)

ဒုတိယပိုင်းဇာတ်သိမ်း-ကို ဆက်လက်ဖတ်ရှုကြပါရန်။

မိုးကျော်သူ